
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ကိုငြိမ်းဦး၏ စာအုပ်အမှတ်စဉ် ( ၁၈ )

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၀၄၀၁၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၆၆၀၂၀၉ |
| အုပ်ချုပ်ရေး | - | လှမော်သစ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | (၈၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းယု |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ခုနှစ်၊ မေလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၅.၈၃

ငြိမ်းဦး ၊ ကို

ဗီးနပ်စ်ဒဏ္ဍာရီ / ကိုငြိမ်းဦး ။ - ရန်ကုန်။

တော်ဝင်မြို့မစာအုပ်တိုက် ၊ ၂၀၀၉ ။

၁၇၂ - စာ၊ ၁၃ စင်တီမီတာ × ၂၀.၅ စင်တီမီတာ။

(၁) ဗီးနပ်စ်ဒဏ္ဍာရီ

## အခန်း (၁)

လမ်းပေါ်မှာ ဘောလုံးအကန်ကောင်းလို့ ကျွန်တော်တို့အဖွဲ့ ရပ်ကွက်ရုံးခန်းသို့လည်း ရောက်ခဲ့ပေါင်း များပြီဖြစ်သလို ရပ်ကွက်ထဲက လူတွေကလည်း ကျွန်တော်တို့ကို နှာခေါင်းရှုံ့ကြတာ များပါပြီ။ ဒါပေမယ့် ကျွန်တော်တို့အဖွဲ့ကတော့ လုံးဝမလျှော့ဘဲ လစ်လျှင်လစ်သလို အချိန်ပြည့်လျှင်ရသလို လမ်းပေါ်မှာ ဘောလုံးကန်စမြဲ ဖြစ်ပါတယ်။

ညနေစောင်းပြီဆိုတာနဲ့ ကျွန်တော်တို့အဖွဲ့ဟာ အိပ်မက်အဘိ ရှိလို့ အမည်ပေးထားတဲ့ လက်ဖက်ရည်ဆိုင်မှာ လူစုပြီး ပျဉ်တိုပျဉ်စကလေးများနဲ့ ရိုက်ထားဟဲ့ဂိုးတိုင်နှစ်တိုင်ကိုယူပြီး လမ်းမပေါ်မှာ ခင်းလိုက်ကြပါတယ်။

ဂိုးတိုင်လေးတွေက ပျဉ်တိုပျဉ်စကလေးတွေနဲ့ ရိုက်ထားဘယ်ဆိုပေမယ့် သေသေသပ်သပ်လေးတွေဖြစ်ပြီး ဂိုးတိုင်တွေရဲ့ နောက်ဖက်ပိုင်းကို ငါးဖမ်းပိုက်အစုတ်တွေနဲ့ ကာထားပေးလို့ အတော်ကလေးကို အဆင်ပြေပါတယ်။

ဂိုးတိုင်လေးတွေရဲ့ အကျယ်နဲ့အမြင့်ကတော့ သုံးပေ

www.burmeseclassic.com



နှစ်ပေလောက်သာရှိပါတယ်။ ဂိုးကျဉ်းတိုင်ကလေးတွေဖြစ်လို့ ကျွန်တော်တို့ကလည်း ပလပ်စတစ်ဘောလုံးသေးသေးနဲ့သာ ကစားကြပါတယ်။

ပလပ်စတစ်ဘောလုံးကလည်းဖြစ်ပြန် ကစားတာလည်း အရှိန်မြင့်လာရင် ခြေထောက် နှစ်ချောင်း အားရပါးရပြေးကျုံးလိုက်မိရင် ဘောလုံးဟာ ဖောင်းခနဲ အသံမြည်ပြီး ခဏ ခဏ ကွဲသွားတတ်ပါတယ်။

ကျွန်တော်တို့အဖွဲ့က ဖြစ်သလိုကန်တတ်တဲ့ကောင်တွေဆိုတော့ ဘောလုံးဘယ်လောက်ကွဲကွဲ၊ ဘယ်လောက်ပိန်ပိန် ရအောင်တော့ကန်ကြပါတယ်။ လုံးဝကန်လို့မရတော့တဲ့ အချိန်ကျမှ ဘောလုံးအသစ်တစ်လုံးကို ထပ်ဝယ်ကြပါတယ်။

တစ်ခါကတော့ ကျွန်တော်တို့အဖွဲ့ထဲက တရုတ်ကြီးက မြို့ထဲသွားရင်းနဲ့ အားကစားပစ္စည်းတွေရောင်းတဲ့ စတိုးဆိုင်က ရာဘာဘောလုံးတစ်လုံးကို ဝယ်လာဖူးပါတယ်။ ဘာပြောကောင်းလိုက်မလဲဗျ။ ဘောလုံးကလည်းကောင်းမှကောင်းဆိုတော့ ကျွန်တော်တို့အဖွဲ့ အသားကုန်ကျုံးလိုက်ကြတာ လမ်းဘေးအိမ်တစ်အိမ်က ပြတင်းမှန်တစ်ချပ်ကွဲသွားသလို၊ ကားတစ်စီးရဲ့ဘေးမှန်လည်း ကွဲအက်သွားပါတယ်။

ပြဿနာအကြီးအကျယ်တက်တော့ ကျွန်တော်ကပဲ အိမ်ပြန်ပြီး မေမေ့ဆီ ပိုက်ဆံတွေတောင်းပြီး ပြဿနာတွေကို ဖြေရှင်းလိုက်ရပါတယ်။ နောက်ပိုင်းမှာတော့ ကျွန်တော်တို့အဖွဲ့ဟာ တရုတ်ကြီးဝယ်လာတဲ့ ရာဘာဘောလုံးမျိုးနဲ့ မကစားတော့ဘဲ ဒုံရင်း ဒုံရင်းပဲဖြစ်တဲ့ ပလပ်စတစ်ဘောလုံးလေးတွေနဲ့သာ ပြန်ကစားခဲ့ကြပါတယ်။

ဩော် . . ဆောရီး . . . အခု ကျွန်တော် ပြောနေတာ ဘောလုံးပွဲအကြောင်းတွေ မဟုတ်ဘူးဗျနော် . . ကျွန်တော့်ရင်ထဲမှာ





သိပ်ကိုပြောပြချင်တဲ့ အကြောင်းအရာတစ်ခုရှိနေလို့ စကားချီးလုပ်ခဲ့နေတာ . . ။

စကားချီးလို့ပြောရမလား။ ဇာတ်လမ်းအစလို့ပဲ ပြောရမလားတော့ မသိပါဘူး။ ကျွန်တော့် နှလုံးသားဇာတ်လမ်းက ဒီလမ်းမပေါ်မှာ ကစားတဲ့ ဘောလုံးပွဲလေးကြောင့်ပဲ စခဲ့တာမို့ပါ။ ဇာတ်လမ်းအစလေးက ဒီလိုဗျ။

"ဟေ့ကောင် . . မြင့်မြတ်ဇော် . . ဘာကြောင်နေတာလဲ . . လာလေကွာ . . လူစုခွဲ ကြရအောင် . . ."

ကျွန်တော် အရင်းနှီးဆုံးသူငယ်ချင်း ဝင်းလွင်မောင်က လှမ်းခေါ်လိုက်မှ ဂိုးတိုင်တွေကို နေရာလိုက်ချရင်း ငိုင်နေတဲ့ကျွန်တော် လူစုခွဲဖို့ကိစ္စကို သတိရတာကြောင့်မို့ ဝင်းလွင်မောင်တို့အုပ်စုရှိရာသို့ ကျွန်တော်လျှောက်သွားလိုက်မိတယ်။

ဆောင်းဥတုရဲ့ညနေခင်းဖြစ်လို့ နေရောင်ကတော့ သိပ်မပူတော့ပါဘူး။ နည်းနည်းလည်း စောသေးလို့လား မသိဘူး။ လမ်းသွားလမ်းလာ၊ ရှုံးသွားရှုံးပြန်တွေ သိပ်မရှိဘဲ လမ်းကရှင်းနေတော့ ကျွန်တော်တို့အတွက် အဆင်ပြေပါတယ်။

လူခွဲကြတော့ ကျွန်တော်၊ ဝင်းလွင်မောင်၊ ပေသီး၊ တရုတ်ကြီးတို့က တစ်ဖက်။ မျိုးကျော်၊ ဇော်ထွေး၊ ကောင်းဆက်၊ ဒိုးကြီးတို့က တစ်ဖက်ပေါ့ဗျာ။ လူစုခွဲပြီးတာနဲ့ ကျွန်တော်တို့ ဘောလုံးစကန်ကြတယ်။ လမ်းမပေါ်မှာ ကျွန်တော်တို့ဘုပ်စုဟာ တစ်ဖက်ဂိုးကို ရောက်အောင် အတင်းဝင် အတင်းဖျက် အတင်းကန်စနစ်လား ဘာစနစ်မှန်းမသိတဲ့ စနစ်နဲ့ကန်ကြပါတော့တယ်။

ဘောလုံးဟာ ခေါင်းပေါ်တွေက ကျော်သွားလိုက်။ လမ်းပေါ်မှာ ရှပ်တိုက်သွားလိုက်။ ခြေထောက်တွေကြားက လိမ့်သွားလိုက်နဲ့ ဟိုဘက်ရောက်လိုက်၊ သည်ဘက်ရောက်လိုက် ဖြစ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကိုမြင့်မိုးဦး

# ပိုးနုပစ် ဒဏ္ဍာရီ

"ဟေ့ကောင် . . ဝင်းလွင် . . ဒီကိုပေး"

ကျွန်တော်လှမ်းအော်လိုက်တော့ ဝင်းလွင်မောင်က ဖော်ထွေးကို လိမ်ခေါက်ပြီး ကျွန်တော့်ဆီကို ဘောလုံးလှမ်းထိုးပေးပါတယ်။ ကျွန်တော်လည်း ကျွန်တော့်ခြေထောက်ထဲ ဘောလုံး ရလျှင်ရခြင်း ကောင်းဆက်ကို လိမ်ခေါက်လိုက်တယ်။

ပြီးတော့ ဒီကောင်တွေဘက်ကို အားရပါးရ ကျုံးကန်လိုက်တဲ့အခါ ဘောလုံးက ဒီကောင်တွေ ဂိုးတိုင်ပေါ်က သုံးပေလောက် မြင့်တက်သွားပြီး လမ်းတစ်ဖက်မှာရှိတဲ့ ခြံထဲကို ဘောလုံးက ဝေ့ပြီးဝင်သွားပါတော့တယ်။

"ဟေ့ကောင် . . ကရုတ်ကြီး . . ဘောလုံးက ဒေါ်သီတာတို့ခြံထဲ ဝင်သွားတာကွ . . မင်းသွားကောက်ကွာ . ."

ကျွန်တော်တို့အဖွဲ့ထဲက တရုတ်ကြီးဆိုတဲ့ကောင်က ကျွန်တော်တို့အထဲမှာ သဘောအကောင်းဆုံးဖြစ်သလို၊ ကျွန်တော်တို့အားလုံးရဲ့ အနှိပ်အစက်ကိုလည်း အခံဆုံးဖြစ်ပါတယ်။

ပြီးတော့ ဘောကောက်တာလည်း အလွန်တော်ပါတယ်။ ဘောလုံးဘယ်လောက် ဝေးဝေးကိုပင် လွင့်ထွက်သွားပါစေ သူက သွက်သွက်လက်လက် ပြေးကောက်နိုင်ပါတယ်။ ပြီးတော့ လွင့်ထွက်သွားတဲ့ဘောလုံးက တစ်ခါတလေ မြောင်းထဲကျလို့ ရွှံ့တွေဘာတွေပေလာလျှင်လည်း သူက ကျကျနန ရေတွေဘာတွေ ဆေးလာတတ်ပါတယ်။

"မင်းလိုကောင်မျိုးအတွက် အလုပ်မရှားဘူး တရုတ်ကြီး . . အောင်ဆန်းကွင်းတို့၊ သုဝဏ္ဏကွင်းတို့မှာ အလုပ်ကောင်းကောင်းရနိုင်တယ် . ."

"ဟာ . . ဒါ ဘာဟုတ်သေးလို့လဲ . . ဒေါ်လာနဲ့ မင်းလုပ်ချင်လည်း နိုင်ငံခြားကိုသွား . . မင်း အခုလို သွက်သွက်လက်လက်ဘောကောက်ပေးလို့ကတော့ ဘောကောက်ပါရဂူဆိုပြီး လခကောင်းကောင်းပေးမှာ သေချာတယ်"

ကျွန်တော်တို့ အဲဒီလိုဝိုင်းပြောတဲ့အခါ သည်ကောင် မျက်နှာကြီး နီလာတတ်ပါတယ်။

"တော်ပြီကွာ . . . မင်းတို့ ငါ့ကို အဲဒီလိုပြောရင် ငါဘယ်တော့မှ ဘောမကောက်ပေးတော့ဘူး . ."

"ဟာ . . . မလုပ်ပါနဲ့ ကိုဘောရယ် . . အဲ . . တရုတ်ကြီးရယ် . . တို့က မင်းကို ခင်လို့ စတာပါ . . နောက်ကို တို့ မနောက်တော့ပါဘူး . . ဒါပေမယ့် မင်းကိုတစ်ခုတော့ ချီးကျူးတယ် . . မင်းဟာ အပြေးမြန်တယ် . . သွက်လက်ဖျတ်လတ်တယ် . . ပြီးတော့ ဘောကန်တဲ့အခါ ဆိုရင်လည်း . ."

တရုတ်ကြီးက သူ့ကိုချီးမွမ်းတာတွေ ပြောလာတဲ့အခါ ပြုံးပြုံးဖြစ်လာပြီး ကောင်းဆက်ရဲ့စကားကို စိတ်ဝင်တစားနဲ့ နားထောင်နေပါတယ်။ ကောင်းဆက်က . . .

"လုံးဝ သုံးမရပေမယ့် . ."

"ဟေ့ကောင် . . ငါ ဂိုးဖမ်းတာ တော်တယ်လေကွာ . ."

"လုံးဝပဲ သူငယ်ချင်း . . ."

"ဒါဆို . . ရှေ့တန်းကွာ . ."

"အဲဒီ့နေရာမှာလည်း မင်း ပါရမီမပါဘူး . ."

"နောက်တန်းနဲ့အလယ်ထိန်းလည်း မဆိုးပါဘူးကွာ . . မင်းကသည်း . ."

"မင်း . . စိတ်မကောင်းဖြစ်မှာစိုးလို့ တို့ကောင်တွေ မပြောကာကွ . ."

"ဟင် . . . ဒါဆို ဘာကျန်တော့လို့လဲ"

"စိတ်မပျက်နဲ့ သူငယ်ချင်း . . . မင်းဟာ ဘောကောက်တဲ့



တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com



နေရာမှာတော့ ပါရမီပါတယ် . . အဲဒီဘောကောက်တဲ့အချိန်ပဲ မင်းနဲ့ ဘောလုံး ထိခွင့်ရတာကွ . ."

"ဟင် . . ."

ကောင်းဆက်စကားကြောင့် တရုတ်ကြီး စိတ်ဆိုးသွားပြီး ဘောလုံးလိုက်မကောက်တော့လို့ ကျွန်တော်တို့ ပြန်ချော့ရပါတယ်။ ဒါတောင် ဖိုးကြီးက မြှောက်သလိုလို ဘာလိုလိုနဲ့ ဝင်ပြောလိုက်ပါသေး တယ်။

"စိတ်တော့ မဆိုးနဲ့ သူငယ်ချင်း . . မင်းအခုလို ဘောလိုက် လိုက်ကောက်ပေးတော့ ငါတို့ မပင်ပန်းဖူးပေါ့ကွာ . . အဲဒီတော့ တို့ဂိုးတွေ များများသွင်းနိုင်တာပေါ့ . . . ဘာပဲပြောပြော . . . မင်း ကျေးဇူးကြောင့်ပဲပေါ့ကွာ . ."

တရုတ်ကြီးရဲ့မျက်နှာဟာ ချက်ချင်းကို ပြုံးဖြီးဖြီးပြန်ဖြစ်လာ ပါတယ်။ သည်ကောင်က အဲဒီလိုကောင်။ စိတ်ဆိုးလျှင်လည်း ခဏပဲ။ ယခုလည်း ဒေါ်သီတာတို့ခြံထဲ ဘောလုံးဝင်သွားလို့ ဒီကောင့်ကိုပဲ ဘောလုံးကောက်ခိုင်းမိကြပါတယ်။

"မဖြစ်ဘူးထင်တယ်ကွ . . . ဒေါ်သီတာကြီးက သူ့ခြံထဲ ဘောလုံးဝင်ကောက်တာ မကြိုက်ဘူး . . ဟိုတစ်ခါ ငါဝင်ကောက် တုံးက ငါ့ကို ကောပြီးပြီ . . နောက်ပြီး သူ့သမီးတွေကလည်း ငါ့ကို သိပ်ကြည်တာမဟုတ်ဘူး . . ဒီတော့ အဲဒီဘောလုံး အဆုံးခံလိုက် တော့ကွာ . . တို့ကောင်တွေ နောက်တစ်လုံးထပ်ဝယ်လိုက်တာပေါ့ . . ငါပဲ သွားဝယ်ပေးပါ့မယ် . ."

"ဟာ . . . ဒီဘောလုံးဝယ်တာ . . ဘာမှကြာသေးတာ မဟုတ်ဘူး . . နောက်ပြီး ဒေါ်သီတာတို့အိမ်နဲ့ မင်းက ရင်းနှီးတာပဲ . . သွားကောက်ပေးပါကွာ . ."

"ဟုတ်သားပဲကွာ . . . ဘောလုံးလေးတစ်လုံး ခြံထဲဝင် ကောက်ရုံနဲ့ ဘာမှဖြစ်သွားတာမှ မဟုတ်တာ . ."

အားလုံးက တစ်ယောက်တစ်ပေါက် ဝိုင်းပြောတော့လည်း ဒီကောင် မနေနိုင်တော့ဘဲ ဒေါ်သီတာ၏ အိမ်ခြံတံခါးကို ခပ်တည် တည်ပဲ ဖွင့်ဝင်သွားပါတယ်။ ဒါပေမယ့် ဒီကောင်က အချိန်တော် တော်ကြာတဲ့အထိ ပြန်ထွက်မလာပါဘူး။ ဒီကောင် ခြံထဲမှာ ဘာဖြစ် နေပါလိမ့်လို့ တစ်ယောက်တစ်မျိုး ထင်မြင်ချက်တွေ ဝိုင်းပေးကြပါ တယ်။

"ဘောလုံးပျောက်နေလို့များလား"

"မဟုတ်မှလွဲရော . . ဒေါ်သီတာ မိသွားလို့ အိမ်ထဲဝင်ပြီး ထိုင်ကန်တော့နေရပြီ လားမသိဘူး . ."

"မဖြစ်နိုင်ဘူးကွ . . ကန်တော့မယ်ဆိုလည်း . . အိမ်ထဲထိ ခေါ်ပြီး ဝင်စရာမလိုပါဘူး . . ငါ့စိတ်ထင်ပြောရရင် ဒီကောင့်ကို ဒေါ်သီတာ့သမီးအကြီးနဲ့ ပေးစားလိုက်ပြီထင်တယ်"

"ဟာ . . အဲဒီလိုတော့ မဖြစ်နိုင်ပါဘူးကွာ . . ပေးစားမယ့် ပေးစား သူ့သမီးတွေနဲ့ သူ ဘယ်ပေးစားမလဲ . . သူပဲ တရုတ်ကြီးကို ယူလိုက်မှာပေါ့ . . ."

"ဟင် . . အဲဒီလောက်တောင်မှပဲလား . . အင်း . . အဲဒါဆို ... တရုတ်ကြီးတော့ ထောပြီ . . ခေါင်ထိ အကုန် . . တစ်ယောက်ပြီး တစ်ယောက် . . ."

"ပေါက်ကရတွေကွာ . . ငါ့စိတ်ထင်တော့ . . တရုတ်ကြီး ... ဖက်ပေးတဲ့အနေနဲ့ တစ်ခုခုများ လုပ်ခိုင်းနေသလား . . ဥပမာ ... . . ထဘီလျှော်ခိုင်းတာတို့၊ ဘာတို့ပေါ့ . . ဒါမှမဟုတ်လည်း ... ဟိုဒင်းများ ပြုခိုင်းနေသလား"

"ဟေ့ကောင် . . ဘာလဲကွ . . ဘာ ဟိုဒင်းလဲ . ."

"ပန်းကန် . . အဲ . . ပန်းကန်တွေ ဘာတွေများ ဆေးခိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေသလား . ."

"အင်း . . ငါ့အထင်တော့ . . တို့ဘောလုံးက ဒေါ်သီတာ တို့ခြံထဲလည်းရောက်ရော ဘောလုံးမဟုတ်တော့ဘဲ ဘောပြားဖြစ် သွားလို့ ဖြစ်ရမယ် . ."

ကျွန်တော်တို့ ရယ်လိုက် ဟားတိုက်လိုက်လုပ်ရင်း ဒီကောင့် ကို စောင့်နေပေမယ့် ဒီကောင်က ထွက်မလာပါဘူး။ ကျွန်တော်တို့ လည်း သစ်ပင်တွေ၊ ခြုံပင်တွေအုပ်ဆိုင်းနေတဲ့ ဒေါ်သီတာတို့ ခြံဝင်း ထဲကို လှမ်းကြည့်ပြီး ဒီကောင့်ကို ရှာရပါတော့တယ်။ ဒါပေမယ့် ဒီ ကောင့်အရိပ်အခြည်ကို လုံးဝမတွေ့ရဘူး။

ဆယ်မိနစ်လောက်ကြာတော့ တရုတ်ကြီး ခြံထဲက ကုန်း ကုန်း ကုန်းကုန်းနဲ့ ပြန်ထွက်လာပြီး သူ့လက်ထဲမှာပဲ ဘောလုံးက ပါလာတယ်။

"ဟေ့ကောင် . . ကြာလှချည်လား . . ငါတို့က မင်းအဲ အိမ်မှာ အိမ်ထောင်တွေ ဘာတွေထောင်ကျနေပြီ အောက်မေ့တာ

"ဟီး . . ဟီး . ."

တရုတ်ကြီးက သူ့လက်ထဲက ဘောလုံးကို လမ်းပေါ်ပ ချရင်း စပ်ဖြဲဖြဲနဲ့ ရယ်လိုက်လို့ ကျွန်တော်တို့အားလုံး ကြောင်သွားကြ ပါတယ်။

"ဒီကောင် ဘာဖြစ်တာလဲ . . ဘာကြောင်တာလဲ . . ကေ . . ဒီကောင် ဘောကြောင်ကြောင်သွားတာပဲ ဖြစ်ရမယ်"

"ဟဲ ဟဲ . . ဒီလိုကွ . . ဒေါ်သီတာတို့ ခြံထဲ ဘောလုံး သွားတော့ ငါလည်းခြံတံခါးကို ခပ်တည်တည်ပဲ ဖွင့်ပြီးဝင်သွားလို တယ်"

"အဲဒါ တို့မြင်ပါတယ်ကွ . . လိုရင်းပဲ ပြောပါ . . ."

"အေး . . . ခြံထဲရောက်တော့ ငါလည်း ဝင်သွား





ဘောလုံးကို ကုန်းကုန်း ကုန်းကုန်းနဲ့လိုက်ရှာရတာပေါ့ကွာ . . ဟို ခြုံပင်အောက်ရောက်လည်းမရှိ . . . ဒီခြုံပင်အောက်ရောက်လည်း ဘောလုံးက မရှိ . . အဲ . . ခြုံတစ်ခုထဲမှာတော့ ကြောင်တစ်ကောင် အိပ်နေတာတွေ့တယ် . . ဒါနဲ့ ငါလည်း အဲဒီကြောင်ကို လျစ်လျူရှုပြီး တခြားနေရာတွေကို လိုက်ရှာရတာပေါ့ . . အဲဒီမှာလည်း ခွေးတစ် ကောင် အိပ်နေတာ တွေ့တယ်ကွ . ."

"ဟာ . . မင်း ဆယ်တန်းကို ဘယ်လိုအောင်လာသလဲ . . . လိုရင်းတိုရှင်းရေးသားနည်းဆိုတာ မင်း နားမလည်ဘူး . . စာစီစာကုံး ရေးသလို စကားပြောနေတယ် . ."

"ငါ ဆယ်တန်းတုန်းက မြန်မာစာ အမှတ်ကောင်းတယ်ကွ . . ခုနစ်ဆယ်တောင်ရတာ . . . အင်း . . စာစီစာကုံးတစ်ခုထဲက တင်"

"တော်စမ်းပါကွာ . . လိုရင်း ပြောကြစမ်း . ."

ဒီတော့မှ တရုတ်ကြီးက လိုရင်းတိုရှင်း ပြောချလိုက်ပါတယ်။

"ဟီး ဟီး . . ဒီလိုကွ . . အိမ်ထဲမှာ ကောင်မလေးတွေ ဘောင်းဘီတိုလေးတွေနဲ့ အေရိုးဗစ်ကစားနေကြတယ် . ."

"သြော် . . မင်းက အဲဒါ ချောင်းကြည့်နေတယ်ပေါ့ . ."

"အင်း . . ရေရေလည်လည် မိုက်တယ်ကွ . . မင်းတို့လည်း ဝင်ပြီးချောင်းကြည့်ပါလား . . ."

"မင်းကြီးတော် . . တို့ကို မင်းလိုပဲ နှာဘူးထင်လို့လား . ."

"မဟုတ်ဘူးကွ . . ဒါမျိုးက ကြည့်ရခဲလို့ကွ . . . မင်းတို့ နောက်တစ်ခါလောက် ခြံထဲကို ဘောလုံးရောက်အောင် ကန်ထည့်ကြ စမ်း . . ငါ သွားကောက်ပေးမယ် . ."

"ဟာ . . ဒီကောင် . . ."

"ဒါမှမဟုတ်လည်း . . ဒီတစ်ခါ ငါသွားမကောက်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



. . မြင့်မြတ်ဇော် . . မင်း ဝင်ကောက် . . . "

ကျွန်တော်လည်း တရုတ်ကြီးပခုံးကို ခပ်ဖွဖွ ပိတ်ထိုးလိုက်ပြီး ဘောလုံးဆက်ကစားဖို့ နှိုးဆော်လိုက်ပါတယ်။

"ထားလိုက်စမ်းပါကွာ . . . ကဲ . . . တို့ ဆက်ကစားကြရအောင် . . "

ကျွန်တော်တို့ ဘောလုံးဆက်ကစားကြပါတယ်။ ဒါပေမယ့် သိပ်မကြာခင်မှာပဲ ဘောလုံးဟာ ဒေါ်သီတာ၏ ခြံထဲသို့ နောက်တစ်ခေါက်အလည်ရောက်သွားပြန်ပါတယ်။ ဒီတော့မှ တရုတ်ကြီးက ဝမ်းသာအားရနဲ့ ပြောပါတယ်။

"ငွတ်ပဲကွာ . . ခြံထဲကို ဒါရိုက်ရောက်အောင် ကန်နိုင်တဲ့ ပေသီး . . သိပ်တော်တယ် . . ငါ သွားကောက်လိုက်ဦးမယ် . . "

ကျွန်တော်တို့အားလုံး တရုတ်ကြီးကို ဟျာဟျာသလဲ ဝိုင်းတားကြပါတယ်။

"တရုတ်ကြီး လုံးဝသွားမကောက်နဲ့တော့ . . ဒီကောင် ဝင်ကောက်ရင် ပေါ်မလာ ဇာတ်ကားပဲ ရိုက်နေဦးမှာ . . မြင့်မြတ်ဇော် . . မင်းသွားကောက်ကွာ . . မင်းဟာ ဒေါ်သီတာနဲ့ နည်းနည်းရင်းနှီးတယ် . . ပြဿနာဖြစ်စရာ မရှိဘူး . . "

နောက်ဆုံးတော့ သည်ကောင်တွေက ကျွန်တော့်ကိုပဲ ဘောလုံးသွားကောက်ခိုင်းပါတယ်။ ကျွန်တော်လည်း မငြင်းသာတော့လို့ ရင်တထိတ်ထိတ်နဲ့ပဲ ခြံတံခါးကို အသာကလေး တွန်းဖွင့်ပြီး ခြံထဲကို ဝင်လိုက်ပါတယ်။

ခြံဝင်းက အတော်ကျယ်ပြီး ခြံထဲမှာ သပြေပင် ခပ်လတ်လတ်တွေ စိုက်ထားပါတယ်။ သရက်ပင်ကြီးတွေနဲ့ နှင်းသီးပင်တွေကိုလည်း တွေ့ရပါတယ်။ အိမ်ကတော့ နှစ်ထပ်အိမ်ဗျ။

ကျွန်တော်လည်း ကိုယ်ကို ခပ်ကိုင်းကိုင်းလုပ်ပြီး ဘောလုံးတို





သိုက်ရှာမိပါတယ်။ အဲဒီတုန်းမှာပဲ အိမ်ဘက်ဆီက **သီချင်းသံခပ်**တိုးတိုးကို ကြားလိုက်ရပါတယ်။ ကျွန်တော့်အကြည့်ကလည်း ဘာရယ်မဟုတ်ဘဲ အဲဒီသီချင်းသံထွက်နေတဲ့ အိမ်ဘေးပြတင်းပေါက်ဘက်သို့ အကြည့်ရောက်သွားမိပါတယ်။

မြင်ကွင်းက အပင်တွေကွယ်နေသဖြင့် သိပ်တော့မရှင်းပါ။ သို့သော် အထဲမှာ ကောင်မလေးသုံးယောက် ကုန်းလိုက် ကွလိုက် အရိုးဗစ်ကစားနေသည်ကိုတော့ မြင်ရပါတယ်။

ဒေါ်သီတာ၏ သမီးနှစ်ယောက်ဖြစ်သည့် မို့မို့နှင့်ပို့ပို့ကိုတော့ ကျွန်တော်ကောင်းကောင်းသိပေမယ့် ကျန်နောက်တစ်ယောက်ကိုတော့ ကျွန်တော် မသိပါ။ မိန်းကလေးသုံးယောက်စလုံး အပေါ်မှာ ရှပ်ကျယ်ဝတ်ထားပြီး အောက်ကတော့ စက်ဘီးစီးအသားကပ်ဘောင်းဘီတိုကလေးတွေ ဝတ်ထားပါတယ်။

ဒေါ်သီတာရဲ့ သမီးနှစ်ယောက်ဖြစ်တဲ့ မို့မို့နဲ့ပို့ပို့ကို ကျန်တစ်ယောက်က ဆရာလုပ်ပြီး သင်ကြားပေးနေပါတယ်။ အဲဒီတစ်ယောက်ဟာ မို့မို့နဲ့ပို့ပို့ထက်လည်း အသက်ကြီးပုံရပြီးတော့ ကျွန်တော့်ထက်လည်း အသက်ကြီးပါလိမ့်မယ်။

ကေန္တ အဲဒီမမဟာ အရိုးဗစ်နည်းပြဆရာမပဲ ဖြစ်လိမ့်မယ်။ အဝတ်အစားလွတ်နေတဲ့ ပေါင်တံတစ်ဝက်လောက်ကနေ ခြေသလုံးထိ မြင်နေရတဲ့ အလှအပတွေဟာ တင့်တယ်နေပေမယ့် မမရဲ့ အလှဟာ မို့မို့တို့ညီအစ်မနှစ်ယောက်ထက် ပိုလှတယ်လို့ ကျွန်တော်ထင်ပါတယ်။

အရိုးဗစ်မမက ဟိုညီအစ်မနှစ်ယောက်ထက် အနည်းငယ်ရှည်လျှပြီးတော့ ကျောလယ်လောက်ထိရောက်မယ့် ဆံပင်တွေကို နောက်ဖက်မှာ စုစည်းထားလို့ မျက်နှာကလေးက ရှင်းသန့်နေပါတယ်။ ကျွန်တော်လည်း မြင်ကွင်းပိုရှင်းတဲ့နေရာကို ပြောင်းလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့ အေရိုးဖစ်ကစားပုံကို ငေးကြည့်နေမိပါတော့တယ်။

မမက ကုန်းလိုက် ကွလိုက်၊ ကော့လိုက်လုပ်ရင်း ကကွက်ေ ကို သင်နေတော့ ကျွန်းမာသန်စွမ်းတဲ့ မိန်းမတစ်ယောက်ရဲ့ ေ ာက်ကြောင်းတွေက ပိုပြီးပီသလာတယ်။ ကျွန်တော်လည်း ခြံထဲ ဝင်ပြီး ဘောလုံးကောက်တဲ့အဖြစ်ကို မေ့သွားမိပါတယ်။

"မြင့်မြတ်ဖော် ခင်ဗျား . . လမ်းမပေါ်မှ ဘောလုံးအသင်း သို့ အမြန်ဆုံးလာရောက် ဆယ်သွယ်ပါရန် . ."

"ပေါ်မလာဖာတ်ကားရိုက်နေသော မြင့်မြတ်ဖော် ခင်ဗျား . . လူကြီးမင်းကြောင့် ကျွန်တော်တို့ ဘောလုံးအသင်း အနားရချိန် တွေ အတော်များနေပါပြီ . . ."

"တရုတ်ကြီးနဲ့ တစ်ဂိုဏ်းတည်းဖြစ်သွားတဲ့ မြင့်မြတ်ဖော် ခင်ဗျား . . နွာဘူးအသင်းဖွဲ့ရန် အမြန်ဆုံးလာရောက်ဆက်သွယ်ပါ

ဗုဒ္ဓေါ။ ဟိုကောင်တွေ အသံပါလား။ မတော်တဆ အေရိုးဖ မမတို့ ကြားသွားရင် ကျွန်တော် ဒုက္ခတွေ့နေလိမ့်မယ်။ ဒါကြောင့် ကျွန်တော်လည်း အိမ်ပြတင်းပေါက်ကို ကျောပေးပြီး ပျောက်နေ ဘောလုံးကို မျက်စိဝေ့ပြီး ရှာရပါတော့တယ်။ နောက်တော့ ဘော ကို သရက်ပင်အောက်မှာ တွေ့လို့သွားကောက်ပြီး ခြံပြင်ကို ထွက်ခဲ့ တော့တယ်။

"ဪ . . ကိုယ်တော်ချောက အခုမှ ပေါ်လာတယ် . . ဘယ့်နှယ်လဲ . . အားရပါးရ ဘူးခဲ့ . . အဲ . . အားရပါးရ ကြည့်ခဲ့ လား"

ကျွန်တော်လည်း ဘောလုံးကို ဝင်းလွှင်ဆီပစ်. . လိုက် ဒီကောင်တွေကို အရှက်ပြေ သွားဖြီးပြလိုက်ပါတယ်။ အဲဒီတော့ တရုတ်ကြီးက ပြုံးပြီး ကျွန်တော့်အနားရောက်လာတယ်။

"ဟေ့ကောင် ဘယ့်နှယ်လဲ . . ဟဲ ဟဲ"





"အေးကွ . . ."

"ရေရေလည်လည် မိုက်တယ် မဟုတ်လား . . ."

"အင်း . . ."

"မင်းတို့နှစ်ယောက်ကတော့ တစ်ဂိုဏ်းတည်း ဖြစ်သွားကြ ပြီကွာ . . . နွာဘူးအသင်းသာ အမြန်ဆုံးဖွဲ့လိုက်ကြတော့ . ."

"နေဦးကွ . . မင်းတို့ကို ငါမေးစရာ ရှိတယ် . . ဒေါ်သီတာ မှာ သမီးဘယ်နှယောက် ရှိသလဲ . . မင်းတို့သိလား . ."

"နှစ်ယောက်တည်းလေကွာ . . မို့မို့နဲ့ပို့ပို့လေ . ."

"ဒီကောင် ဘာကြောင်နေတာလဲ"

"ဒီလိုကွ . . . အထဲမှာ အေရိုးဖစ်ကစားနေတာက သုံး ယောက်ကွ . . အဲဒီ့အတိုင်းဆို ငါ ထင်တာမှန်လိမ့်မယ် . . အဲဒီ့ အေရိုးဖစ်ဆရာမက မို့မို့တို့အစ်မ လုံးဝမဖြစ်နိုင်ဘူး"

"ကဲပါကွာ . . တို့ဘောလုံးပွဲ ပြန်စရအောင် . . ဟေ့ . . တစ်ခါတော့ ဘောကန်ရင် ထိန်းထိန်းသိမ်းသိမ်းကန်ကြကွာ . . . ဖြစ်နိုင်ရင် ဒေါ်သီတာ့ခြံဘက်ကို လုံးဝမကန်မိစေနဲ့ . . ."

ကျွန်တော်နဲ့တရုတ်ကြီးကတော့ စပ်ဖြီးဖြီး ဖြစ်နေမိပါတယ်။ နောက်တော့ ကျွန်တော်တို့ ဘောလုံးပြန်ကန်ကြတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်က ဘောလုံးကို မရောက်ဘဲ အေရိုးဖစ်မမရဲ့ကကွက် တွေကိုပဲ ရောက်နေလို့ ဘောပွဲထဲမှာ အမှားအယွင်းတွေ များလာ တယ်။ အဲဒီ့တုန်းမှာပဲ တရုတ်ကြီးက ကျွန်တော့်အနားရောက်လာ ပြီး ခကားခပ်တိုးတိုး လာပြောတယ်။

"ဟေ့ကောင် မြင့်မြတ်ဖော် . . မင်း အခွင့်အရေးရရင် ဟိုခြံ ထဲကို ဘောလုံးတစ်လုံးလောက် ကန်ထည့်လိုက်စမ်းကွာ . . ငါ သွား ကောက်ပေးမယ် . . ဟဲ ဟဲ . . အင်း . . အခုမှပဲ . . ဘောကောက် ရသာ ခံစားလိုက်ရတော့တယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်တွေ တို့ကို ဆဲလိမ့်မယ်ကွ . . တော်ပြီ . . အင်း . . ဘောလုံးပွဲပြီးရင် မင်းနဲ့ငါ တိုင်ပင်စရာလေးတွေရှိတယ်ကွ . . တို့နှစ်ကောင် လက်ဖက်ရည်ဆိုင်သွားထိုင်ကြရအောင် . . ."

နောက်တော့ နည်းနည်းမှောင်လာတော့ ဘောလုံးပွဲကို သိမ်းလိုက်ကြတယ်။ ကျွန်တော်၊ ဝင်းလွင်မောင်နဲ့ တရုတ်ကြီးကတော့ အိမ်မပြန်သေးဘဲ အိပ်မက်ဇာတ်ရုံလက်ဖက်ရည်ဆိုင်မှာ သွားထိုင်ကြတယ်။ လက်ဖက်ရည် မှာပြီးပြီးချင်း ကျွန်တော်က တရုတ်ကြီးကို ပြောလိုက်မိတယ်။

"ငါတော့ အေရိုးဇစ်မမကို စိတ်ဝင်စားသွားပြီကွာ . ."

"ဟင် . . အေရိုးဇစ်မမ ဟုတ်လား"

"အေး . . သိပ်လှတာပဲကွာ . . ငါတော့ မြင်မြင်ချင်းကို ကြိုက်သွားပြီ . . မင်းလည်း မမကို တွေ့ခဲ့တယ်မဟုတ်လား"

"မင်း ဘာတွေပြောနေတာလဲ မြင့်မြတ်ဇော် . . အေရိုးဇစ် ကစားနေတာ နှစ်ယောက်ထဲပါ . . မို့မို့နဲ့ပို့ပို့နှစ်ယောက်ထဲပါ . . ဘယ်က အေရိုးဇစ်မမက ရောက်လာတာလဲ . . ဧကန္တတော့ မင် သရဲခြောက်ခံလာရပြီ ထင်တယ်"

သည်တော့ ကျွန်တော်လည်း ဇဝေဇဝါဖြစ်သွားတယ်။ ဒါ မယ့် ကျွန်တော့်မျက်စိ မမှားပါဘူး။ ဒါကြောင့်မို့ ဖြစ်နိုင်မယ့်အရာ စဉ်းစားရပါတော့တယ်။ အေရိုးဇစ်မမနဲ့ မို့မို့တို့ညီအစ်မ အေရိုးဇ ကစားနေတာကို ကျွန်တော် အသေအချာတွေ့ခဲ့ပါတယ်။

တရုတ်ကြီးကတော့ အေရိုးဇစ်မမကို မတွေ့ခဲ့တာက မ ရေသွားသောက်နေလို့ပဲ ဖြစ်ဖြစ်၊ ရှူးရှူးသွားပေါက်နေလို့ပဲ ဖြစ်ဖြ ထိုင်နေလို့ပဲဖြစ်ဖြစ် ဖြစ်ရပါလိမ့်မယ်။

အဲဒီ အေရိုးဇစ်မမက ဘယ်သူလဲ။ ဘယ်ကလဲ . . မို့မို့ ဘာတော်သလဲ။ အဲဒီ အိမ်ကို နေ့တိုင်းလာလေ့ရှိသလား။ ကျွန်

စဉ်းစားနေမိပါတယ်။ ဒေါ်သီတာမှာ သမီးနှစ်ယောက်တည်းသာ ရှိတယ်လို့ ကျွန်တော်တို့ သိထားပါတယ်။ သို့ပေမယ့် သေချာပေါက် လည်း မပြောနိုင်ပါ။

"ဟေ့ကောင်တွေ . . မင်းတို့တခြား အကြောင်းပြောကြကွာ"

"မင်း အသာနေစမ်း ဝင်းလွင် . . . ငါ တရုတ်ကြီးနဲ့ ဒီ အကြောင်းတွေ ဆွေးနွေးစရာရှိတယ် . ."

"အေး . . ဟုတ်တယ်ကွ . . ဒီကောင် မြင့်မြတ်ဇော် ပြော တာမှန်တယ် . . ငါလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ် . . ငါ မို့မို့ကို ကြိုက်သွားပြီ . . ရအောင်လိုက်တော့မယ်"

"ဟင် . . ဘယ်လို ဖြစ်သွားပါလိမ့်"

ဝင်းလွင်မောင်က ခေါင်းကုတ်ပြီး ပြောပါတယ်။ ကျွန်တော် ကတော့ တရုတ်ကြီးစကားကြောင့် ပြုံးမိသွားတယ်။

"ရုတ်တရက် ပြုန်းစားကြီးပါလား တရုတ်ကြီး . . အရင် ကတော့ မင်းပဲ . . မို့မို့က အသားညိုတယ်လေး . . မျက်ခုံးထူ တယ်လေး ဘာလေး လုပ်နေပြီးတော့ . . ."

"အရင်ကတော့ မျက်နှာပဲ မြင်ဖူးတာကိုးကွ . ."

"အံ့ဩဖွယ်ရာ အချစ်ပါလား"

"ဟေ့ကောင် မြင့်မြတ်ဇော် . . မင်းရော . . အငယ်မပို့ပို့ကို ကြိုက်သလား"

"ငါ အေရိုးဇစ်မမကို စိတ်ဝင်စားနေပြီကွ . . ."

"ဟေ . . ."

မိန်းမတစ်ယောက်ကို တစ်ခါပဲတွေ့၊ တစ်ခါတည်းနဲ့ချစ် နိုင်သည်ဆိုတာ ဟုတ်ပါသလား။ ကျွန်တော့်စိတ်ထဲမှာတော့ ဆန်းတဲ့ ခံစားမှုတစ်မျိုးကို ခံစားနေရပါတယ်။

ကျွန်တော်က ဝင်းလွင်မောင်နဲ့တရုတ်ကြီးကို မမရဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com





သဏ္ဍာန်နဲ့ ရုပ်ရည်ကို အကြမ်းဖျဉ်း ပြောပြလိုက်မိတယ်။

အဲဒီ့တုန်းမှာပဲ လက်ဖက်ရည်ဆိုင်ရှေ့က မိန်းကလေး တစ်ယောက်ဖြတ်လျှောက်သွားပါတယ်။ ကျွန်တော်လည်း ရင်ထဲထိတ်ခနဲဖြစ်သွားပြီး အဲဒီမိန်းကလေးကို သေသေချာချာကြည့်လိုက်တဲ့အခါ . . ဟုတ်ပါတယ် မမှားပါဘူး . . မို့မို့တို့ညီအစ်မကို အေရိုးဗစ်သင်ပေးနေခဲ့တဲ့ အေရိုးဗစ်မမပါပဲ။

"ဟော့ကောင်တွေ . . ငါပြောတဲ့ အေရိုးဗစ်မမဟာ . . . ဟိုဟာပဲ . ."

အခုကျတော့လည်း မမဟာ အပေါ်ကတီရှပ် . . အောက်က ဂျင်းဘောင်းဘီနဲ့ယဉ်ယဉ်လေး လှနေပါတယ်။

"တရုတ်ကြီး . . . မင်း ငါ့ကိုတစ်ခု စုံစမ်းပေးစမ်းကွာ . . အဲဒီ့မမနဲ့ မို့မို့တို့ ဘယ်လို ပတ်သက်သလဲဆိုတာရယ် . . မမဘာလဲ ဆိုတာရယ် . ."

"မြတ်စွာဘုရား . . ဒါတွေငါက ဘယ်လိုလုပ် စုံစမ်းရမှာလဲ"

"မို့မို့ဆီကပေါ့ကွ . . မင်းနဲ့မို့မို့တို့ ညီအစ်မနဲ့ ရင်းနှီးတယ် မဟုတ်လား . . နောက်ပြီး မင်းသတင်းစာ ပို့နေတဲ့အိမ်ပဲ . ."

"ဒုက္ခပါပဲကွာ . . ငါတောင်မှ မို့မို့ကို ကြိုက်သွားပေမယ့် . . ဘာဆက်လုပ်ရမှန်းမသိလို့ ခေါင်းကိုက်နေရတဲ့အထဲ . ."

မမကတော့ ခပ်သွက်သွက်ပဲ လမ်းလျှောက်နေရင်း တက္ကစီတစ်စီးကိုတားစီးပြီး ကျွန်တော်တို့မြင်ကွင်းထဲက ပျော သွားပါတော့တယ်။



လမ်းထိပ်က ညောင်ပင်ကြီးအောက်မှာ အကြော်တဲကလေးက သပ်သပ်ရပ်ရပ်လေး ရှိနေပါတယ်။ တဲရဲ့အပြင်ဘက် မြေပြင်ပေါ်မှာတော့ ပလပ်စတစ်စားပွဲ ငါးလုံးချထားပြီးတော့ ထိုင်ခုံလေးတွေကို စားပွဲတွေမှာ ဝန်းရံချထားပါတယ်။ ညောင်ပင်ကြီးရဲ့အရိပ်ကြောင့် အကြော်တဲကလေးဟာ အေးမြငြိမ်းချမ်းနေပါတယ်။

ကျွန်တော်က ပြိုင်စက်ဘီးကလေးကို မြေနီလမ်းကလေး အတိုင်းစီးဝင်ပြီး အကြော်တဲရှေ့မှာ ရပ်လိုက်ပါတယ်။ ကျွန်တော့် စက်ဘီးမှာ ဒေါက်မပါတဲ့အတွက် စက်ဘီးကို မြက်ခင်းဘေးမှာပဲ လှဲချထားလိုက်တယ်။

"ဟော . . မြင့်မြတ် . . ဘယ်ကလှည့်လာတာလဲကွယ် . . လာ . . အကြော်စားဦး"

ဝင်းလွင်မောင်ရဲ့မိခင် ဒေါ်မိမိက အကြော်ကြော်နေရာမှ ကျွန်တော့်ကိုလှမ်းနှုတ်ဆက်တယ်။ ကျွန်တော်လည်း ဒေါ်မိမိကို တုံ့ပြန်ပြုံးရင်း အကြော်တဲထဲကို မျက်စိဝေ့ကြည့်လိုက်တဲ့အခါ ဝင်းလွင်မောင်က ရေနွေးကြမ်းပန်းကန်တွေဆေးနေတာကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီနေ့ လူရှင်းလှချည်လား . . အမေ . . စနေနေ့မို့လား မသိဘူးနော် . .”

“အေးကွယ့် . . ဒီနေ့ လူရှင်းတယ် . . လာ . . ထိုင် . . အကြော်ယူစား . .”

ကျွန်တော်လည်း အကြော်ဘဲထဲ ခေါင်းငုံ့ဝင်ပြီး ဒေါ်မိမိ ဘေးမှာ ဝင်ထိုင်ရင်းနဲ့ အကြော်ဗန်းထဲက ကြက်သွန်ကြော်တစ်ခုကို ယူစားလိုက်ပါတယ်။ အဲဒီအခါမှာ လျှာကြွပ်နေအောင်ပူသွားလို့ ပါးစပ်ထဲကအကြော်တွေကို ပါးစောင်ထဲမှာ ဟိုဘက် ဒီဘက် နေရာ ပြောင်းရင်း တရှူးရှူးနဲ့ဖြစ်သွားမိပါတယ်။

“ကြက်သွန်ကြော်က အခုမှကြော်ကာစကွယ့် . . အရမ်းပူ[illegible] သွားတယ်ထင်တယ် . . သွား . . ဟိုမှာ ရေသွားသောက်လိုက်”

“ရတယ် . . အမေ . . ဖူး . ဖလူး . . ပူပူလေး ကြွပ်ကြွပ် လေးဆိုတော့ ပိုစားလို့ကောင်းတယ် . . ရှလွတ် . . ဖူး . .”

ဝင်းလွင်မောင်က ပန်းကန်ဆေးနေရာက လှမ်းပြောပ တယ်။

“လျှာကြွပ်သွားရင် . . အဲဒီလျှာကိုပါ ထည့်ဝါးလိုက်ပေါ့ကွာ”

“ဟေ့ကောင် . . ငါ ဝင်ဆေးပေးမယ်”

“လုပ်မနေနဲ့ မြင့်မြတ် . . သူဌေးသားက သူဌေးသားနေရာ မှာ နေစမ်း . .”

“အဓိပ္ပါယ်မရှိတာကွာ . . တို့ကောင်တွေက သူငယ်ချင်း တွေလေ . . မဆိုင်တာတွေ မပြောစမ်းပါနဲ့ . .”

ကျွန်တော်က ဝင်းလွင်မောင်ဘေးမှာ ဝင်ထိုင်ပြီးတော့ ပန်းကန်တချို့ကို အတင်းဝင် ဆေးမိပါတယ်။ တကယ်ကတော့ ဝင်းလွင်မောင်ပြောတာ ဟုတ်ပါတယ်။ ကျွန်တော်တို့သူငယ်ချင်းတွေ တဲ့မှာ ကျွန်တော်ကသာ အချမ်းသာဆုံးဖြစ်ပြီးတော့ အဆင်းရဲဆုံး

ကတော့ ဝင်းလွင်မောင်ပဲပေါ့ . .။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း ကျွန်တော့်လို ဘဝတူ သူဌေးသားတွေနဲ့မပေါင်းဘဲ သည်သူငယ်ချင်းတွေကိုသာ ပေါင်းခဲ့တဲ့ ကောင်ပါ။

သည်ကောင်တွေက ကျွန်တော့်ငယ်သူငယ်ချင်းတွေဆိုလည်း မမှားပါဘူး။ သူငယ်ချင်းတွေ ပေါင်းသင်းတဲ့အခါ ဆင်းရဲတာ၊ [illegible]သာတာ၊ ပညာတတ်တာ၊ မတတ်တာတွေ ထည့်စဉ်းစားစရာ [illegible]ိုပါဘူး။

အခု ဝင်းလွင်မောင်ရဲ့ မိသားစုကိုပဲကြည့်။ ဝင်းလွင်မောင် [illegible] အဖေမရှိတော့ဘူး။ အမေနဲ့ညီတစ်ယောက်နဲ့ဆိုတော့ မိသားစု [illegible]းယောက်။ အရင်က သူ့အဖေရှိတုန်းကတော့ စီးပွားရေးအဆင်ပြေ[illegible]ပေမယ့် သူ့အဖေဆုံးပြီး နောက်ပိုင်းမှာ စီးပွားရေးကြပ်လာပုံရလို့ [illegible]ကြော်ထွက်ရောင်းရရှာပါတယ်။

ဝင်းလွင်မောင်ရဲ့အမေ ဒေါ်မိမိကတော့ ကျွန်တော့်ရဲ့ [illegible]ထိုးနိုင်ပုံကိုသိထားလို့ ကျွန်တော့်လုပ်ရပ်ကို မပြောဘဲ ခပ်[illegible]သာ ကြည့်နေပါတယ်။ ခဏနေတော့မှ ဝင်းလွင်မောင်ကို [illegible]မ်းပြောပါတယ်။

“သားရေ . . . မေမေ့ကို ဈေးခဏပြေးပေးဦး . . ဒီမှာ [illegible]သီးကုန်တော့မယ် . . . ဘူးသီးတစ်လုံး ဝယ်လာခဲ့ . . နောက်ပြီး [illegible]ားပဲ တစ်ပိဿာပါ ဝယ်လာခဲ့ . . .”

ဝင်းလွင်မောင်က ဆေးလက်စ ပန်းကန်တွေကိုချပြီး လက် [illegible]တယ်။

“ဆေးလက်စနဲ့ မင်းပဲခဏဆေးထားပေးကွာ . . . ပြီးသ [illegible]က်တော့ရှိပြီ . . ငါ ဈေးကိုခဏပြေးလိုက်ဦးမယ် . . မင်း [illegible] ခဏယူသွားလိုက်မယ် . . .”

ဇော် ဝင် မြို့ မ စာ အုပ် တိုက်

ဇော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အေး . . ငါ ဒီမှာ လုပ်စရာရှိတာတွေ ကြည့်လုပ်ထားလိုက်မယ် . . "

ဝင်းလွင်မောင် ကျွန်တော့်စက်ဘီးစီးသွားပြီး မကြာမီမှာပဲ ဒေါ်မိမိကလည်း ကျွန်တော့်ကိုလှမ်းပြောပြန်တယ်။

"သားရေ . . မြင့်မြတ် . . အမေ . . . အိမ်ခဏပြန်လိုက်ဦးမယ် . . သား ဆိုင်ခဏ စောင့်ထားပေးနော် . . ဝယ်သူလာရင်လည်း ကြည့်သာရောင်းထားပေးလိုက် . . မင်းလည်း ဈေးနှုန်းတွေ သိနေတာပဲ . . . "

"ရတယ် အမေ . . ကျွန်တော် ကြည့်လုပ်ထားလိုက်မယ် . . ပြီးတော့ ကြော်လည်း ကြော်ထားလိုက်မယ် . . . "

"မင်းက ကြော်တတ်လို့လား . . "

"တတ်ပါတယ် အမေရ . . . ဟိုတစ်ခါလည်း ဝင်းလွင် ကျွန်တော် ဝိုင်းကြော်နေကြတာပဲ . . . "

"အေးအေး . . ဒါဆိုလည်း အမေ သွားမယ်နော် . . မကြာဘူး . . ချက်ချင်းလာခဲ့မယ်"

တကယ်ကတော့ အကြော်ကြော်တယ်ဆိုတာ လွယ်မယောင်နဲ့ခက်တယ်။ ဘူးသီးကြော် ဆိုရင်လည်း ဘူးသီးအလျောက်။ ဗယာကြော် ဆိုရင်လည်း ဗယာကြော်အလျောက် ခက်တာပဲ။ ဒါပေမဲ့ မြင်နေတွေ့နေတော့လည်း သိပ်မခက်တော့ဘူး။

ဒီတော့ ကျွန်တော်လည်း ဆေးပြီးသွားတဲ့ ရေနွေးပန်းကန်တွေကို စားပွဲတွေမှာ လိုက်ချတယ်။ ပြီးတော့ အကြော်ဒယ်ဘေး ဝင်ထိုင်ပြီး ဒေါ်မိမိကြော်လက်စအကြော်တွေကို ကြော်နေမိတယ်။

အမှန်ကတော့ ကျွန်တော့်ပုံသဏ္ဍာန်နဲ့ အကြော်ကြော်နေတာကတော့ ထောင့်မကျိုးဖြစ်နေပါလိမ့်မယ်။ အောက်က ဂျင်းဘောင်းဘီ၊ အပေါ်က တီရှပ်။





ကျွန်တော့်လက်မှာလည်း စတီးကွင်းတွေ၊ ပုတီးကွင်းတွေ ဝတ်ထားသေးတယ်။ ပြီးတော့ ကျွန်တော်က နားလည်းဖောက်ထား ပြီး နားကပ်တစ်ဖက်လည်း တပ်ထားသေးတယ်။

ဖေဖေကတော့ ကျွန်တော် နားဖောက်တာကို ပြင်းပြင်း ထန်ထန်ဝေဖန်ပေမယ့် မေမေကတော့ သဘောတူအားပေးပါတယ်။

"မောင်ကလည်း . . ခေတ်လူငယ်ပဲ ဥစ္စာ . . သားရဲ့အကျင့် စရိုက်ကောင်းနေရင် တော်ပြီပေါ့ . . . နောက်ပြီး ရှေးခေတ် ယောကျ်ားကြီးတွေဆိုရင်လည်း သားလိုပဲ နားကပ်တွေ . . . နား ကွင်းတွေနဲ့ . . . "

"အဲဒါ ခက်တာပေါ့ . . အခု မမသား နားဖောက်ထားတာနဲ့ ရှေးခေတ်မြန်မာ ယောကျ်ားတွေ နားဖောက်တာ မတူဘူးလေ . . နောက်ပြီး နားကပ်ပုံသဏ္ဍာန်လည်း မတူဘူး . . တို့မျက်စိထဲ မှာတော့ အဲဒီလို နားတစ်ဖက်တည်းဖောက်ပြီး နားကပ်သေးသေး လေးတွေ တပ်ထားတဲ့ ကောင်လေးတွေကို မြင်ရင် လုံးဝကြည့်မရဘူး . . . ဟောကောင် မြင့်မြတ် . . . မင်းဘာသာ နားဖောက်တာကိုတော့ ဖေဖေ အပြစ်မပြောတော့ဘူး . . . ဒါပေမယ့် ဖေဖေ့ အလုပ်ထဲကို တော့ အဲဒီနားကပ်နဲ့တော့ မလာပါနဲ့ကွာ . . . "

ကျွန်တော့်ရဲ့တစ်ဦးတည်းသော ညီမဖြစ်တဲ့ လဝန်းညိုညိုက တော့ လုံးဝအားပေးပါတယ်။

"သိပ်မိုက်တယ် ကိုကို . . . ကောင်းတယ် . . . လဝန်းရဲ့ ယောကျ်ားလေးသူငယ်ချင်းတွေလည်း အဲဒီလိုပဲ နားဖောက်တယ် သူတို့က ပြောတယ်သိလား . . ဖောက်လို့ရတာမှန်သမျှ ဖောက်မှာ . . . "

"ဟဲ့ . . ဘာလဲဟာ . . သူတို့စကားကလည်း အရင်းမရှိ အဖျားမရှိ . . တို့ယောကျ်ားလေးတွေအတွက် နားအပြင် ဖောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဘာရှိသေးလို့လဲ . . "

"နားကိုပဲ ပြောတာပါ ကိုကိုရဲ့ . . . ဖေယျာထွင့်ဆိုရင်လေ . . နားမှာချည်း သုံးပေါက်လောက် ထောက်ထားတယ် . . . ဟင် ဟင်း"

အဲဒီ့လောက်ကြီးတော့ ကျွန်တော် မရဲသလို ဖောက်လည်း မဖောက်ချင်ပါ။ သည့်တစ်ပေါက်လေးတောင်မှ ပေသီးတို့ ဆတ်ဆော လို့ ဖောက်ဖြစ်သွားတာ။ အကြော်တွေကြော်နေရင်းက ကျွန်တော် တစ်ယောက်တည်း တွေးမိနေတုန်း ချိုလွင်တဲ့ မိန်းကလေးအသံလေ ကျွန်တော့်နောက်က ရုတ်တရက်ပေါ်လာတယ်။

"ဘူးသီးကြော် ရလားဟင် . . "

ကျွန်တော်လည်း နောက်ဖက်ကို ဆတ်ခနဲကြည့်လိုက်တယ် ဗုဒ္ဓေါ . . မြတ်စွာဘုရား။ မမပါလား . . အရှေ့ဗစ်မမဟာ အခြေ မိန်းကလေးတစ်ယောက်နဲ့ ဆိုင်ရှေ့မှာ ရပ်နေပါတယ်။ မမဟာ အပြာ ရောင်စတိုင်ဘောင်းဘီနဲ့ အနက်ရောင်တီရှပ်ကို ဝတ်ထားပါတယ်

"ဟာ . . ရပါပြီ . . ရပါပြီ . . ဆိုင်မှာ စားမှာလား . ပါဆယ်ဝယ်မှာလား . . ခင်ဗျာ"

"ဆိုင်မှာစားမှာ . . "

"ဒါဆိုလည်း ထိုင်ပါခင်ဗျာ . . "

ကျွန်တော့်ရင်တွေ ခုန်လာပါတယ်။ ယခုလို ညနေစောင်း အလင်းရောင်မှာ မမရဲ့အလှဟာ ပိုပြီးပီသနေပါတယ်။ ကျွန်တော် လည်း မမတို့ထိုင်မယ့်နေရာကို ရှင်းလင်းသန့်စင်ပေးလိုက်ပြီး ရေ ကြမ်းအိုးအသစ်တစ်လုံးကို စားပွဲပေါ် ချပေးလိုက်တယ်။

"ဘူးသီးကြော်ပဲ ထည့်လိုက်ရမလား ဟင် . . ဒီမှာ အစုံရတယ်ခင်ဗျ . . မန္တလေးပဲကြော် . . ပဲကပ်ကြော် . . ကြက် ကြော် . . ဗယာကြော် . . . "

"ဘူးသီးကြော်ချည်းပဲ တစ်ပွဲထည့် . . နောက်တစ်ပွဲကို တော့ အကြော်စုံထည့် . . . ဆလတ်ရွက်လဲ များများထည့်နော် . . "

"ဟုတ်ကဲ့ မမ . . . "

မမကို 'ဟုတ်ကဲ့ . . မမ' လို့ သူပြောလိုက်မိတော့ မမက ကျွန်တော့်ကို ဖျတ်ခနဲတစ်ချက် ကြည့်ပါတယ်။ တကယ့်ကို ခဏလေး ဒါပေမယ့် အဲဒီ့မျက်စိတစ်မှိတ်လောက်သာကြာတဲ့ အကြည့် တစ်ချက်ကြောင့် ကျွန်တော့်ရင်တွေ ခုန်လိုက်တာဗျာ။

ကျွန်တော်လည်း မမတို့ဝိုင်းကိုအကြော်ပန်းကန်တွေ၊ အချဉ် ဆလတ်ရွက်ပန်းကန်တွေ သွားချပေးလိုက်တယ်။ ဒီတစ်ခါ တော့ မမဟာ ကျွန်တော့်ကို မကြည့်တော့ပါဘူး။

"စားဟဲ့ . . လတ်လတ် . . အကြော်တွေက ကောင်းပုံရ တယ် . . ဒါနဲ့ နင့်အိမ်ကို ပြန်ဖြစ်သေးလား . . . "

"သီတင်းကျွတ်တုန်းကတော့ ပြန်ဖြစ်တယ် . . ငါ့အဖေက ဘာကျရင် မျက်စိခွဲရမှာဟဲ့ . . အဲဒီကျရင်လည်း တစ်ခါပြန်ရဦး မယ် . . ဒါနဲ့ နင်ရော နေရထိုင်ရအဆင်ပြေလား . . အင်း . . မေး သာမေးရတာပါ . . သူဌေးသမီးပဲဟာ . . ဘာ အဆင်မပြေ စရာရှိလဲ . . ဟုတ်လား . . ဟင်း ဟင်း . . . "

"ကောင်မနော် . . စကားပြောရင် ရိသလိုလိုနဲ့ မကြိုက်ပါ ဘူး . . အင်း . . ကိုယ့်မြို့ ကိုယ့်ရွာလောက်တော့ ဘယ်အဆင်ပြေ မလဲ . . ဒါပေမယ့် ဒီလိုပဲနေရတာပေါ့"

"နင့်သင်တန်းရော အဆင်ပြေလား"

"မဆိုးပါဘူး . . ဒီရပ်ကွက်ထဲမှာ ငါ့ ညီမဝမ်းကွဲလေးတွေ ရှိတယ် . . . အားတဲ့အချိန် သူတို့ဆီလာလည်ရင်းနဲ့ သူတို့ကိုပါ စာပြပေးတယ် . . နင်လည်း လုပ်ဦး လတ်လတ် . . အသက်သုံးဆယ် ကျော်နေပြီ ရှိသေးတယ် . . ဗိုက်ခေါက်အတော်ထွက်နေပြီ . . . "




www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း . . . ဗိုက်ခေါက်တင် မဟုတ်ပါဘူးဟာ . . ဟို ဟာ . ."

"ဟဲ့ . . ဘာတွေလျှောက်ပြောဦးမလို့လဲ . ."

ကျွန်တော့်ဘက်ကို မမက မေးငေါ့ပြပြီး သူ့သူငယ်ချင်းကို အန့်လိုက်လို့ မမသူငယ်ချင်းရဲ့အသံ ရပ်သွားပါတယ်။ ကျွန်တော်က တော့ ဦးနှောက်နည်းနည်းစားမိပါတယ်။ ဘာတွေပါလိမ့်။ မိန်းမတွေ ရဲ့ခန္ဓာကိုယ်မှာ ကျွန်တော်တို့မသိနိုင်တာတွေ အများကြီးပါလားလို့ လည်း စဉ်းစားမိပါတယ်။

"ဒီရပ်ကွက်လေးက မဆိုးတော့ မဆိုးဘူးနော် . . . ငြိမ်း လည်း ငြိမ်းချမ်းတယ် . . တိတ်လည်း တိတ်ဆိတ်တယ် . . ."

"ဒါပေမယ့် လမ်းပေါ်ဘောလုံးကန်တဲ့ ကောင်တွေကိုတော့ ငါ သိပ်အမြင်ကတ်တာပဲ . . မတော်လို့ ငါ့လာထိလို့ကတော့ မှတ် လောက်သားလောက်အောင်ကို ပြောပစ်လိုက်မှာ . ."

ဗုဒ္ဓေါ . . ဘုရားသခင် . . ကျွန်တော် လန့်သွားမိပါတယ် . . ကျွန်တော်တို့ ဘောလုံး ကစားတာကို မမပြောနေတာပဲ။ မဖြစ်ဘူး . . မမလာမယ့်အချိန်နဲ့ ပြန်မယ့်အချိန်ကို ကျွန်တော်တို့ ဆင်ခြင်မှ။

"အကြော်တွေက ကောင်းတယ်နော် . . မွှေနေတာပဲ . ."

"ဟိတ် . . နင် ပေါ်တင်ကြီး မကြည့်နဲ့နော် . . အကြော် ကြော်နေတဲ့ ကောင်လေးကို ကြည့်စမ်း . . ခပ်မိုက်မိုက်လေးနော် . . သူ့ဆိုင်မှ ဟုတ်ရဲ့လား မသိဘူး . ."

"လတ်လတ်ရယ် . . နင်ကလည်း စပ်စုစရာမရှိ စပ်စုနေ ပြန်ပါပြီ . ."

အဲဒီတုန်းမှာပဲ မမသူငယ်ချင်းက အချဉ်လှမ်းတောင်းလို့ ကျွန်တော်လည်း အချဉ်ထပ်ထည့်ပေးရပါတယ်။ မမသူငယ်ချင်း လတ်လတ်ဆိုတဲ့အစ်မကတော့ ကျွန်တော့်ကို ပေါ်တင်ပဲစပ်စုပါတယ်။





"မင်း . . ဆိုင်ဖွင့်တာ ကြာပြီလား"

"ဟုတ်ကဲ့ . ."

"ဒါ မင်းဆိုင်မှ ဟုတ်ရဲ့လား . .

"ဟဲ့ . . . လတ်လတ် . ."

"ဒါ ကျွန်တော့်ဆိုင် အစစ်အမှန်ပါ ခင်ဗျာ . . ."

ကျွန်တော်ကလည်း မဟုတ်ဘာတွေ ပြောရတော့မယ်ဆိုရင် သွားအတော်သွက်တဲ့ကောင်ဆိုတော့ ပါးစပ်ထဲတွေ့တာတွေ လျှောက် ပြောချလိုက်ပါတယ်။

"ကျွန်တော်တို့ကဆင်းရဲတော့ . . . ကျောင်းလည်း မနေနိုင် ပါဘူးဗျာ . . . ဟင်း ဟင်း . . မောင်နှမတွေကလည်း များတာကိုး . . ဒီတော့ ဒီအကြော်ဆိုင်လေးကိုပဲ အားပြုစားနေကြရတာ . ."

အဲဒီတုန်းမှာ ကျွန်တော့်အိတ်ကပ်ထဲက တယ်လီဖုန်းလေး က သံစဉ်လှလှလေးတစ်ပုဒ်နဲ့အတူ နိုးထလာပါတယ်။ အခုမှ ဒုက္ခ ပဲ။ အရေးထဲ တယ်လီဖုန်းကလည်း မြည်နေရသေးတယ်။

ဒီမှာ ကျွန်တော်လျှောက်ဖြီးတာတွေ ပေါ်ကုန်တော့မယ်။ မမတို့က ကျွန်တော့်ကို မသင်္ကာသလို လှမ်းကြည့်နေကြတယ်။ ကျွန် တော်လည်း မထူးဘူးဆိုပြီး အကြော်ဒယ်အိုးနားမှာပဲ ဆောင့်ကြောင့် ထိုင်၊ အိတ်ထဲကဖုန်းကိုထုတ်ပြီး ကြည့်လိုက်တဲ့အခါ ကျွန်တော့်ညီမ လဝန်းညိုညိုဆီက ဖုန်းဖြစ်နေတာ သိလိုက်ရတယ်။

"ကိုကိုလား . . ."

"အင်း . ."

"အခု ကိုကို ဘယ်မှာလဲ . ."

"ငါ ဝင်းမောင်လွင်ဆီမှာ . ."

"ညီမလေး ကားပျက်နေလို့ ကိုကိုခဏလောက် လာခဲ့ပါ လား . ."



www.burmeseclassic.com

www.burmeseclassic.com



"ကားပျက်တာများဟာ . . စိန်တံခွန် ဝပ်ရှော့ကို ဖုန်းဆက်လိုက် . . ငါ မလာနိုင်ဘူး . . ဒီမှာ အရေးကြီးတဲ့ကိစ္စတွေရှိတယ်"

"ကိုကိုကတော့လေ . . . ဘွဲ့ရပြီးထားလည်း . . အခုထိ အလုပ်က မလုပ်သေးဘူး . . ဒါနဲ့လည်း သူကြည့်လိုက်ရင် အမြဲ အလုပ်များနေတာပဲ . . ရတယ် . . ရတယ် . . ကိုကို မလာချင်လည်း ညီမလေးကို ကူညီချင်တဲ့သူတွေ အများကြီး . . ပြီးရော . . "

လဝန်းညိုညိုက ဖုန်းပိတ်သွားလို့ ကျွန်တော်လည်း ဖုန်းကို ပိတ်ပြီး အိတ်ထဲပြန်ထည့်လိုက်တယ်။ အဲဒီအခါမှာ ကျွန်တော့် လုပ်ရပ်နဲ့ ကျွန်တော့်အသံတွေကို အကဲခတ်နေပုံရတဲ့ မမသူငယ်ချင်း လတ်လတ်ဆိုတဲ့ အစ်မရဲ့အသံ ခပ်တိုးတိုးထွက်လာပါတယ်။

"မထင်တောင် မထင်ရဘူးနော် . . ဒီဆိုင်ရဲ့စီးပွားရေးဟာ အတော်ကလေး ကောင်းပုံရတယ် . . ငါ့လို အယ်လ်စီစီအိုင်တက်ပြီး အချိန်ပိုင်းစာရင်းစစ်ဝင်လုပ်နေတဲ့သူတောင် တယ်လီဖုန်း မကိုင်နိုင်ဘူး . . ဟင်း ဟင်း . . . "

အဲဒီအစ်မဟာ ဒီလောက်နဲ့ရပ်မနေဘဲ ကျွန်တော့်ကို လှမ်းမေးပြန်ပါတယ်။

"အဲဒီဖုန်းက မင်းအပိုင်လားကွ . . . အင်း . . မင်းတို့ အရောင်းအဝယ်ကောင်းပုံရတယ်နော် . . . "

"ဒါ . . ကျွန်တော့်ဖုန်း မဟုတ်ပါဘူး ခင်ဗျာ . . ကျွန်တော့် သူငယ်ချင်းဖုန်းပါ . . ဟဲ ဟဲ . . ပြောစရာလေးတွေရှိလို့ ခဏယူထားလိုက်တာ . . ဟဲ ဟဲ . . ကျွန်တော်တို့ဘဝဟာ ဒီလိုဖုန်းမျိုးကိုင်ဖို့နေနေသာသာ . . ထမင်းတောင်နပ်မှန်အောင် မနည်းစားနေရတာပါ"

အဲဒီတုန်းမှာပဲ ဝင်းလွင်မောင်က ပြန်ရောက်လာပြီး သူဝယ်လာတဲ့ပစ္စည်းတွေနဲ့ ကျွန်တော့်အနားကို ရောက်လာပါတယ် ကျွန်တော် ခပ်တိုးတိုးပြောလိုက်မိတယ်။

"ဟေ့ကောင် . . . အကျီအနက်နဲ့ဟာက ငါ ပြောနေတဲ့ အရှေ့ဇစ်မမပဲ . . "

"လှတော့ လှသားပဲ . . အင်း . . ဒါပေမယ့် အသက်တော့ နည်းနည်းကြီးပုံရတယ်"

"အင်း . . ငါ့ထက်လေးနှစ်တော့ ကြီးမယ်ထင်တယ် . . ဒါပေမယ့် ဘာဖြစ်လဲကွာ . . ငါ့အဖေနဲ့အမေဆိုလည်း . . ဒီလိုပဲ"

"ဟာ . . ဟေ့ကောင် . . ဒီလိုဆို မင်း . . ဒီမိန်းမကြီးကို တကယ်ရည်ရွယ်နေပြီပေါ့"

ဝင်းလွင်မောင်က ကျွန်တော့်ကို အံ့ဩနေပုံရပါတယ်။ တကယ်က သူကျွန်တော့်ကို အံ့ဩသလိုပဲ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ်အံ့ဩမိပါတယ်။ ဒါပေမယ့် သိပ်တော့လည်း အံ့ဩစရာမရှိပါဘူး။ ယောကျ်ားနဲ့မိန်းမ အဖိုနဲ့အမပဲဗျာ . . နော့ . . ကျွန်တော် ပခုံးတွန့်ပြီး ပြုံးပြလိုက်တော့ ဝင်းလွင်မောင်ရဲ့မျက်နှာ တစ်ဖြည်းဖြည်း တည်သွားပါတယ်။

"ငါ တစ်ခုတော့ပြောမယ် မြင့်မြတ်ဇော် . . မင်း အဲဒီမမ ကို မကြိုက်သင့်ဘူး"

"ဘာဖြစ်လို့လဲကွ . . "

"နေဦး . . နောက်မှ ငါပြောမယ် . . အခုတော့ မင်းမမတွေ ပိုက်ဆံရှင်းတော့မယ် . . သွားလိုက်ဦး . . . "

"မမတို့ ပိုက်ဆံရှင်းတော့မယ် . . . ဘယ်လောက်ကျသလဲ ကွ"

မမက ပိုက်ဆံတချို့ထုတ်ပြီး ကျွန်တော့် ကိုလှမ်းပေးပါတယ်။ ကျွန်တော်လည်း ကျသင့်ငွေကိုတွက်ပြီး မမကို ငွေပြန်အမ်းလိုက်ပါတယ်။


တော်ဝင် မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အခုလို အားပေးတာ ကျေးဇူးပါပဲဗျာ . . နောက်လည်းလာကြဦးနော် . ."

"အင်း . . အင်း . . တို့တွေ သွားမယ်နော် . . ."

လတ်လတ်ဆိုတဲ့ အစ်မကြီးက မမထက်စာရင် ပိုသွက်ပါတယ်။ မမတို့နှစ်ယောက် ထွက်သွားမှ ဝင်းလွင်မောင်က ကျွန်တော့်အနား ရောက်လာတယ်။ ဒေါ်မိမိလည်း ပြန်ရောက်လာပြီဖြစ်လို့ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် စောစောက မမတို့ထိုင်သွားတဲ့ နေရာမှာပဲ ထိုင်လိုက်ကြပါတယ်။ မမထိုင်သွားတဲ့ ထိုင်ခုံလေးမှာ ကျွန်တော်ထိုင်လိုက်မိတော့ ထိုင်ခုံလေးက ပူနေတုန်းပဲရှိပါသေးတယ်။

"မင်းစကားဆက်ပါဦးကွ . . ငါက ဘာဖြစ်လို့ အဲဒီ့မမကို မကြိုက်သင့်တာလဲ"

"ဒီလိုကွ . . တစ်အချက်က မင်းထက် အသက်မတရားကြီးတယ် . ."

"ဟာ . . . အလွန်ဆုံး လေးငါးနှစ်လောက်ပါကွ . . မင်းကလည်း ပြောရော့မယ်"

"ထားပါတော့ကွာ . . နှစ်အချက်က ဒီအသက်အရွယ် . . ဒီအလှအပမျိုးနဲ့ဆို . . သူ့မှာ ရည်းစား ဒါမှမဟုတ် အိမ်ထောင်ရှိနေနိုင်တယ် . . သုံးအချက်က ခေတ်မီလွန်းတယ်ကွ"

ကျွန်တော် ပြုံးလိုက်မိသော်လည်း ဒီအသက်အရွယ်နဲ့ ဒီအလှအပမျိုးနဲ့ဆို ရည်းစား (သို့မဟုတ်) အိမ်ထောင်ရှိနေနိုင်တယ်ဆိုတဲ့ စကားကြောင့် ကျွန်တော်မအီမသာကြီး ခံစားနေရပါတယ်။ ဝင်းလွင်မောင်ပြောတာ ဖြစ်နိုင်ပေမယ့် ခံလိုက်ရတာတော့ ခံလိုက်ရတာပါပဲ။

ပြီးတော့ စိတ်ထဲမှာလည်း အဲဒီ့ကိစ္စနဲ့ပတ်သက်လို့ သံသယဖြစ်လာမိပါတယ်။ မမရဲ့အသက်ဟာ အနည်းဆုံးနှစ်ဆယ့်ခွန်





လောက်ရှိမှာဖြစ်ပြီးတော့ အများဆုံးလည်း သုံးဆယ်ထက် ကျော်မယ် မထင်ပါ။

သည်တော့ မမရဲ့အသက်အရွယ်နဲ့ ရုပ်ရည်အရ ရည်းစား ဒါမှမဟုတ် အိမ်ထောင်ရှိနေနိုင်တယ်ဆိုတာကို ကျွန်တော် လက်ခံလာရပါတယ်။ ဒါပေမယ့် မမရဲ့ပုံသဏ္ဍာန်ဟာ အိမ်ထောင်သည်ပုံခံတော့ မဟုတ်လို့ ကျွန်တော် ဆက်တွေးမိပြန်ပါတယ်။

"မင်းစကားကို ငါသိပ်လက်မခံဘူး ဝင်းလွင် . . တစ်အချက်က မမဟာ ငါ့ထက်အသက်ကြီးတာနဲ့ပဲ ငါ သူ့ကိုမချစ်ရတော့ဘူးလား . . အချစ်မှာ အသက်ဆိုတာ အရေးမကြီးပါဘူးကွာ . . နောက်ပြီး ခေတ်မီလွန်းတယ်ဆိုတာကလည်း ကိုယ်ကျင့်တရားနဲ့ မဆိုင်ဘူးကွ . . မမရဲ့ဝတ်စားဆင်ယင်ပုံကိုကြည့်ပြီး မမရဲ့စရိုက်ကို ခန့်မှန်းလို့မရပါဘူးကွာ . ."

ရှည်ရှည်ဝေးဝေး ရှင်းပြနေတဲ့ ကျွန်တော့်ကို ဝင်းလွင်မောင်က အံ့သြနေပုံရပါတယ်။

"အင်း . . တစ်ခုတော့ရှိတယ်ကွ . . . မမမှာ မင်းပြောသလိုပဲ ရည်းစား ဒါမှမဟုတ် အိမ်ထောင်တော့ ရှိချင်ရှိနေနိုင်တယ် . ."

"တကယ်လို့ အဲဒီလိုမျိုးရှိနေရင် ဘာလုပ်မလဲ . ."

"ဘာမှ လုပ်စရာမလိုတော့ဘူးပေါ့ကွာ . . အဲဒါဆို ဒီအတိုင်းပဲ နေလိုက်ရုံပဲ . ."

ပြောမယ့်သာ ဒီလိုပြောလိုက်ရတာပါ။ ဒီစကားကြောင့် ကျွန်တော် နည်းနည်းဆွေးသွားပါတယ်။

"မြင့်မြတ်ဇော် . . မင်းက နီးလွန်းလို့ မမြင်ဖြစ်နေတာလား . . ဒါမှမဟုတ် အဝေးမြင် အနီးကန်းလားတော့ မသိဘူး . ."

"ဘာလဲကွ . . မင်းစကားက . ."

"နိုနိုကို မင်းမစဉ်းစားတော့ဘူးလား . . နိုနိုဟာ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းခင်တာ . . နောက်ပြီး သူ မင်းကိုချစ်နေတယ်ဆိုတာ မင်းမပြောနဲ့ . . တို့ဘေးကကောင်တွေတောင် သိတယ် . . ဘာပဲဖြစ်ဖြစ် ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်နဲ့ မင်းသူ့ကိုပဲ ပြန်ကြိုက်သင့်တယ်"

ကျွန်တော် သက်ပြင်းတစ်ချက် ခပ်လေးလေးချလိုက်မိပါတယ်။ နိုနိုက ကျွန်တော်တို့အားလုံးရဲ့ သူငယ်ချင်းဖြစ်ပေမယ့် ကျွန်တော့်ကို ပိုပြီးခင်တာ ကျွန်တော်သိပါတယ်။ နောက်ပြီး နိုနိုကလှတယ်။ ပြီးတော့ ကျွန်တော့်လိုပဲ ဘွဲ့ရပြီးသား။ တက္ကသိုလ်တုံးကလည်း ကျွန်တော်နဲ့အကန်းတူ၊ မေဂျာတူ။

ကျွန်တော့် သူငယ်ချင်းတွေကလည်း ကျွန်တော်နဲ့နိုနိုကို သဘောတူကြတယ်။ ဒါပေမယ့် ကျွန်တော်ကလည်းနိုနို့အပေါ် သူငယ်ချင်း တစ်ယောက်ထက်မပိုဘူး။ ဒါဟာ ဘာကြောင့်လဲ။ ဝင်းလွင်မောင်ပြောသလိုပဲ။ ကျွန်တော်ဟာ နီးလွန်းလို့ မမြင်တာလား။

ကျွန်တော် နာရီကြည့်လိုက်မိတယ်။ ဒီညနေတော့ လူစုံမှာ မဟုတ်လို့ ကျွန်တော်တို့ လမ်းမပေါ် ဘောလုံးကတော့ ကန်ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။ လောလောဆယ်တော့ ကျွန်တော် ဘယ်သူနဲ့မှ စကားပြောချင်စိတ်မရှိဘူး။ အိမ်ပြန်ပြီး မမအကြောင်း လွတ်လွတ်လပ်လပ်တွေးတာပဲ ကောင်းမယ်ထင်ပါတယ်။

"ငါ အိမ်ပြန်လိုက်ဦးမယ်ကွာ . . မနက်ဖြန်မှ လာခဲ့မယ် . . အမေ ကျွန်တော် အိမ်ပြန်တော့မယ် . . ."

"အေးကွယ် . . အေး . . အေး . . "

ဝင်းလွင်မောင်နဲ့ဒေါ်မိမိကို ကျွန်တော်နှုတ်ဆက်ပြီး ကျွန်တော့်စက်ဘီးလေးပေါ် တက်ခွလိုက်တယ်။ ညနေခင်းနေကတော့ ဆောင်းတွင်းဘက်မို့လားမသိပါဘူး။ အတော်တောင် စောင်းနေပြီ

ကျွန်တော် အိမ်ပြန်ရောက်တော့ ဖေဖေနဲ့ညီမလေးတို့ ပြန်မရောက်သေးဘူး။ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်အခန်းထဲဝင်ပြီး



ခုတင်ပေါ်မှာ ကျောဆန့်ရင်း မမအကြောင်း စဉ်းစားမိပြန်ပါတယ်။

ပြီးတော့ ကျွန်တော် အိပ်ပျော်သွားမိပါတယ်။ နာရီဝက်လောက် အိပ်ပျော်သွားပြီး ခြံထဲကားဝင်လာသံကြားမှ ကျွန်တော် လန့်နိုးလာတယ်။ ညီမလေး ပြန်ရောက်လာတာပါ။

သူက ကားကို ညင်ညင်သာသာပဲရပ်ပြီး ကားပေါ်က ဆင်းရင်းနဲ့ ကျွန်တော့်အခန်းရှိရာကို လှမ်းကြည့်ပြီး နှုတ်ခမ်းကိုစူထားပါတယ်။

ကျွန်တော်လည်း ညီမလေးအခန်းမှာသွားထိုင်ပြီး သူ့ကို စောင့်နေလိုက်တယ်။ ညီမလေးရဲ့အခန်းက မိန်းကလေးတစ်ယောက်ရဲ့အခန်းမို့လား မသိဘူး။ ကျွန်တော့်အခန်းထက် သပ်ရပ်တယ်။ မမအခန်းကရော ညီမလေး အခန်းလိုပဲလား။ ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတော့ ကျွန်တော့်အခန်းထက်တော့ မမအခန်းက သပ်ရပ်မယ် ထင်တာပဲ။

"ကိုကို . . မမိုက်ဘူးကွာ . . ကိုယ့်ညီမ အခက်အခဲဖြစ်နေလည်း ကြည့်နေတာပဲ . . ညာတာစိတ်ကို မရှိဘူး . . "

"နင့်မှာ ကူညီမယ့်သူတွေ ပြည့်နေတာပဲဆို . . ငါ လာစရာတောင် လိုမယ်မထင်ပါဘူး . . "

"ဟုတ်တယ် . . ဟုတ်တယ် . . ကိုကို ယောက်ဖတော်ဖို့သာ ပြင်ထား . . . ကိုကို့ယောက်ဖက ကိုကို့ထက်အများကြီး စိတ်သဘောထားလည်း ကောင်းတယ် . . ပြီးတော့ တော်လည်း တော်တယ် . . "

"ဟဲ့ . . နင် တကယ်ရည်းစားရှိနေပြီလား . . "

"ဟာ . . ကိုကိုကလည်း ပေါက်လိုက်တာ . . ဒီအရွယ်မှာမှ အမြီးမပေါက်ရင် မျောက်သင်းကွဲဖြစ်သွားမှာပေါ့ . . . "

"အင်း . . . နင်ပြောပုံဆိုရင် ငါက မျောက်သင်းကွဲဖြစ်နေပြီ . . ဒါနဲ့ ပြောစမ်းပါဦး . . . နင့်အကောင်က ဘာကောင်လဲ



www.burmeseclassic.com

www.burmeseclassic.com



. . ဆင်လား . . ဆိတ်လား . . . "

"ဘယ်လိုကြီးပါလိမ့် . . ကိုကို ဘာကို မေးတာလဲ . . "

"ဩော် . . အကောင်ကြီးလား . . သေးလား . . မေးတာ ဟာ . . နင်ကလည်း ဒုံးဝေးလိုက်တာ . . "

ဒီတော့မှ ညီမလေးက ပြုံးပါတယ်။

"အကောင်ကြီး ကိုကိုရေ . . . အကောင်ကြီး . . . ကုမ္ပဏ ထောင်ထားဟာ သိပြီလား"

"နင်တို့ မိန်းကလေးတွေဟာ ဒါပဲ . . နင်တို့ဟာက လင်ယ တာမှမဟုတ်ပဲ . . ပိုက်ဆံ ယူတာပဲ . . ဒါနဲ့ ပြောစမ်းပါဦး . . အ ကောင်က ရုပ်ရောချောလား . . "

"ရုပ်ရောချောလား . . ဟုတ်လား ကိုကို . . ဟင်း ဟ . . ရယ်စရာပဲ . . ရုပ်က ဘာလုပ်ရမှာလဲ . . ကိုက်စားလို့မှ မရ

"အင်း . . နင်တို့မိန်းကလေးတွေ စိတ်ဓာတ်ကတော့ လ ဖျားခါစရာပဲ . . "

"ကဲ . . ကိုကို အပြင်ခဏထွက်ဦး . . ညီမလေး အဝ အစားလဲလိုက်ဦးမယ် . . "

"နေဦးဟ . . ငါ မေးစရာလေးတွေရှိလို့ မေးပါရစေဦး . .

"နောက်မှမေး . . နောက်မှမေး . . ဒီမှာ အိုက်လွန် သေတော့မယ် . . ကိုကို့ကို အားနာလို့ သိလား . . နောက်မို့ဆို အ အစားတွေ ချွတ်ချလိုက်တာ ကြာပြီ . . "

သည်တော့မှ ကျွန်တော်လည်း လဝန်းညိုညိုရဲ့ ခေါ် ပုတ်ပြီး သူ့အခန်းထဲက ထွက်ခဲ့ပါတော့တယ်။



## အခန်း (၃)

ကျွန်တော်နဲ့ တရုတ်ကြီးတို့ စူပါမားကတ်ထဲက အအေးဆိုင် ဆိုင်နေတုန်းမှာပဲ ကျွန်တော့်ဆီကို နိုနိုက ဖုန်းဆက်ပါတယ်။

အကြောင်းကတော့ သူဒီနေ့ နေ့လယ် ဈေးဝယ်ထွက်ချင်လို့ တော့်ကို အဖော်လိုက်ပေးဖို့ လှမ်းပြောတာပါ။

"ဟာ . . ငါ မအားဘူးဟ . . အဲဒီတော့ နင့်အမေ ခေါ်သွား . . "

"မအားရအောင် . . နင်က ဘာလုပ်နေလို့လဲ မြင့်မြတ် . . ည်း . . ကျောင်းပြီးတာဖြင့် နှစ်နှစ်လောက်ရှိပြီ . . ဘာ န်းမှ မတက် . . . ဘာအလုပ်မှ မလုပ်တဲ့လူကများ"

"ငါ လည်ရာပြန်စားရေးကုမ္ပဏီမှာ လုပ်နေပါတယ်ဟ . . "

"တော်ပါ . . လျှောက်လည်ရာကနေ အိမ်ပြန်ပြီး ထမင်း အလုပ် မဟုတ်လား . . . ဒါနဲ့ နင်အခု ဘယ်မှာရောက်နေ "

"ငါအခု ရန်ကင်းစင်တာ ရောက်နေတယ်ဟ . . တရုတ်ကြီး အခု အအေးသောက်နေကြတာ . . "



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ အဲဒီမှာပဲစောင့်နေ . . ငါ အခုချက်ချင်း လာခဲ့မယ်

"မလာနဲ့ . . ."

တရုတ်ကြီးက ကျွန်တော့်အနားကပ်ပြီး . . .

"ဟာ . . အဲဒီလိုကြီးတော့ ယတိပြတ်ကြီးမပြောပါနဲ့ကွ . . နိုနို သနားပါတယ် . . လာခဲ့ . . လာခဲ့"

လို့ ပြောလိုက်လို့ ပြောပါတယ်။

"မရဘူး . . နင်တို့စောင့်နေ . . ငါ လာခဲ့မယ် . . ."

"မလာပါနဲ့ဟာ . . နင်လာရင် တို့ကောင်တွေ မလွတ်လ တော့ဘူး . . နောက်ပြီး တရုတ်ကြီးက ဟိုဟာတွေ ဝယ်မလို့ဟာ . . န လာလို့ မဖြစ်ဘူး . ."

"ဟာ . . ဟေ့ကောင် ဘာတွေလျှောက်ပြောနေတာလဲ . မင်းဘာသာ ဈေးဝယ်ဖို့ ငါက အဖော်လိုက်ပေးတာလေ . ."

"ဟင် . . တရုတ်ကြီးက ဟိုဟာတွေ ဝါသနာပါတယ် ဟု လား . . ."

"နေစမ်းပါဦး . . နိုနို . . နင်ပြောတဲ့ ဟိုဟာတွေဆို ဘာတွေလဲ . ."

"နင်ကလဲဟယ် . . ဒါတောင် မသိဘူးလား . . ဟို ဆိုတာ . . အင်း . . ဟိုဟာပဲပေါ့ဟာ . ."

"အင်း . . နင်ပြောတာသိပ်ရှင်းတယ် နိုနို . . ဒီလိုဟ . တို့ကောင်တွေ အောက်ခံဘောင်းဘီတွေ ဝယ်ကြမလို့ . . အဲဒါကြေ နင်လာလို့ မဖြစ်ဘူး . ."

တရုတ်ကြီးက 'ကောင်းတယ် . . အဲဒီလို ပြောတာ ကော တယ်' လို့ ပြောပါတယ်။

"ဘာဖြစ်သေးလဲဟဲ့ . . ဒါလေးများ နင်တို့ကလည်း နင် ဘာသာ နင်တို့အောက်ခံဘောင်းဘီမကလို့ ဟိုဟာတွေပဲ ဝယ်

"လုပ်ပြန်ပြီ . . ဟိုဟာဆိုတာ ဘာလဲ"

"နင်တို့ ဝါသနာပါတဲ့ဟာကို ပြောတာ"

"ငါတို့က ဘာဝါသနာပါလို့လဲ . ."

"ဂိမ်းလေဟာ . . အားအားရှိ ဂိမ်းအခွေတွေအကြောင်းပဲ ပြောနေတဲ့ကောင်တွေကများ"

"တော်ပါသေးရဲ့ . . သူပြောတဲ့ ဟိုဟာဆိုတာ ဂိမ်းကိုပြော တာကိုး . . ဟိုဟာ ထင်လို့"

တရုတ်ကြီးကလည်း ကျွန်တော့်ဖုန်းက ထွက်လာတဲ့ နိုနို့ အသံခပ်တိုးတိုးပေါ်မှာ မှတ်ချက်ပြုပါတယ်။

"ငါလည်း ဘာရာစီယာတချို့နဲ့ ဟိုဟာတွေ ဝယ်မလို့ . . ."

"ဟာ . . လုပ်ပြန်ပြီ . . နင်လည်း ဟိုဟာတွေ ဝယ်မယ် ဆိုတာလား . . ကောင်းသားပဲ . . တို့တွေ အဲဒါတွေ အတူဝယ်ကြ တာပေါ့"

"ဟဲ့ . . မြင့်မြတ် . . နင်ဘာတွေ လျှောက်ပြောနေတာလဲ . . ငါ ဝယ်မယ့်ဟိုဟာတွေက နင်တို့ယောကျ်ားလေးတွေ သုံးလို့မရ တဲ့ ဟိုဟာတွေ . . သိပြီလား . ."

မြတ်စွာဘုရား . . တရုတ်ကြီးကတော့ ခပ်တိုးတိုး ဘုရားတ ပါတယ် . . ပြဿနာပါပဲ . . . နိုနိုကလည်း သူ့မှာ မိန်းကလေး ချင်း သိပ်မရှိတိုင်း နေရာတကာ ကျွန်တော်တို့ကိုပဲ အပူကပ် တယ်။

အခုလည်းကြည့်လေ . . သူ့ဟာတွေ ဝယ်ဖို့ ကျွန်တော်တို့က အဖော်လိုက်ပေးရဦးမယ် . . တစ်ဖက်ကကြည့်တော့လည်း နိုနိုက သနားပါတယ်။ ကျွန်တော်တို့ရဲ့အနွံ့အတာကိုလည်း အတော်ကလေး ခံရှာတယ်။

ရှိပါစေတော့။ ကျွန်ပော်တို့ဆီ နိုနို ရောက်လာလို့လည်း





www.burmeseclassic.com

www.burmeseclassic.com



ဘာမှတော့ တိုးပြီးထူးသွားမှာ မပဟုတ်ပါဘူး။

"အေး . . ကောင်းပြီလေ . . တို့တွေ ဒီမှာ နာရီဝက်အထိ ဆက်ရှိနေမယ် . . နင် ချက်ချင်းသာ အရောက်လာခဲ့ပေတော့ . ."

"အင်း အင်း . . ကောင်းပြီ . . ဒါနဲ့ နင်တို့ဘယ်ဆိုင်မှာ ထိုင်နေတာလဲ . ."

ဒီတော့ တရုတ်ကြီးက ကျွန်တော့်ဖုန်းကို အတင်းဆွဲယူပြီး ပြောတယ်။

"ဂျော်ဒါနီးမှာဟ . . နင် မြန်မြန်လာခဲ့"

"ဟင် . . ဂျော်ဒါနီးက စားသောက်ဆိုင်ပါ ဖွင့်လိုက်ပြီလား"

"ဟေ့ကောင် . . ဂျေဒိုးနတ်ပါကွ . ."

တရုတ်ကြီးက အဲဒီနာမည်နှစ်ခုကို အမြဲမှားနေ[...] လည်း မှားပြောပြန်ပြီ။ နောက်ပြီး သူ ခဏ ခဏမှားတဲ့ အမှားက[...] ရှိသေးတယ်။ တစ်ခါကပေါ့။

ကျွန်တော်တို့ သူငယ်ချင်းတွေ ရုပ်ရှင်[...]ဖို့ ချိန်းကြတယ်။ တစ်ယောက်တစ်ကွဲစီ လာကြတာဆိုတော့ ဘယ်မှာဆုံမလဲ စဉ်းစားကြတဲ့အခါ တရုတ်ကြီးက ဝမ်းသာအားရနဲ့ ထပြောတော့တယ်။

"ဟာ . . ဘာခက်သလဲကွာ . . ရုပ်ရှင်ရုံကိုပဲ လာခဲ့ကြပေါ့ . . ရုပ်ရှင်ရုံက ပေါ်တူဂီအောက်မှာ ငါတို့ရှိနေမယ် . ."

"တရုတ်ကြီးတို့ကတော့ လုပ်ရော့မယ် . . ပေါ်တီကိုပါကွာ . . ပေါ်တီကိုဆိုတာ . . . ဆင်ဝင် . . မင်းလုပ်တာနဲ့ပဲ ရုပ်ရှင်ရုံအောက်မှာ ကမ္ဘာ့ဖလားဘောလုံးပွဲလုပ်ရမလို ဖြစ်နေပြီ"

ကျွန်တော်တို့ ဝိုင်းရယ်တော့ ဒီကောင် ရှက်ကိုးရှက်ကန်း ဖြစ်နေပါတယ်။ အမှားက တစ်ခါတည်းမဟုတ်ဘူး။ ခဏ ခဏမှားတဲ့ အမှား။ တကယ်ရယ်ရတဲ့ကောင်။





ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်လည်း နိုနိုနဲ့ပြောပြီးတာနဲ့ စကားဆက်ကောင်းကြပြန်တယ်။

"မို့မို့ကို ပေါ်တင်ဖွင့်မေးရင် ကောင်းမယ် . . မင်းလည်း နည်းနည်းပါးပါး စဉ်းစားဦးကွ . ."

"ငါ မို့မို့ကို အဲဒီလိုပြောင်ကြီး မမေးရဲဘူး . . မင်းဘာသာ မင်း မေးပါလား . . မြင့်မြတ်ရာ . . မင်းနဲ့မို့မို့ကလည်း ဆယ်တန်းတုန်းက တစ်တန်းတည်းသားအချင်းချင်းပဲ . ."

"မင်းနဲ့က ပိုရင်းနှီးတယ်လေကွာ . . မင်းဘောလ်ပင်ကုန်သွားလို့ ကောင်မလေးဆီက ခဏ ခဏ ငှားငှားရေးနေကျ မဟုတ်လား . . . နောက်ပြီး မင်းမှာရေဘူးမပါတော့ မို့မို့ဆီက တောင်းသောက်နေကျ မဟုတ်လား . ."

"အရင်ကတော့ ဟုတ်ပါတယ် . . ဒါပေမယ့် အဲဒီတုန်းက အချိန်နဲ့အခုအချိန် မတူတော့ဘူးကွ . . နောက်ပြီး မို့မို့က အခုအရင်ကထက်ပိုပြီး တည်ငြိမ်လာတယ် . . ပြီးတော့ ပိုလှလာတယ် . . ဒါနဲ့နေပါဦး . . မင်းက မင်း မမအကြောင်းကို ဘာတွေသိချင်နေတာလဲ"

"ဒီလိုလေကွာ . . မိန်းမတစ်ယောက်ကိုကြိုက်ပြီဆိုရင် သူ့အကြောင်း အကုန်သိထားတော့ ပိုကြိုးစားလို့ ကောင်းတာပေါ့ . . ဥပမာကွာ . . သူ့နာမည် . . သူ့အသက် . . သူ့ပညာအရည်အချင်း . . သူ့လိပ်စာ . . အင်း . . သူ့ ဖုန်းနံပါတ် . . ."

"အဲဒီလောက် အများကြီးတော့ ချက်ချင်းသိဖို့ မလွယ်ဘူးကွ . . အင်း . . မင်းမလည်း တစ်ဒုက္ခ . . ငါ့မလဲ တစ်ဒုက္ခ . . ."

ကျွန်တော်တို့နှစ်ယောက် . . စကားကောင်းနေတုန်းမှာပဲ ဆိုင်ရှေ့က ဖြတ်သွားတဲ့ မိန်းကလေးနှစ်ယောက်ကို လှမ်းကြည့်မိသွားတယ်။ ဟင် . . မမနဲ့ မမသူငယ်ချင်းလတ်လတ်ဆိုတဲ့ အစ်မတို့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



မမတို့နှစ်ယောက်ဟာ ကျွန်တော်တို့ ထိုင်နေတဲ့ဆိုင်ထဲကို ဝင်တော့မလိုလိုနဲ့ မဝင်တော့ဘဲ ရှေ့ကို ဆက်လျှောက်သွားပါတယ်။ ကျွန်တော်လည်း ဆတ်ခနဲ ထိုင်ရာက ထလိုက်တယ်။

"ဟေ့ကောင် တရုတ်ကြီး . . မင်းဒီမှာ ခဏနေခဲ့ဦး . . .

"ဟင် . . မင်းက ဘယ်သွားဦးမလို့လဲ . . အိမ်သာလား . . မင်းကွာ အိမ်မှာကတည်းကပေါက်ခဲ့တာ မဟုတ်ဘူး . ."

ကျွန်တော်လည်း ဒီကောင့်ကို ဘာမှ ဆက်ပြောမနေတော့ဘဲ မမတို့နှစ်ယောက်နောက် ပြေးလိုက်မိပါတယ်။ ဒါပေမယ့် မမတို့ ဘယ်ရောက်သွားသလဲ မသိဘူးနော် . . အခုလေးတင် ထွက်လိုက်တာတောင် ပျောက်သွားတယ်။

ပတ်ဝန်းကျင်က ဆိုင်တချို့ထဲပဲ ဝင်သွားလေသလား။ ဒါ မဟုတ် ကျွန်တော်ပဲ မျက်စိမှားလိုက်တာလား။ ကျွန်တော်လည်း ပတ်ဝန်းကျင်က ဆိုင်ခန်းတွေဘက် လိုက်ရှာမိပါတယ်။

ဒီနေ့မှပဲဗျာ . . စူပါမားကတ်ကလည်း လူအရမ်းများနေ ယ် . . အဲဒီ့တုန်းမှာပဲ ကျွန်တော့်နောက်က တစ်ယောက်က Excuse me လို့ ခွင့်တောင်းလိုက်တဲ့ အင်္ဂလိပ်စကားကို ကြားလိုက်ပါတယ်။

ကျွန်တော်လှည့်ကြည့်လိုက်တော့ ကျွန်တော့်ကို ပြုံးပြီးကြ နေတဲ့ ကမ္ဘာလှည့်ခရီးသည် အသက်ကြီးကြီး စုံတွဲတစ်တွဲကို တွေ့ လိုက်ရပါသည်။ သူတို့က အင်္ဂလိပ်လိုဆက်ပြောပြန်ပါတယ်။ ကျွန်တော် ကို သူတို့အတွက် ဓာတ်ပုံရိုက်ပေးဖို့ အကူအညီတောင်းတာပါ။

အရေးထဲအရာပေါ် ဆိုသလိုပဲ။ မမနောက်ကို အရေးတကြီး လိုက်နေတုန်းအခိုက်မှာ နိုင်ငံခြားသားစုံတွဲတစ်တွဲက သူတို့ကို ဓာတ်ပုံ ရိုက်ပေးဖို့ ကျွန်တော့်ဆီမှာ အကူအညီတောင်းနေပါတယ်။ အင်း . . ဓာတ်ပုံ တစ်ပုံ၊ နှစ်ပုံလောက်နဲ့တော့ ဘာမှနောက်ကျမှာ မဟုတ်





ဘူး။ ကျွန်တော် ခေါင်းညိတ်လိုက်တော့ နိုင်ငံခြားသား အမျိုးသားကြီး က ကျွန်တော့်လက်ထဲကို သူ့ကင်မရာလာထည့်ပြီး ရိုက်ရမယ့်ခလုတ် ကိုလည်း ပြပါတယ်။

အဲဒီလိုထည့်ပေးပြီးတာနဲ့ နိုင်ငံခြားသားကြီးက သူ့ဇနီးကို ဘေးစုံတစ်ခု လှမ်းပြောပါတယ်။ အဲဒီ့စကားကတော့ အင်္ဂလိပ်စကား မဟုတ်ပါဘူး။ စပိန်စကားလိုလို၊ အီတလီစကားလိုလိုနဲ့။

အဘွားကြီးက အဲဒီတော့မှ သူ့ရဲ့ပခုံးသိုင်းအိတ်ကြီးထဲက ဘီးကိုထုတ်ပြီး ရှုပ်ပွနေတဲ့ သူ့ဆံပင်တွေကို ဖြီးတော့တာပဲ။ ဒုက္ခပါပဲ။ ကျွန်တော်ကလည်း မမ ပျောက်သွားလို့ ဘယ်လိုက်လို့ ဘယ်ရှာရမှန်း မသိတဲ့အချိန်မှ။

"Wait a minute, please"

အဘွားကြီးဆံပင်က ရှုပ်ယှက်ခတ်နေတော့ အဘိုးကြီးက စောင့်နေနိုင်တော့လို့ ဝင်ဖြီးပေးရှာတယ်။ ပြီးတာနဲ့ ကျွန်တော့်ဘက်ကို လှည့်ပြီး ဓာတ်ပုံရိုက်ဖို့ အချက်လှမ်းပြတယ်။

ဒီတော့မှ ကျွန်တော်လည်း သူတို့နှစ်ယောက်ရဲ့ပုံတွေကို ဓာတ်ပုံရိုက်ပေးရတယ်။ တစ်ယောက်ချင်းပုံတွေလည်း ပါသလို၊ စုံတွဲ ပုံတွေလည်း ပါတယ်။ လေးငါးဆယ်ပုံလောက် ရိုက်ပြီးသွားတဲ့အခါ နိုင်ငံခြားသားကြီးက ကျွန်တော့်လက်ထဲက ကင်မရာကို ပြန်လာယူ သွားတယ်။

ကျွန်တော်လည်း ပြီးပြီမှတ်လို့ လှည့်ထွက်တော့မယ် အလုပ် မှာ အဘိုးကြီးက ကျွန်တော့်လက်မောင်းကို လှမ်းဆွဲပြီး သူ့မိန်းမနား ကို ခေါ်သွားတယ်။ ပြီးတော့ ကျွန်တော်နဲ့သူ့ မိန်းမပုံတွေကို ရိုက်ပါ တော့တယ်။

အားလုံးပြီးသွားတော့မှ အဘိုးကြီးက ကျွန်တော့်ကိုကျေးဇူး တင်ကြောင်းပြောလို့ ကျွန်တော်လည်း သူတို့နားက ခပ်မြန်မြန်လစ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်ရတယ်။ ဒါပေမယ့် ပြဿနာနောက်တစ်ခုက ကျွန်တော်
ဆီ ရောက်လာပြန်ပါရော။

"ဟေ့ . . တို့ကိုလည်း ဓာတ်ပုံရိုက်ပေးဦးနော် . . တို့အုပ်စု
ကိုလည်း ရိုက်ပေးရမယ် . . ပြီးရင် တို့နဲ့ယူနဲ့တွဲပြီး ရိုက်ကြမယ်"

"အေးဟယ်နော် . . . တို့တွေကလေ သူ့လို ခပ်ချောချော
ဘဲလေးတစ်ယောက်နဲ့ ဓာတ်ပုံတွဲရိုက်ချင်နေတာ . ."

"ချစ်စရာလေးနော် . . ဝါးစားလိုက်ရင် သိပ်အရသာရှိမှာ

အခြောက်သုံးယောက်က ပြီတီတီမျက်နှာတွေနဲ့ ကျွန်တော်
အနား ရောက်လာပါတယ်။

"တို့နဲ့ လိုက်ခဲ့ပါလားဟင် . . . ကောင်းကောင်းလည်း
ရမယ် . . ဟိုဒင်း . ."

"တော်စမ်းပါ . . ဒီမှာ စိတ်ညစ်နေရတဲ့အထဲ . . ."

"ဟဲ့တော် . . . ကောင်လေးက ဒိတ်ညစ်နေတယ်တဲ့ . .
တွေ သူစိတ်ပျော်သွားအောင် ဝိုင်းပြုစုပေးလိုက်ရအောင် . . .

ကျွန်တော်လည်း သူတို့ကို ဘာမှဆက်မပြောတော့ဘဲ ရှေ့
နေ ခပ်သုတ်သုတ်ထွက်လာခဲ့တယ်။ ဒါပေမယ့် အခြောက်သုံးကော
ကလည်း ကျွန်တော့်နောက်ကနေ ရစ်သီ ရစ်သီနဲ့ ပါလာပါတယ်
အဲဒီ့တုံးမှာပဲ မမဟ ဆိုင်ခန်းတစ်ခုထဲက သူ့သူငယ်ချင်းနဲ့အ
ထွက်လာပါတယ်။

ကျွန်တော်လည်း မမဆီသွားမလို့လုပ်တုံး အခြောက်
ယောက်က ကျွန်တော့်ရှေ့ ပိတ်ရပ်လိုက်ပါတယ်။

"တကယ်ပြောတာ . . . တို့နဲ့လိုက်ခဲ့ပါလား . . ဟင်း
. . သူပျော်ရမှာပါ . ."

"ရှေ့က ဖယ်စမ်းကွာ . ."

"ဟင့်အင်း . . တို့ကိုချစ်တယ်လို့ ပြောမှ ဖယ်မယ် . .





"ဟာ . . ဒီအခြောက်တွေ လွန်လာပြီနော် . ."

ကျွန်တော်တို့ ဖြစ်ပျက်နေတာတွေကို ဘေးကဖြတ်သွားတဲ့
တွေက ပြုံးစေ့စေ့နဲ့ ကြည့်သွားကြပါတယ်။ မမကလည်း ကျွန်တော်
ကို တွေ့သွားပုံရတယ်။ မမမျက်နှာ ပြုံးစစဖြစ်သွားတာ တွေ့ရ
တယ်။

"ခင်ဗျားတို့ ဖယ်မလား . . . မဖယ်ဘူးလား"

"ဟင့်အင်း . . . တို့ကိုအပေါစား အခြောက်တွေများ ထင်
လို့လားဟင် . . တို့က ပါဂျဲရိုးအခြောက်တွေပါကွ . . ဟင်း ဟင်း
ပါဂျဲရိုးတောင်မှ မော်ဒယ်အောက်တွေ မဟုတ်ဘူး . . လိပ်တက်စ်
ဒယ်ပါဂျဲရိုး . . သိပြီလား . . ."

"ယူသာ တို့ကိုယူမယ်ဆိုရင် တစ်သက်လုံး ဘာအလုပ်မှ
ရာမလိုဘူး . . တို့ကျွေးတာစား . . တို့ဆင်တာ ဝတ်ပြီး . .
တစ်သက်လုံး . . ဟိုဒင်း . ."

ကျွန်တော် ဒေါပွလာပါတယ်။ ဘယ့်နှယ်ဗျာ . . ကျွန်တော့်
က သူတို့လိုက်လာတာကို ဘာမှအပြစ်မပြောသာပေမယ့် အခု
ဘပိတ်ပြီး ကျွန်တော့်ကို ရည်းစားစကားပြောတာတော့ လွန်
ကျွန်တော့်ဘဝမှာ အခုလို အခြောက်တွေက ရည်းစားစကား
ပြောတာ ပထမဆုံးပါ။

"ရှေ့က ဖယ်ဆိုဖယ်ဗျာ . . ကျွန်တော် ထိုးမိလိမ့်မယ်နော်"

ကျွန်တော် ဒေါသတော်တော်လေးဖြစ်နေမှန်းသိတော့မှ
နော်တော့်ရှေ့က ဖယ်ပါတယ်။ ကျွန်တော်လည်း မမတို့ရှိရာကို
လုပ်တုန်းမှာ ကျွန်တော့်ဘေးကို နိုနိုက ရောက်လာပါတော့
နေ့ ဘယ်လိုဖြစ်တာပါလိမ့်။ ကျွန်တော် ဘာတစ်ခုမှ ကံ
ပါလား။

မမတို့ရှိရာသို့ လှမ်းကြည့်တော့ မမတို့က အောက်ထပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆင်းသွားပါပြီ။ ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ နိုနိုကိုပဲ မဲလိုက်မိပါတယ်။

"နင်ကလည်း ရောက်လာတာမြန်လိုက်တာဟာ . . နောက် ထပ် ဆယ်မိနစ်လောက်မှ လာခဲ့တာမဟုတ်ဘူး . ."

"ဟင် ဘာဖြစ်လို့လဲ . . . နင့်မှာ ဝယ်စရာတွေ ရှိသေးလ လား . ."

"အေး . . ဟုတ်တယ်ဟေ့ . . ဟုတ်တယ် . . ငါဟိုဟာတွေ ဝယ်ရဦးမယ် . ."

"ကောင်စုတ် . . ."

နိုနိုနဲ့ကျွန်တော် တရုတ်ကြီးဆီကိုသွားနေတဲ့အခိုက်မှ ကျွန်တော့်စိတ်ထဲမှာ နိုင်ငံခြားသားလင်မယားကိုပဲ အပြစ်တင် မလား။ အခြောက်အုပ်စုကိုပဲ အပြစ်တင်ရမလား။ နိုနိုကိုပဲ အပြ တင်ရမလားမသိ စဉ်းစားနေမိပါတယ်။



# အခန်း (၅)

နံနက်ရှစ်နာရီကတည်းက တရုတ်ကြီးနဲ့ ကျွန်တော်လျှောက် ဆိုက်နေမိပါတယ်။ အကြောင်းကတော့ ဒီလိုပါ။

မနေ့ကညနေက ကျွန်တော်နဲ့တရုတ်ကြီး မမနဲ့ပတ်သက်ပြီး စကားစပ်မိကြပါတယ်။

"အမှန်အတိုင်းပြောရင် မင်းငါ့ကို အပြစ်တင်လည်း ခံရမှာ မြင့်ပြတ် . . ငါ မို့မို့နဲ့စကားလည်း မပြောရဲဘူး . . အိုကွာ . . ချက်နှာတွေ့လိုက်ရင် ရင်တွေခုန်လာတယ် . . ခြေဖျားလက်ဖျား တွေလည်းအေးလာတယ် . . ချွေးပါချင်သလိုလိုလည်း ဖြစ်လာတယ် ကြာ . . ဒီတော့ မင်းကိစ္စကို ငါကူညီနိုင်မယ်မထင်ဘူးကွာ . . မင်း ထားသာမင်း မို့မို့နဲ့တွေ့ပြီး အကူအညီတောင်းကြည့်ပေတော့ . . ."

ဘယ်လောက် အားကိုးစရာကောင်းတဲ့ သူငယ်ချင်းလည်း ဆိုတာ ကြည့်တော့။

"အေးလေ . . ဒါပေမယ့် ငါ့အနေနဲ့က မို့မို့နဲ့တွေ့ဖို့ သိပ် ရှယ်ဘူး ဖြစ်နေတယ် . . မို့မို့တို့ညီအစ်မကလည်း အပြင်သိပ်မ ရှိဘူး မဟုတ်လား . . သူတို့သင်တန်းတစ်ခုခုတက်နေတယ်သာ



www.burmeseclassic.com

www.burmeseclassic.com



သိရတာ . . ဘယ်အချိန်တက်မှန်းလည်း မသိ . . ဘယ်ရက်တွေမှန်းလည်း မသိ . . ဘယ်နေရာမှန်းလည်းမသိဘူးဆိုတော့ တွေ့ဖို့ မလွယ်ဘူးကွ . . ”

“အင်း . . ဒါလည်း ဟုတ်တာပဲ . . ဒါပေမယ့် တစ်ခုတော့ ရှိတယ်ကွ . . မင်း ငါ့ကိုယ်စား သတင်းစာပို့မလား . . . ”

မြတ်စွာဘုရား . . တရုတ်ကြီး ဘာကိုဆိုလိုတာပါလိမ့်။

“ဒီလိုလေကွာ . . ငါ မို့မို့တို့အိမ်ကို သတင်းစာပို့တဲ့အချိန်က မနက်ရှစ်နာရီလောက်မှာ . . အဲဒီအချိန်လောက်ဆို မို့မို့က အိမ်မှာ အမြဲရှိနေကျကွ . . အဲဒါ ငါ့ကိုယ်စားသူတို့အိမ်ကို သတင်းစာဝင်ပို့ရင်းနဲ့ အခွင့်သင့်ရင် မို့မို့နဲ့စကားပြောပေါ့ကွာ . . ဘယ့်နှယ်လဲ . .

အတော်ကလေး သင့်မြတ်တဲ့ အကြံအစည်ပဲဖြစ်ပါတယ်။ မို့မို့ကိုစကားပြောဖို့ သည်လောက်တော့ စွန့်စားရမှာပေါ့။ ဒါပေမယ့် ကျွန်တော်ချစ်နေတာက မမပဲ . .။

မမဟာ မို့မို့တို့နဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေတာ သေချာ တော့ မို့မို့က မမအကြောင်းကို ကျွန်တော့်ကို ပြောပါ့မလား။

နောက်ပြီး မို့မို့နဲ့ကျွန်တော်က ကျောင်းနေဘက်ဆိုပေမယ့် ကျောင်းတုန်းကလည်း သိပ်ရင်းနှီးကြတာမဟုတ်ပါဘူး။ အခု ကျောင်း ပြီး သွားတော့လည်း လမ်းမှာတွေ့ရင် စကားပြောဖြစ်ဖို့ နေနေသာ သာ ပြုံးယောင်ယောင်လေး လှုပ်သွားရုံလောက်သာ ခင်မင်ရင်းနှီး ရှိပါတယ်။

ဒါတောင် တစ်ခါတလေကျ ရင်ဆိုင်တိုးရင်တောင်မှ မမြ ချင်ယောင်ဆောင်သွားတာရှိသေးတယ်။ ဒါပေမယ့် မမအကြောင် သိရဖို့ မမနဲ့ခင်မင်ရင်းနှီးဖို့ကို ဘာဆက်လုပ်ရမှန်း မသိရတဲ့အချိန် မို့မို့ကိုပဲ မျှော်လင့်ချက်ထားရမှာပါပဲ။

ဒါကြောင့်မို့ ကျွန်တော်လည်း အကြံကုန် ဂဠုန်ဆားချ

တော်ဝင်မြို့မစာအုပ်တိုက်



ဆိုတဲ့စကားအတိုင်း သည်နေ့မနက်မှာ တရုတ်ကြီးနဲ့လျှောက်လိုက် ခြင်းဖြစ်ပါတယ်။ တကယ်ကတော့ သတင်းစာပို့တယ်ဆိုတဲ့ အလုပ်ဟာ မလွယ်ပါဘူး။

အခု တရုတ်ကြီးရဲ့ပုံသဏ္ဌာန်ကိုပဲ ကြည့် . . ပိတ်စနဲ့ချုပ် ထားတဲ့ လွယ်အိတ်ကြီးတစ်လုံးကို ပခုံးမှာလွယ်ထားပြီးတော့ အထဲ မှာလည်း သတင်းစာတွေကို အပြည့်။ သူ့လက်တစ်ဖက်ကလည်း အိတ်ကို ဆွဲထားသေးတယ်။ အဲဒီ့အထဲမှာတော့ ယနေ့ထုတ် ဂျာနယ်တွေ အပြည့်။

ကျွန်တော်ကလည်း သူငယ်ချင်းအရင်းကြီးတွေဆိုတော့ သူ့ ဂျာ ပိန့်အိတ်ကို ဆွဲယူပြီး လွယ်ထားပေးလိုက်ရတယ်။ မလွယ်ပါဘူး ဂျာနယ်တွေက အတော်လေးတာပဲ။

“မင်းတို့သတင်းစာလုပ်ငန်းအခြေအနေ ဘယ်လိုလဲကွ . ”

“မဆိုးပါဘူးကွာ . . အိမ်ရဲ့စားဝတ်နေရေးကို ကာမိပါတယ် နောက်ပြီး ဒီအလုပ်က မနက်ခင်းလေးပဲကွ . . ဆယ်နာရီ၊ ဆယ့် နာရီလောက်ဆို ပြတ်ပြီ . . ငါကတော့ သိပ်မလုပ်ချင်တော့ဘူး တခြား တည်တည်ငြိမ်ငြိမ် အလုပ်လေးတစ်ခုလောက် ပြောင်း ချင်ပြီ . . ဒါပေမယ့် ငါ့အဖေကဒီအလုပ်ကို အတော် သံယော ဇဉ်ရှိနေတာကွ . . ငါတို့ ပညာတတ်အောင် . . ဒီအလုပ်နဲ့ပဲ လုပ်ခဲ့ရ တာတဲ့ . . ဘဝမမေ့နဲ့တဲ့ . . . ”

“မင်းတို့ စက်ဘီးတော့ ဝယ်သင့်တယ်”

“ဘယ်လိုလုပ်ဖြစ်မှာတုန်းကွ . . တို့ ရပ်ကွက်က အိမ်ခြေစိပ် တယ် မဟုတ်လား . . . ဒီတော့ ခြေကျင်လျှောက်ပို့ရတာသာ အ ကောင်းဆုံး . . စက်ဘီးနဲ့သာဆိုရင် စက်ဘီးလေးငါးပတ် လိမ့်ပြီးတာ တစ်ခါပြန်ဆင်း . . တစ်ခါပြန်တက် လုပ်နေရမှာ . . . ”

“မဟုတ်ဘူးလေကွာ . . စက်ဘီးနဲ့ လမ်းပေါ်က စီးသွားပြီး

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာတွေကို အိမ်တွေထဲ လှမ်းလှမ်းပစ်ထည့်သွားပေါ့ ..
အောင်မာ .. တချို့တွေဆို လက်အရမ်းတည့်တာ .. ခြောက်ထ
တိုက်လောက်ကိုတောင် ရောက်အောင်ပစ်ထည့်နိုင်တယ် ...

"အဲဒီ့လို ငါလုပ်ဖူးတယ်ကွ .. တယ်တော့မနိုပ်ပါဘူး
.. ငါ ပစ်လိုက်တဲ့ သတင်းစာက ဝေ့ပြီး ရေတွင်းထဲကျသွားဖူးတ
.. နောက်ပြီး အဘွားကြီးတစ်ယောက်ရဲ့မုန့်ဟင်းခါးပန်းကန်ထဲ
သွားဖူးတယ် .. တစ်ခါကလည်း ထဘီဝတ်နေတဲ့ ကောင်မလေးတ
ယောက်ရဲ့ထဘီကြားထဲ သတင်းစာလိပ် ရောက်သွားလို့ သူ့ကိုတ
ပစ်တာပါဆိုပြီး ငါ့ကိုရန်တွေ့လို့ မနည်းပြဿနာရှင်းခဲ့ရတယ် ..
ကြောင့်မို့ အခုလို ခြေကျင်ပို့ရတာ အကောင်းဆုံးပဲ ..."

တဖြည်းဖြည်းနဲ့ နေနည်းနည်းမြင့်လာပါတယ်။

"ဟေ့ကောင် ... ဂျာနယ်တွေလည်း ရောင်းသွားရအော
.. အော်ဦးလေကွာ .. အင်း .. သူဌေးသားက ဂျာနယ်အိတ်ကြ
ဆိုတော့ အဆန်းပဲ .."

"ဘယ်လို အော်ရမှာလဲကွ .. လုပ်ပါဦး ..."

"ဒီမှာ ငါ နမူနာအော်ပြမယ် .. ဟောဒီမှာ ယနေ့ထု
ဂျာနယ်တွေရမယ် .. နန်းဆုရတီစိုးရဲ့ဒေါက်ဖိနပ်လေး အလှ
မှာ ထူးထူးဆန်းဆန်းပျောက်ဆုံးသွားတဲ့သတင်း .. နေတိုးရဲ့နေ
မျက်မှန်ဒီဇိုင်းပြောင်းသွားတဲ့သတင်းနဲ့ .. ဆုန်သင်းပါရ်ရဲ့ နှုတ်
နီဟာ ဘာအမျိုးအစားလဲဆိုတဲ့ ပဟေဠိတွေ .. သိချင်ရင် ဝယ်
ကြပါ ..."

"ဟေ့ကောင် ... အဲဒီ့သတင်းတွေက ဘယ်ထဲမှာပါလို
.. တကယ်ပါတာမှ ဟုတ်ရဲ့လား ..."

"မင်း အသာနေပါ .. ဟုတ်ဟုတ်မဟုတ်ဟုတ် .. လူ
ဝင်စားဖို့သာအဓိကပဲ .. ဟော ပြောရင်းဆိုရင်း ဟိုမှာ အဘိုး





တစ်ယောက် ဂျာနယ်ဝယ်တော့မယ် .. မင်း သွားရောင်းလိုက်ဦး"

ဟုတ်တော့ ဟုတ်ပါတယ် .. ဒီကောင် အော်လိုက်လို့လား
သိဘူး .. ခပ်လှမ်းလှမ်းက အဘိုးကြီးတစ်ယောက်က ကျွန်တော်တို့
ကို လက်လှမ်းပြပါတယ်။ ဒါနဲ့ကျွန်တော်လည်း အဘိုးကြီးနား
ရောက်သွားပါတယ်။

"စောစောက ... နန်းဆုရတီစိုးရဲ့ ဒေါက်ဖိနပ် အလှအိမ်
မှာ ထူးထူးဆန်းဆန်း ပျောက်သွားတယ်ဆိုတဲ့ သတင်းပါတဲ့ ဂျာနယ်
လေး ပေးစမ်းကွာ .. အဲဒါ ငါဝယ်မယ် .."

"ရမယ် အဘိုး .. ဟဲ ဟဲ .. နေတိုး သတင်းပါတဲ့ ဂျာနယ်
ရော .. ယူဦးမလား"

"ဟာ .. နေတိုး ဘာလုပ်မှာလဲ .. နန်းဆုရတီစိုးပဲပေး"

"ဩော် .. ဟုတ်ကဲ့ .. ဟုတ်ကဲ့ .. မိုးဟောကိုသတင်းပါတဲ့
ဂျာနယ်ရော ယူဦးမလား ခင်ဗျာ .."

"မိုးဟောကိုက ဘာဖြစ်လို့လဲ .."

ကျွန်တော်လည်း ဘယ်လိုဖြေရမလဲလို့ စဉ်းစားလိုက်မိပါ
တယ်။ မထူးပါဘူးဗျာ ..။

တရုတ်ကြီး ပြောသလိုပဲ။ ဟုတ်ဟုတ် မဟုတ်ဟုတ်။ လူစိတ်
ဝင်စားဖို့ အဓိကပဲ မဟုတ်လား။

"မိုးဟောကို တစ်ရက်ကို ဟိုဒင်း ဘယ်နှခါ ..."

"ပြောစမ်း .. ပြောစမ်း .. ငါ စိတ်ဝင်စားလာပြီ .."

"ဟိုဒင်း .. တစ်ရက်ကို ရေဘယ်နှခါ သောက်သလဲဆိုတဲ့
သတင်း .."

"မင်းကြီးတော်ထဲမှပဲ .. ဒါ သတင်းလားကွ .. သူဘာသာ
သူ ရေဘယ်နှခါသောက်သောက်ပေါ့ ..."

အဘိုးကြီးက မျက်နှာကိုရှုံ့မဲ့ပြီး ပြောရင်းက ကျွန်တော့်လက်



www.burmeseclassic.com

www.burmeseclassic.com



ထဲက ဂျာနယ်တစ်စောင်ကို ဆွဲယူပြီး လှောက်ကြည့်ပါတယ်။

"ဟော့ကောင် . . နန်းဆုရတီစိုးသတင်း ပါတာရော ဟုတ်ရဲ့ လား . . မဟုတ်လို့ကတော့ မင်း နာပြီသာမှတ် . . ."

"ဟာ . . ဟုတ်ပါတယ် အဘိုးရယ် . . မယုံရင် ဖတ်ကြည့် ပါ . . ."

ကျွန်တော်လည်း အဘိုးကြီးကို အဆင်သင့်ရာ ဂျာနယ်တ စောင်ရောင်းပြီး သူ့အနားက မြန်မြန်လေးထွက်လာလိုက်မိတယ် တရုတ်ကြီးအနားရောက်တော့ အဘိုးကြီးကို ရောင်းခဲ့တဲ့ဂျာန အကြောင်းနဲ့ ဂျာနယ်ဖိုးပေးလိုက်မိတယ်။

"ကောင်းတော့ ကောင်းတယ် . . ဒါပေမယ့် လက်ပေါ ကပ်တဲ့ လူမျိုးနဲ့ကျတော့ သိပ်မရှိုးနဲ့ကွ . . . တော်ကြာ မင်းရှိုး သတင်းမပါလို့ကတော့ ကောင်းကောင်းဆဲလိမ့်မယ် . . အဲဒီတေ လူကြည့်ပြီး အဆင်ပြေ၊လို အော်ရတယ် ဟဲ ဟဲ . . . ဖြစ်နိုင်ရ တော့ ဂျာနယ်တွေရဲ့ မျက်နှာဖုံးသတင်းတွေကိုလည်း လှောက်ဖ ထားရတယ်. . ဥပမာပေါ့ကွာ . . ဘယ်မင်းသားတော့ သေပြီ . ဘယ်သူတော့ မသေသေးဘူး . . အဲဒီလိုပေါ့ . ."

"ဟာ . . မင်းဥစ္စာကလည်းကွာ . . သေတာတော့ ထား တော့ . . မသေသေးဘူး ဆိုတာကတော့ သူ့ကိုသေစေချင်တဲ့ သဘေ ဖြစ်နေတယ်ကွ . . ကြည့်လဲလုပ်ဦး . . ."

"အေးကွ . . ဟား ဟား . . ငါမှားသွားတယ် . . ."

တဖြည်းဖြည်းနဲ့ ကျွန်တော်တို့နှစ်ယောက် မို့မို့တို့လမ်း ရောက်လာပါတယ်။

"ကဲ . . ဟော့ကောင် . . ရော့ . . သတင်းစာတွေ နည်းနည် ခွဲယူ . . ရော့ . . ဒါက မင်းပို့ရမယ့် အိမ်နံပါတ်တွေ . . မှားလည် မပို့နဲ့ဦးနော် . . ."





"အေးပါကွာ . ."

ကျွန်တော်လည်း တရုတ်ကြီးခွဲပေးတဲ့ သတင်းစာတချို့နဲ့ စာရင်းစာရွက်လေးကိုယူပြီး မို့မို့တို့လမ်းထဲ ဝင်ခဲ့ပါတယ်။ ပြီးတော့ စာရင်းအတိုင်း သတင်းစာတွေ စပို့တယ်။

တချို့အိမ်တွေကတော့ သတင်းစာသမား အပြောင်းအလဲ ဖြစ်သွားတာကို ဘာမှမပြောပေမယ့် တချို့အိမ်တွေကတော့ စပ်စုကြ ပါတယ်။

ဒီလိုနဲ့ပဲ မို့မို့တို့ခြံရှေ့ကိုရောက်သွားတယ်။ သူတို့အိမ် လေးက တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ ကျွန်တော်လည်း ခြံတံခါး ကို အသာတွန်းဖွင့်ပြီး အထဲကိုဝင်လိုက်တယ်။ မို့မို့က အိမ်ရှေ့ခန်းမှာ ထိုင်နေပါတယ်။

"သတင်းစာ . . သတင်းစာ . . ."

မို့မို့က ကျွန်တော့်အသံကြောင့် တံခါးဝကို လှမ်းကြည့်ပြီး ကျွန်တော်မှန်းသိလိုက်တော့ အံ့အားသင့်သွားပုံရပါတယ်။ သူက အပြုံးနဲ့ ကျွန်တော့်ဆီ ထလာပါတယ်။

"ကိုမြင့်မြတ်ဇော် မဟုတ်လားဟင်"

ကျွန်တော် ကျေနပ်သွားပါတယ်။ မို့မို့က ကျွန်တော့်ကို မှတ်မိ သားပဲ။

"ဟုတ်တယ် . ."

"ဟင် . . . သတင်းစာဝင်ပို့နေတယ် ဟုတ်လား . . ."

"ဟုတ်တယ် . . . တရုတ်ကြီး နေမကောင်းလို့ဟ . . . အဲဒါ ကိုယ်စား လိုက်ပို့ပေးတာ . . ."

"ကိုမြင့်မြတ်ဇော် ကျောင်းပြီးသွားပြီ မဟုတ်လား . . အခု သင်တန်းတွေ တက်နေလဲ . . ."

"တို့လား . . လည်ရာပြန်စားရေးပဲ တက်နေတယ် ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . ."

"ဘာမှ မတက်ဖြစ်သေးဘူး . . ပြောတာ . ."

"မို့မို့တော့ အင်္ဂလိပ်စာသင်တန်းတက်နေတယ် . . ကျောင်းတုန်းက ငယ်သူငယ်ချင်းတွေနဲ့ ပြန်တွေ့သေးလား . . ."

"မတွေ့ဖြစ်ဘူး . ."

မဟုတ်တဲ့ အာလာပသလ္လာပတွေနဲ့ အချိန်ကုန်နေလို့ မဖြစ်ပါ။ ဒါကြောင့်မို့ ကျွန်တော်လည်း အရဲစွန့်ပြီး ပြောချလိုက်မိပါတယ်။

"ဪ . . ဒါနဲ့ မို့မို့အစ်မလားမသိဘူး . . ဒီအိမ်ကို လာလာနေတဲ့ အစ်မတစ်ယောက်လေ . . ဟိုတစ်နေ့က ဝင်းလွင်မောင်ရဲ့ အကြော်ဆိုင်မှာ တွေ့လိုက်သေးတယ် . ."

အရဲစွန့်ပြီး ပြောလိုက်တဲ့စကားဖြစ်သလို ရမ်းသမ်းပြီး ပြောလိုက်သော စကားဖြစ်ပါတယ်။ မို့မို့က ပြုံးသွားပါတယ်။

"မမ ဇီးနပ်င်-ကို ပြောတာထင်တယ် . . မမက တို့တွေရဲ့ တစ်ဝမ်းကွဲအစ်မလေ . . . မမက အေရိုးဗစ်နဲ့ကိုယ်ကာယ အလှသင်တန်းဖွင့်ထားတယ် . . လမ်းမတော် ဆယ့်ငါးလမ်းမှာ . . ."

ကျွန်တော် ရင်တွေဒိတ်ခနဲခုန်သွားပါတယ်။ မမနဲ့ပတ်သက်တဲ့ သဲလွန်စတစ်ခုကို ကျွန်တော် ရလိုက်ပါပြီ။

ကျွန်တော်လည်း သိချင်စိတ်နဲ့ မမရဲ့နေရပ်လိပ်စာကို ထပ်မေးမလို့လုပ်ပေမယ့် မို့မို့ရဲ့ စကားလမ်းကြောင်းက ပြောင်းသွားပါတယ်။

"အေးဟယ် . . ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ စကားပြောရတော့ ကျောင်းကြီးကိုလည်း သတိရတယ် . . ဆရာ . . ဆရာမတွေကိုလည်း သတိရတယ် . ."

မမအကြောင်းပေါ်တင်ကြီး ဖွင့်မေးလို့ မကောင်းပါ။ ဒါကြောင့် ကျွန်တော့်ရဲ့သိချင်စိတ်ကိုချိုးနှိမ်ထားလိုက်ရပါတယ်။





"မို့မို့က . . ဘယ်အင်္ဂလိပ်စာသင်တန်း တက်နေတာလဲ . . အတော်ပဲ တစ်ရုတ်ကြီးကလည်း အင်္ဂလိပ်စာတက်ချင်နေတာ . . တို့ ဒီကောင့်ကို လွှတ်ပေးလိုက်မယ် . ."

"ဟို . . မျက်နှာရှူး သတင်းစာပို့တဲ့ ကောင်လား . . အမလေး . . မလွှတ်လိုက်ပါနဲ့ . . သူ့မျက်နှာက တစ်ချက်လေးမှ အပိုးကျိုးတာ မဟုတ်ဘူး . . ."

"သူငယ်ချင်းတွေပဲဟာ . ."

"အင်း . . မြင့်မြတ်ဇော်ကို ပြောရဦးမယ် . . နင်တို့အဖွဲ့ ဘို့လမ်းထဲကို ဒီတစ်ခါ ဘောလုံးလာကန်ရင် မေမေက ဥက္ကဋ္ဌသွားတိုင်မယ် ပြောတယ် . . ပန်းအိုးတစ်အိုးလည်း ကွဲသွားပြီးပြီ . ."

မြတ်စွာဘုရား . . သည်ကိစ္စကို ဟိုကောင်တွေကို ပြောဦးမှပဲ။

"အေးဟာ . . တို့လည်း တစ်လမ်းပြီး တစ်လမ်း . . တစ်ခနရာပြီး တစ်နေရာ ပြောင်းရင်းနဲ့ မို့မို့တို့လမ်းထဲ ရောက်လာတာ . . နောက်မကန်တော့ပါဘူးဟာ . ."

ကျွန်တော်လည်း မို့မို့နဲ့စကားပြောရင်း အိမ်ထဲကို မသိမသာကြည့်ပေမယ့် မမရဲ့အရိပ်အယောင်ကို မတွေ့ပါ။ မမက ညနေပိုင်းတွေမှသာ လာတတ်တယ် ထင်တာပဲ။

"ကဲ . . . ငါ သွားလိုက်ဦးမယ် . . . သတင်းစာ ဆက်ပို့ရဦးမယ်ဟ . . ."

မို့မို့ကို နှုတ်ဆက်ပြီး ကျွန်တော်လည်း ခြံဝဘက် ပြန်လှည့်လိုက်သောအခါ မမနဲ့ တိုက်တိုက်ဆိုင်ဆိုင် ရင်ဆိုင်တိုးပါတော့တယ်။ မမက ကျွန်တော့်ကို ချက်ချင်းပဲ မှတ်မိပါတယ်။

"ဟင် . . မင်း . . သတင်းစာလည်း ပို့တယ်ဟုတ်လား . ."

မမက အံ့သြနေပုံလည်း ရပါတယ်။

"ဟုတ်ကဲ့ မမ . . စားဝတ်နေရေး အတွက်ဆိုတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ လုပ်စားရတာပေါ့ဗျာ . . ကျွန်တော် သွားလိုက်ဦးမယ်နော်"

ကျွန်တော် မို့မို့တို့အိမ်ကထွက်ပြီးတာနဲ့ သတင်းစာဆက်ပြီး ပို့ရမယ့်အိမ်တွေကို လိုက်ပို့တယ်။ နေနည်းနည်းမြင့်တော့ ချွေးတွေလည်း ရွှဲလာတယ်။

လမ်းထိပ်ရောက်တော့ တရုတ်ကြီးကိုရှာတယ်။ ဒါပေမယ့် ဒီကောင့်ကို မတွေ့ပါဘူး။ ကျွန်တော့်လက်ထဲမှာ သတင်းစာတွေလည်း အတော်များများကျန်သေးသလို ဂျာနယ်တွေလည်း ကျန်ပါသေးတယ်။

ကျွန်တော်လည်း လမ်းထိပ်မှာ ယောင်လည်လည်နဲ့ တရုတ်ကြီးကို ရှာကြည့်နေတုန်း ဖေဖေ့ကားက ဘေးကိုရောက်လာပါတယ်။

"သား ဘာလုပ်နေတာလဲ . ."

"ဟိုး . . သား သူငယ်ချင်းတရုတ်ကြီး နေမကောင်းလို့ ဖေဖေ . . သူ့ကိုယ်စား သတင်းစာ ပို့ပေးတာ . ."

ဖေဖေ့မျက်နှာ တည်သွားပါတယ်။ ပြီးတော့မှ တဖြည်းဖြည်း ပြုံးလာတယ်။

"လာ . . ကားပေါ်တက် . . ဖေဖေတို့ တစ်ခုခုသွားစားရင်းနဲ့ စကားပြောကြရအောင်"

"ကျွန်တော့်မှာ သတင်းစာတွေနဲ့ ဖေဖေ . ."

"ရပါတယ်ကွာ . . . သား သတင်းစာတွေ ကားပေါ်မှာ ထားခဲ့ပေါ့ . ."

ကျွန်တော် ကားပေါ်တက်လိုက်ပြီး သတင်းစာတွေကို နောက်ခန်းကိုပို့လိုက်ပါတယ်။ ဖေဖေက အသင့်အတင့်သန့်ရှင်း သပ်ရပ်တဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို မောင်းသွားတယ်။

ပြီးတော့ ကျွန်တော်တို့သားအဖနှစ်ယောက် ပဲပလာတာစား လက်ဖက်ရည်သောက်ရင်းနဲ့ စကားပြောကြပါတယ်။



"သား အခု ဘာသင်တန်းတွေ တက်နေလဲ . ."

"ဟင်း ဟင်း . . ကျွန်တော် လည်ရာပြန်စားရေး သင်တန်း . . ဘာမှ မတက်ရသေးပါဘူး ဖေဖေ . ."

"ကျောင်းပြီးတာ နှစ်နှစ်တောင်ရှိပြီ . . . သား တစ်ခုခု ဘ်ဖို့ကောင်းပြီ . . လူတစ်ယောက် လုပ်စရာကိစ္စတစ်ခုခုမရှိဘဲ တိုင်းနေရင် . . စိတ်လေလာလိမ့်မယ် . . . အဲဒီမှာ အပျင်းကြီး လိမ့်မယ် . . လူတစ်ယောက်ရဲ့ဘဝမှာ ကြောက်စရာ.အကောင်း ရန်သူဟာ ဘာလဲ သား သိလား . . ."

"ရန်သူမျိုးငါးပါးပေါ့ ဖေဖေ . ."

"အင်း . . ဖေဖေ့အမြင်ပြောရရင်တော့ ရန်သူမျိုးငါးပါး တောင် ပိုကြောက်ဖို့ကောင်းတဲ့ရန်သူပဲ . . . အဲဒါဟာ အပျင်းပဲ . . လူဟာ ပျင်းရင် ဖျင်းလာတတ်တယ်"

ကျွန်တော် နည်းနည်းမခံချင်ဖြစ်သွားပါတယ်။

"အခုဟာက ကျွန်တော်ပျင်းနေတာ မဟုတ်ပါဘူး ဖေဖေ နက်မိုးလင်းကတည်းက သူငယ်ချင်းတွေနဲ့ တိုင်ပင်ဆွေးနွေး နေတာပါ . . နောက်ပြီး သားမှာ လူမှုရေးလုပ်ငန်းတွေလည်း တယ် ဖေဖေ . ."

"ဟား ဟား . . . ငါ့သားက NGO တောင် ဖွဲ့ချင်နေပြီထင် . . ထားပါတော့ကွာ . . သား သူငယ်ချင်းတွေနဲ့ တိုင်ပင်ဆွေး တာက အလုပ်လုပ်ဖို့ကိစ္စ ထင်တယ် . ."

"ဟုတ်ကဲ့ . . ."

"သားတို့ဆွေးနွေးနေတာ . . . နှစ်နှစ်တောင် ကြာပြီပဲ . . ဖေဖေပြောဖူးတဲ့ ပုံပြင်လေးထဲကလို ဖြစ်နေပြီနဲ့တူတယ် လို့ကွ . . တစ်ခါတုန်းက ရွာတစ်ရွာမှာ သူကြီးတစ်ယောက်ရှိ . . သူ့မှာ သိပ်လှတဲ့သမီးလေးတစ်ယောက်လည်း ရှိတယ် . .



www.burmeseclassic.com

www.burmeseclassic.com



သူကြီးက သမီးလေးကို ရွာက ကာလသားတွေနဲ့ မပေးစားချင်ဘူး..

ဘာဖြစ်လို့လဲဆိုတော့ ရွာက ကာလသားတွေက ပျော[...] လည်း မတတ်.. ပိုက်ဆံကလည်း မရှိကြ.. အကြံညဏ်တွေ[...] လည်း ထိုးဆိုတော့ သူ့သမီးလေးရဲ့ အိမ်ထောင်ဖက်အတွက် စိုးရိမ်[...] သတဲ့..

အဲဒီလိုအချိန်မှာပဲ.. သူတို့ရွာကို မြို့ကလူတစ်ယောက်[...] ရောက်လာတယ်။ အဲဒီလူက မှတ်ဆိတ်ကျင်စွယ်တွေနဲ့တဲ့.. အဲဒီ[...] က သူကြီးအိမ်ရဲ့ ရှေ့တောင်းထိုးအိမ် တစ်အိမ်မှာ ငှားနေသတဲ့.. သူကြီးကလည်း မြို့သားတစ်ယောက် အလဲထိုက်နေတာပေါ့ကွာ..

အဲဒီမှာပဲ ထူးခြားချက်တစ်ခုကို သွားတွေ့သတဲ့.. အဲဒီ[...] သားက မနက်တိုင်း ညနေအထိ အိမ်ရှေ့မှာ ထိုင်ထိုင်ပြီးလား[...] ထက်လုံးနဲ့ ထုတ်ထိုင်ပြီး သူ့မှတ်ဆိတ်တွေကို ထုတ်ပြီးဝင်းလားတော့[...] ပေါ့.. တန်တော့ကျကြ.. ငါ့ရှေ့နေတဲ့ သမက်မျိုးက ဒီလိုကော[...] မျိုးပဲ... ဒီတောင် အလုပ်ကြီးအတိုင်းကြီး ကင်းစာတိုလယ်မှ ကြီး[...] မားမားကြီးညည်းဝင်းလားနေတာပဲဖြစ်မယ်..

ဒီလိုတောင်မျိုးနဲ့ သူ့သမီးကို ပေးစားလိုက်ရင် အကျိုးရှိ[...] လို့ ဝင်းလားမြင်း အဲဒီ မှတ်ဆိတ်နဲ့ကောင်တိုပေါ် တွေ့ပြီး သူ့[...] လေးနဲ့ ပေးစားလိုက်သတဲ့.."

ကျွန်တော်လည်း စိတ်ဝင်စားလို့ ဘာဖြစ်နိုင်းစေးဘဲ [...] ဖိုးဖြင့်ကို ငြိမ်ငြိမ်နားထောင်နေလိုက်ပါတယ်။

"အဲဒါနဲ့ပဲ.. မှတ်ဆိတ်နဲ့ကောင်နဲ့သူ သမီးအိမ်ထောင်[...] သွားတာပေါ့ကွာ.. ဒါပေမယ့် အိမ်ထောင်ကျပြီးသွားတော့..[...] ကောင်က ဘာအလုပ်မှ မလုပ်သေးဘူး.. မနက်မိုးလင်းပြီဆို[...] အိမ်ရှေ့မှာ ထက်ထက်တလားထိုင်နဲ့ထိုင်.. မှတ်ဆိတ်ကိုသာ[...] ပြီး ဝင်းလားနေတုန်းပဲ.. တစ်ရက်လည်းမဟုတ်.. တစ်လ[...]



ထုတ်တော့ သူကြီးက စိတ်နည်းနည်းပူလာသတဲ့...

ဒီတောင့်အကြံအစည်က ဘာတွေများလဲလို့ ဒီလောက်ကြာအောင် ဝင်းလားနေတာလဲပေါ့.. ဒါနဲ့ နောက်ဆုံးမှာ ဘယ်လိုမှမနေနိုင်တော့လို့ သူ့သမက်ကိုပေါ် ပြီး ပြောင်းဝဲမွှင့်မေးရတော့တာပေါ့..

"တော့.. ငါ့သား.. မင်းမှာ ဘာအကြံအစည်တွေများရှိလို့ ဒီလောက်တောင်မှ မှတ်ဆိတ်တွေကို ထုတ်ပြီး ဝင်းလားနေတာလဲလို့ မေးလိုက်ရော... မှတ်ဆိတ်တိုယ်တော်က ရှုတ်ရှောင်တတ်တား ရှာတနေ..

"ဟာ.. ခုန်ရေတွေလိုက်လေ အဖေရာ.. ကျွန်တော်တစ်ယောက်တည်း ဝင်းလားမဖြစ်နေတာ.. အဖေပါ တူတင်စားလေးပါလို့ ပြန်ပြောတယ်တဲ့ကွ.. ဒီတော့ သူကြီးကပဲ.. ဘေး.. ကွာ.. အဖေလည်း တူဝင်းလားမေးပဲဆိုတော့မှ.. မှတ်ဆိတ်တိုယ်တော်က ဒီမှတ်ဆိတ်တွေက ဆံပင်ရဲ့အမြစ်တွေများ ဖြစ်နေမလား.. အဖေရတဲ့... ဟား ဟား...."

ကျွန်တော်လည်း မေမေနဲ့အတူ လိုက်ရယ်လိုက်မိပါတယ်။ [...]ငြိမ်းပဲက မှတ်ဆိတ်တိုယ်တော်က ပေါက်တဲ့။ ရယ်ရင်းနဲ့ ကျွန်တော့်[...] တရွဲရွဲလှည့်သွားမိပါတယ်။

မေမေ ဘာရည်ရွယ်ချက်နဲ့ ဒီပုံပြင်ကိုပြောတာလဲ။ တစ်နေ့[...]လည်း ဘာမှမလုပ်ဘဲ ပြတင်းနားကို ထိုင်ငေးနေတဲ့ လူတစ်ယောက်ရဲ့အကြောင်းနဲ့ ကျွန်တော့်ကိုနှိုင်းပြီး သရော်လိုက်တာလား။

"တော်တော့ တော်သေး ဘယ်လို... မေမေ့စကားတော့[...] ရှေ့သေးဘူး"

ကျွန်တော့်ကိုယ် ပက်ခနဲဖြစ်သွားမိပါတယ်။

"ဒါတွေ သားကိုပြောနေတာက... သားကို မတွေ့နိုင်လို့[...]ထက်ကူးနော် ... မေမေတို့ ရွာလေ့ရှာက ပင်းလိုတောင်နေမှစ



www.burmeseclassic.com

www.burmeseclassic.com



ယောက် အတွက်ချည်းပဲ . . ဒါပေမယ့် လူဟာ ဘယ်လောက်ပဲ စား ဝတ်နေရေး ပြည့်စုံ . . ပြည့်စုံ . . ကိုယ့်စီးပွားဥစ္စာကိုတော့ ကာကွယ် နိုင်ရမယ် . . တိုးတက်အောင် လုပ်နိုင်ရမယ် . . ဘာပဲလုပ်လုပ် တော်စေချင်တယ် . . အောင်မြင်စေချင်တယ်"

"ကျွန်တော်ကတော့ မပြည့်စုံတဲ့ဘဝတွေအတွက်ကို တစ်ခုခု လုပ်ပေးချင်တယ် . . ဖေဖေ . . ကျွန်တော် မချမ်းသာရင် နေပါစေ"

"ဖျောက် . . ."

"ကောင်းတယ် သား . . . ဒါဟာ ပရဟိတ စိတ်ဓာတ်ပဲ . . ကိုယ့်အကျိုးထက် အများအကျိုးကို လုပ်ပေးချင်တဲ့စိတ်ဓာတ်ပဲ . . ဒါပေမယ့် အများအကျိုးကို လုပ်ပေးချင်တယ် . . မပြည့်စုံတဲ့ ဘဝတွေကို ကယ်တင်ချင်တယ်ဆိုပြီး ပါးစပ်ကနေပြောနေရုံနဲ့ မရဘူး . . တကယ်ကို လက်တွေ့ကယ်တင်ချင်တယ်ဆိုရင်တော့ မပြည့်စုံတဲ့ ဘဝတွေကို ပြည့်စုံတဲ့သူမှ ကယ်တင်လို့ရမယ် . . . အဲဒါကို သား နားလည်ရမယ်"

"ကျွန်တော့်မှာ ဖေဖေတို့ရဲ့ ပိုက်ဆံတွေ ပြည့်စုံနေတာပဲ"

"အင်း . . . ကောင်းရောကွာ . . . ဖေဖေတို့ အေးအေး ဆေးဆေး စကားပြောကြမှ ဖြစ်မယ် . . အခုတော့ ဖေဖေ့အလုပ်ကိစ္စ လေးတွေ ရှိနေလို့ . . သွားကြရအောင် . . ."

ဖေဖေက ကျသင့်ငွေထုတ်ရှင်းပြီး ကျွန်တော်တို့သား အဖ လက်ဖက်ရည်ဆိုင်က ထွက်ခဲ့ကြပါတယ်။ ဖေဖေက ကျွန်တော့်ကို တရုတ်ကြီးတို့အိမ်အထိ လိုက်ပို့ပေးပါတယ်။

အချိန်ကတော့ ဆယ့်တစ်နာရီလောက်တောင် ရှိနေပြီ။ ကျွန်တော်လည်း သတင်းစာနဲ့ ဂျာနယ်တွေကိုပိုက်ပြီး တရုတ်ကြီး တို့အိမ်ပေါ်ကို တက်ခဲ့ပါတော့တယ်။

"ဟေ့ကောင် . . မင်း ဘယ်လိုလုပ်လိုက်တာလဲ . . မြင့်ဦး



. . ငါ့မှာ သတင်းစာထုပ်ကြီးနဲ့ ဘယ်လိုက်လို့လိုက်ရမှန်းလည်း မသိ . . သတင်းစာပို့ဖို့ အိမ်တွေကလည်းကျန်သေးတယ် . . သတင်း စာတွေကလည်း မင်းဆီပါသွားတယ် ဆိုတော့ . . ."

"ငါ မင်းကိုလိုက်ရှာသေးတယ်ကွ . . . မတွေ့လို့ ငါ့အဖေနဲ့ ပါသွားတာ . . ."

"ဘယ်လိုလဲ အခြေအနေကောင်းလား"

"မင်းကိုတော့ . . . ကောင်မလေးက သိပ်မကြည်တာတော့ အမှန်ပဲ . . . ဒါပေမယ့် မင်းဆက်ပြီး ကြိုးစားဖို့တော့ လိုလိမ့်မယ် တရုတ်ကြီး"

"အဟမ်း ဟမ်း . . ."

တရုတ်ကြီးအဖေက ချောင်းဟန့်ပါတယ်။ အဘိုးကြီးက သူ့ သားကို တရုတ်ကြီးလို့ခေါ်တာ လုံးဝမကြိုက်ပါဘူး။ တကယ်က တရုတ်ကြီးရဲ့နာမည်ရင်းက တာရာပါ။

ဒါပေမယ့် အဖေ ဗမာ၊ အမေ ဗမာဖြစ်ပါရက်နဲ့ ဒီကောင့် ... ဘယ့်နှယ်ဖြစ်တယ် မသိဘူး . . . တရုတ်စစ်စစ်တစ်ယောက်ရဲ့ ... သည်မျိုး။

"အဲဒါ ဟောင်ကောင်တရုတ်ကားတွေ အကြည့်များလို့ကွ . . . ငါ့အဖေနဲ့အမေက ညညဆို ဟောင်ကောင်တရုတ်ကားတွေ ... လည်လည်ကြည့်ကြတယ် . . . တစ်ခါတလေ မအိပ်တောင် ... ကြဘူး . . ."

"မအိပ်ကြဘူး . . ဟုတ်လား . ."

"ဟာ . . . ရုပ်ရှင်ကြည့်နေတာကွ . . မင်းတို့ဘာတွေ ... စဉ်းစားနေတာလဲ . . . အတော်ဆိုးတဲ့ကောင်တွေ . . ."

"ငါ့စိတ်ထင်တော့ မင်းရဲ့ဥပမိရုပ်က ဗမာနဲ့မတူဘဲ . . ... တူနေတာက တရုတ်ကားတွေ အကြည့်များလို့ မဖြစ်နိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



.. ဟိုဒင်း .. မင်းမမွေးခင် မင်းအဖေ .. ရှမ်းပြည်နယ်တို့ တစ်လ
လောက် ခရီးသွားဖူးတယ် မဟုတ်လား .. အဲဒါကြောင့်ကွ .."

တရုတ်ကြီးက ရှုတ်တရက် သဘောမပေါက်ပါ။

"ဟင် ... ငါ့အဖေ ခရီးသွားတာနဲ့ ဘာဆိုင်လို့လဲကွ
.. အဲဒီတော့ ငါ့အမေက အိမ်မှာ ကျန်ခဲ့တာပဲ ..."

"အေး .. အဲဒါကြောင့်ပဲ .."

"ဟာ .. ခွေးကောင်တွေ .. ခေါ်က်တရုတ်တွေကွာ ..."

ကျွန်တော်တို့ ဝိုင်းရယ်လိုက်ကြတော့ ဒီကောင်သဘောပေါက်
သွားပါတယ်။

"အင်း .. မင်းဆက်ပြီးတော့ ကြိုးစားဖို့သာ လိုလိမ့်မယ်
.. တရုတ်ကြီးရ .."

တရုတ်ကြီးက အသံခပ်အုပ်အုပ်လုပ်ပြီး ပြောပါတယ်။

"ငါ့အဖေရှေ့မှာ တရုတ်ကြီးဆိုတဲ့ နာမည်ထည့်မပြောစ
ပါနဲ့ကွာ .."

"ဒါဆိုမင်းအချစ်ရေးတို့စွတွေရော .. ပြောလို့ဖြစ်ရဲ့လား"

"ဟီး ဟီး .. အဲဒါတော့ဖြစ်တယ်ကွ .. ငါတို့အဖေက တို့
မိန်းမမြန်မြန်ယူပြီး အိမ်ထောင်က မြန်မြန်ဆင်းစေချင်တာကွ .. အဲ
လို မိန်းမယူလိုက်ပြီဆိုတာနဲ့ တို့ကို သူ့ထမင်းမကျွေးတော့ဘူးလေ ..
ကိုယ့်ဘာသာကိုယ် ရှာစားရတော့မှာ .. သူ့အတွက်တော့ ငါး
တစ်ပေါက် ရော့သွားမှာပေါ့ကွာ ..."

"အင်း .. မင်းအဖေရဲ့ အဘိဓမ္မာက အဆန်းပဲကွ .."

"ဒါနဲ့ ပြောစမ်းပါဦး .. မှိုမှိုနဲ့ ပြောခဲ့တဲ့အထဲမှာ ဘာ
ထူးခြားသလဲ"

ကျွန်တော် ပြန်ပြောပြလိုက်တော့ တရုတ်ကြီးက စိတ်
တစားနဲ့ နားထောင်နေပါတယ်။

"အဲဒီတော့ မင်းအနေနဲ့ မှိုမှိုထက်တဲ့ အင်္ဂလိပ်စာသင်တန်း
ထိုက်တက်စေတော့ .."

"အင်း .. ငါ့အဖေကတော့ ကောင်းကောင်းမေတ္တာပို့တော့
မှာပဲ .. ဒါနဲ့ပြောစမ်းပါဦး .. မင်းမမေကြောင်းရော ဘာတွေသိ
ခဲ့ရလဲ"

"တဲ တဲ .. မမနာမည်က စီးနပ်စ်တဲ့ကွ"

"ဟွန်း .. နာမည်ကြီးကလည်းကွာ .. လူနဲ့တောင် မလိုက်
ဘူး .. တကယ်ဆို .. ဝင်းမမမောင်တို့ .. စုနန္ဒာလင်းထက်တို့
.. အဲဒီလို နာမည်မျိုးတွေ ဖြစ်ရမှာ ..."

"ဟေ့ကောင် .. ငါ့အတွက်ကတော့ စီးနပ်စ်ဆိုတဲ့ နာမည်
နဲ့ဆိုလေးကပဲ အဓိပ္ပါယ်ရှိတယ်ကွ .. ကြည့်စမ်း .. ဘယ်လောက်
လိုက်တဲ့ နာမည်လေးလဲ .. မင်းမို့ကွာ .. စီးနပ်စ်ဆိုတဲ့ နာမည်
က လှေ့ဘူးတဲ့ .. မင်း တရုတ်ကြီးဆိုတဲ့ နာမည်ထက်တော့ပို .."

"အေးပါ .. တင်း .."

တရုတ်ကြီးအဖေက ချောင်းတန့်ပါတယ်။ ဒုက္ခပါပဲ။ တရုတ်
ကြီးအဖေကို ချောင်းအဆက်မပြတ်ဆိုးစေချင်ရင်တော့ တရုတ်ကြီး
ဆိုတဲ့ နာမည်ကို အဆက်မပြတ်ခေါ်ပေးရလိမ့်မယ်။

အဲဒီ့အခိုက်မှာပဲ တရုတ်ကြီး၏အဖေက ကျွန်တော့်ကို
ဆောင်းစာပုံတွေကြားက လှမ်းခေါ်လိုက်ပါတယ်။

"ဟေ့ကောင် ..."

"ဗျာ .."

"မင်းနာမည် ဘယ်လိုခေါ်သလဲကွ"

"မောင်မြင့်မြတ်ဇော်ဝါ ခင်ဗျာ .."

ကျွန်တော်က မှိုရိုသေသေ ဖြေလိုက်မိပါတယ်။

"မင်း ငါ့ကိုသိသလား .."





www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ သိပါတယ် . . တရုတ်ကြီးရဲ့အဖေပါ ခင်ဗျာ . . "

"ဘာကွ... . "

ကျွန်တော်လန့်သွားမိပါတယ်။ သူ့သားကို တရုတ်ကြီးလို့ အခေါ်မခံချင်တဲ့ အဖေလုပ်သူရှေ့မှာမှ ကျွန်တော်ကလည်း လျှာလေ့တတိုက်ပြီး ဖြေလိုက်မိတယ်။

ဒါကြောင့်မို့ ချက်ချင်းပဲ ပြန်ပြင်ပြီး ဖြေလိုက်မိပါတယ်။

"ဟီး ဟီး . . တာရာရဲ့အဖေပါခင်ဗျာ"

"အေး . . နောက်ကို ငါ့သားရဲ့နာမည်အရင်းပဲ ခေါ်ကြ . . တရုတ်ကြီးလို့ ခေါ်တာမကြားချင်ဘူး . . "

"ဟုတ်ကဲ့ပါ ခင်ဗျာ . . . "

ကျွန်တော်တို့နှစ်ယောက် လက်ကုတ်ပြီး အိမ်ပေါ်က ခပ်သွိုသွိုလေး ဆင်းခဲ့ကြပါတယ်။

"ဟူး . . မလွယ်ပါလား . . တရုတ်ကြီးရာ . . အင်း . . မင်းနဲ့တိုင်ပင်စရာရှိတယ်ကွ . . ငါ့မမက လမ်းမတော် ဆယ့်ငါးလမ်းမှာ အေရိုးဗစ်နဲ့ ကိုယ်ကာယအလှသင်တန်းဖွင့်ထားတယ်တဲ့ . . ဒီတော့ ဒီလိုလုပ်ရအောင်ကွာ . . မင်း သတင်းစာပို့တာ ဘယ်အချိန်လောက်ဆို ပြီးမလဲ . . . "

"(၁၁) နာရီလောက်ဆို ပြီးပြီ . . "

"အေး . . အဲဒီ့အချိန်လောက် ငါလာခေါ်မယ် . . မင်းအတွက် အင်္ဂလိပ်စာသင်တန်းလည်း ဝင်စုံစမ်းရင်းနဲ့သွားကြရအောင်"

"နေဦးကွ . . . အင်္ဂလိပ်စာတက်ဖို့က ငါ့အဖေနဲ့ ပြောရဦးမယ် . . . "

"သင်တန်းက စုံစမ်းရုံလေးပဲကွာ . . "

"အင်းလေ . . ငါစောင့်နေမယ် . . ဒါနဲ့ မင်းက မင်းမမရဲ့ အေရိုးဗစ်သင်တန်းကို ဘာသွားလုပ်မှာလဲ . . "

တော်ဝင်မြို့မစာအုပ်တိုက်



ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ ပြောချလိုက်မိပါတယ်။

"သွားတက်မှာပေါ့ . . သွားတက်မှာ"

တကယ်ကတော့ ကျွန်တော်လည်း အဲဒီ့ကိစ္စအတွက် စဉ်းစားနေသေးပါ။

မမရဲ့အေရိုးဗစ်သင်တန်းကို ဘာအကြောင်းပြချက်နဲ့ သွားမှာလဲ။ နည်းနည်းတော့လည်း စိတ်မောစရာ ဖြစ်ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

မို့မို့ရဲ့ အင်္ဂလိပ်စာသင်တန်းကို ကျွန်တော်တို့ ရောက်သွား ...ချိန်မှာ သင်တန်းကမစသေးဘဲ မို့မို့ကို အခန်းဝမှာ အဆင်သင့်တွေ့ရ ...ပါတယ်။

မို့မို့နဲ့ကျွန်တော် စတွေ့ကာစမှာတော့ တို့တွေ၊ သူတွေနဲ့ နာမ်စားတွေသုံးပြီး ပြောမိကြပေမယ့် အခုကျတော့ ရင်းနှီးမှုပြန်ရလို့ လား မသိဘူး . . နင်တွေ ငါတွေနဲ့ ပြန်ဖြစ်လာပါတယ်။

"ဟင် . . နင်တို့သင်တန်းလာတက်တာလား . ."

တရုတ်ကြီးက ဝမ်းသာအားရဝင်ဖြေပါတယ်။

"ဟာ . . ဟုတ် . . ဟုတ်ကဲ့ . ."

အရေးထဲ သည်ကောင်က ဝမ်းသာလုံးဆို့ပြီး စကားတွေထစ် နေပါတယ်။

"မဟုတ်ဘူးဟ . . . တက်မှာက ဒီကောင် . . သင်တန်းလာ စုံစမ်းတာ . ."

"ဒါဆိုလာ . . ."

မို့မို့က ကျွန်တော်တို့ကို သင်တန်းရုံးခန်းကို ခေါ်သွားပြီး





...တန်းနဲ့ပတ်သက်တဲ့ သိသင့်သိထိုက်တာတွေကို မေးပေးပါတယ်။ ...ကြီးကတော့ ကြွေ့လုံးဝမရဘဲ စပ်ဖြီးဖြီးဖြစ်နေလို့ ကျွန်တော် ...တိုးကြိတ်ပြီး သတိပေးရပါတယ်။ ပြီးတော့ ကျွန်တော်တို့နှစ် ...က် မို့မို့ကို နှုတ်ဆက်ပြီး သင်တန်းက ပြန်လာခဲ့ကြပါတယ်။

"မင်း ဘယ်လိုဖြစ်နေတာလဲ . . . တရုတ်ကြီး . . တစ်စက် ...လေးမှ ကြွေ့မဆောင်နိုင်ပါလား . ."

"ငါလည်း စိတ်တွေအရမ်းလှုပ်ရှားနေလို့ပါကွာ . . ဟီး ဟီး"

"အင်း . . မင်းအဲဒီသင်တန်းကို တက်ဖြစ်ဖို့ ကြိုးစားပေ ...ာ . . ကဲတို့ကောင်တွေ ဆယ့်ငါးလမ်းကိုသွားမယ် . . မမရဲ့ ...တန်းကို လျှောက်ရှာကြရအောင် . . ."

ကျွန်တော်တို့နှစ်ယောက် လမ်းမတော်ဆယ့်ငါးလမ်းကို ...ခြားလမ်းမှစ၍ အထက်သို့လျှောက်ရင်း ဆိုင်းဘုတ်တွေကို ကြည့် ... ကြပါတယ်။

နေမွန်းတည့်ပြီဖြစ်လို့ ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ကိုယ် ... ချွေးတွေရွဲလို့နေပါတယ်။ ကျွန်တော့်မျက်လုံးတွေက အငြိမ်မနေ ... ကိုးကန်းတောင်းမှောက်လျှောက်ကြည့်နေမိသလို တရုတ်ကြီးရဲ့ ...သုံးဟာလည်း အငြိမ်မနေရရှာပါဘူး။

ကြာတော့ ဇက်တွေညောင်းလာပါတယ်။ တရုတ်ကြီးက ...ပြင်းတစ်ချက်ချပြီးတော့ ညည်းပါတယ်။

"အင်း . . မိန်းမတစ်ယောက်ရဖို့အရေး . . မလွယ်ပါလား ... . . ."

"အလကားထိုင်နေလို့တော့ မိန်းမက သူ့အလိုလို ရပါ့မလား ... . . ဒီလောက်တော့ ကြိုးစားရမှာပေါ့ . . ."

ကျွန်တော်လည်း တရုတ်ကြီးကို ပြောရင်းနဲ့ ပထမထပ် ...င်သပ်က ဆိုင်းဘုတ်ခပ်သေးသေးလေးတစ်ခုကြောင့် ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်ခနဲ ဖြစ်သွားမိလိုက်ပါတယ်။ Venus အေရိုးဝစ်နှင့်ကိုယ်ဂဏယ အလှသင့်တန်း (အမျိုးသမီးသီးသန့်) .. ဟာ .. တွေ့ပြီ .. ဒါပဲ ဖြစ်ပါလိမ့်မည်။

"ဟော့ကောင် တရုတ်ကြီး .. တွေ့ပြီကွ .. ဟိုမှာ ကြည့်စမ်း"

"အေး .. ဟုတ်မယ်ထင်တယ်ကွ .. ဘယ်လိုလုပ်ကြမလဲ"

"သွားစုံစမ်းမယ်ကွာ .. လာ"

"ဟာ .. ဖြစ်ပါ့မလား .. ဟိုမှာ အမျိုးသမီးသီးသန့်လို့ ရေးထားတယ် .. တော်ကြာ .. ကိုယ့်ကိုမောင်းထုတ်နေဦးမယ် ..."

"မမသာ သင်တန်းမှာရှိနေလို့ကတော့ မောင်းထုတ်မှာ မဟုတ်ပါဘူးကွာ .. လာပါ .. ကက်ကြရအောင် ..."

ကျွန်တော်က ရှေ့ကဦးဆောင်ပြီးတက်တော့ တရုတ်ကြီးက လည်း နောက်ကနေ မရဲတရဲနဲ့ လိုက်တက်လာပါတယ်။ သင်တန်းရှိရာ အခန်းမှာလူခေါ်ခေါင်းလောင်းလေးရှိလို့ ကျွန်တော်လည်း မရဲတရဲနဲ့ နှိပ်လိုက်မိပါတယ်။

ခဏအကြာမှာတော့ အသက်သုံးဆယ်လောက်ရှိမယ့် လူ တစ်ယောက် တံခါးလာဖွင့်ပေးပါတယ်။ သူ့မျက်နှာက မာသလောက်၊ အသံကလည်း မာပါတယ်။ ပြီးတော့ သူ့ကြည့်ရတာ ပုံမှန်မဟုတ်ဘူး ... နည်းနည်းတော့ ခြောက်နေသလိုပဲ .."

"ဘာကိစ္စလဲ .."

"ဟိုဒင်း .. သင်တန်းကိစ္စ စုံစမ်းချင်လို့ပါ ..."

"ဒါ အမျိုးသမီးသီးသန့်သင်တန်းနော် .. ဘာမှတ်သလဲ"

"ဒါဆို အစ်ကိုကြီးကရော .. ဒီမှာ ဘာ သင်တန်းလာတက် နေတာလဲဟင် .."

"အို ... တို့ကဒီမှာ သင်တန်းဆရာပါ ... ဗီးနပ်စ်က သင်တန်းဆရာမ .. တို့က လက်ထောက်ဆရာမ .. အဲ .. လက်





ထောက်ဆရာ .. အင်း .. သူတို့သင်တန်းတက်ချင်တယ်ဆိုရင်တော့ .. တို့ပဲသီးသန့်ပြပေးမယ်လေ .. ဟို .. အိမ်လိုက်လည်း သင်တယ် .. ဟိုဘက်က ပိကင်းရုပ်နဲ့ကိုယ်တော်ချောကလည်း ကိုယ်လုံးလှ သားပဲ .. ဒါဆို ယူတို့နှစ်ယောက်က လူပျိုတွေလားဟင် ..."

"ဟာ .. ဟုတ်ပါတယ် .. ကျွန်တော်တို့လူပျိုတွေပါ ..."

"ကောင်းတာပေါ့ကွယ် .. ယူတို့သင်ချင်သင်လေ .. တို့ ကောင်းကောင်းပြပေးမယ် .. ယူတို့ကလည်း သေသေချာချာကြည့် .. အဲ .. သေသေချာချာသင်ပေါ့ .. ဟင်း ဟင်း .."

"ကိုဗိတာ .. ဘာတွေဖြစ်နေတာလဲဟင် .."

ထိုအခိုက်မှာပင် အသံကြည်ကြည်လေးတစ်ခုကို အခန်းထဲ မှ ကြားလိုက်ရပြီး မိန်းကလေးတစ်ယောက်ထွက်လာပါတယ်။ အဲဒီ မိန်းကလေးက မမပါပဲ .. မမကအပေါ်ကတော့ ဘွပ်ကျယ် လက် ပြတ်အနီရဲရဲလေးဝတ်ထားပြီး အောက်ကတော့ ဘောင်းဘီတို ဝတ် ဆင်ထားတယ်။ ခါးအောက်ပိုင်းကိုတော့ မွေးပွမျက်နှာသုတ်ပဝါနဲ့ ပတ်ထားတယ်။ ပခုံးနဲ့လက်မောင်းတစ်ဝိုက်က အသားက ရွှေရောင် လို ဝင်းလက်နေပါတယ်။

"ဩော် .. ဘယ်သူလဲလို့ .."

မမရဲ့အပြုံးလေးက ကျက်သရေရှိစွာနဲ့ လှနေပါတယ်။

"ကဲ .. ပြောပါဦး .. ဘယ်ကဘယ်လို ရောက်လာကြတာ လဲ .."

"ဒီလိုပါ မမ .. ကျွန်တော်နဲ့မိုမိုက ငယ်သူငယ်ချင်းတွေပါ .. အခု ဒီလမ်းထဲကို အကြော်တွေ လာပို့ရင်းနဲ့ လမ်းကြုံလို့ မမဆီဝင် လည်တာ ..."

ကျွန်တော့်ပါးစပ်ထဲရှိရာ အကြောင်းပြချက်ကြောင့် တရုတ် ကြီးက မမအလစ်မှာ လက်ကုတ်ပြီး 'ဟော့ကောင် ကြည့်လဲလုပ်ဦးနော်'



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောပါတယ်။ မမက ကျွန်တော်တို့ကို မယုံသင်္ကာဟန်နဲ့ ကြည့်ပါတယ်။ ကြည့်မယ်ဆိုလည်း ကြည့်စရာပဲ . . . ကျွန်တော်တို့နှစ်ယောက်ရဲ့ပုံသဏ္ဌာန်က အကြော်လာပို့တဲ့ပုံသဏ္ဌာန်မှ မဟုတ်တာ။

ကျွန်တော်လည်း ဂျင်းပင်နဲ့ဖြစ်ပြီး တရုတ်ကြီးကလည်း မို့မို့ကိုသွားတွေ့ရမှာမို့ အပြတ်သားနားနေပါတယ်။ ကိုပီတာဆိုတဲ့ ခြောက်တောက်တောက်လူကြီးကတော့ ကျွန်တော်တို့နှစ်ယောက်ကို မျက်စိမှိတ်ပြီး အထဲကိုဝင်သွားပါတယ်။

"မမက ဒီမှာသင်တန်းဖွင့်နေတာကွ . . ခြောက်လလောက်ရှိပြီ . . မို့မို့တို့ဆီတော့ တစ်ပတ်မှာ နှစ်ရက်သုံးရက်လောက် ရောက်တယ် . . အင်း . . ဘာသောက်မလဲ . . တို့ဆီ လာလည်တာဆိုတော့ တို့တိုက်ပါ့မယ် . . ကော်ဖီလား၊ လက်ဖက်ရည်လား၊ အအေးလား"

"ဟင့်အင်း မမ . . . ကျွန်တော်တို့ သောက်ခဲ့ပြီးပြီ . . ."

မမက ဒူးပေါ်ပေါင်ပေါ်ဖြစ်နေလို့ထင်ပါရဲ့ ကျွန်တော်တို့ရှေ့မှာ မထိုင်ဘဲနဲ့ စားပွဲခုံကို တင်ပါးလွှဲမှီရပ်နေလို့ ကျော့ရှင်းလှပတဲ့ ကိုယ်ခန္ဓာအလှက ပေါ်လွင်နေတယ် . . .။

"ဒါနဲ့ ပြောကြပါဦး . . ငါ့မောင်တွေရဲ့နာမည် . . ."

"ကျွန်တော့်နာမည်က မြင့်မြတ်ဇော်ပါ မမ . . . သူက ကျွန်တော့်သူငယ်ချင်း တရုတ်ကြီး . . အဲ . . . တာရာ"

တရုတ်ကြီးက ကျွန်တော့်ခြေထောက်ကို တက်နင်းလို့ ကျွန်တော်လည်း ကပျာကယာနဲ့ သူ့နာမည်ရင်းကို ပြောပြလိုက်ရတယ်။

"မင်းတို့ ကျောင်းပြီးသွားကြပြီလား"

"ဟုတ်ကဲ့ . . မမ . ."

ထိုအခိုက်မှာ တစ်ချိန်လုံးငြိမ်နေတဲ့ တရုတ်ကြီးက ဝင်ပြော





ပါတော့တယ်။

"ဟိုဒင်း မမ . . အေရိုးဗစ်ကို ကျွန်တော်တို့ယောကျ်ားလေးတွေရော သင်လို့မရဘူးလား ဟင် . . ."

"ရတာပေါ့ကွယ် . . ကိုပီတာလည်း အေရိုးဗစ်ကိုသင်ခဲ့ရင်းနဲ့ အခုဆို မမရဲ့လက်ထောက်တောင် ဖြစ်နေပြီ . . ."

ဗုဒ္ဓေါ . . . မမပြောပုံက အေရိုးဗစ်သင်ရင် တစ်နေ့ကျ ကိုပီတာလို ဖြစ်နိုင်မယ်လို့ ဆိုလိုတာဖြစ်ပေမယ့် နောက်အဓိပ္ပါယ်တစ်ခုလည်း မင်းတို့ အေရိုးဗစ်သင်ရင် သူ့လိုအခြောက်ဖြစ်သွားနိုင်တယ်လို့ ဆိုလိုနေသလား မသိဘူး။

အဲဒီတုန်းမှာပဲ အထဲက မိန်းကလေးတွေက သူတို့ဆရာမကို လှမ်းခေါ်သံကြားရပါတယ်။ မမရဲ့သင်တန်းချိန်မှာ ကျွန်တော်တို့ လာနှောင့်ယှက်သလို ဖြစ်နေပြီ။

"မမ သင်တန်းမပြီးသေးဘူး မဟုတ်လား . . ကျွန်တော်တို့ ပြန်တော့မယ် . ."

"အေးကွယ် . . အေး . . အားနာတယ်နော် . . စကားပြောချိန်တောင် သိပ်မရဘူး . ."

ကျွန်တော်တို့ မမကိုနှုတ်ဆက်ပြီး ပြန်လာခဲ့ကြပါတယ်။ အပြင်ဘက်မှာ နေက ခြစ်ခြစ်တောက်ပူနေပါတယ်။ အပြန်ခရီးတစ်လျှောက်လုံးမှာ ကျွန်တော်တို့နှစ်ယောက်စလုံး နှုတ်ဆိတ်နေမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

နောက်ပိုင်းရက်တွေမှာ ကျွန်တော်နှင့် မမ၊ ဝင်းလွင်မောင်ရဲ့အကြော်ဆိုင်မှာ သုံးလေးခါတွေ့ပါတယ်။ ကျွန်တော်နဲ့ မတွေ့ခင်ကတည်းက မမက ဝင်းလွင်မောင်မိခင် ဒေါ်မိမိနဲ့ စကားစပ်လို့ပြောရင်း ကျွန်တော် အကြော်ဆိုင်မှာ ဝင်ဝင်ကူနေတဲ့အဖြစ်ကို မမ သိသွားခဲ့ပါတယ်။ မမနဲ့ကျွန်တော် ရင်းနှီးမှုအတော်ကလေးရလာတော့ မမက ကျွန်တော့်ကို အဲဒီအကြောင်းတွေကို ရယ်စရာအဖြစ် ပြန်ပြောပြပါတယ်။

"မမ အဲဒီတုန်းက အံ့ဩတယ်သိလား . . မင်းက အကြော်သည်ဆိုပေမယ့် ဟန်းဖုန်းနဲ့ ဘာနဲ့ကိုး . . နောက်ပြီး ဝတ်စားထားတာလည်း အကျအနဆိုတော့ . . ယုံရခက်နေတယ် . . . မင်းကလည်း သတင်းစာတောင် လိုက်ပို့လိုက်သေး"

ကျွန်တော် ပြုံးစေ့စေ့လုပ်နေတော့ မမက ဆက်မေးပါတယ်။

"နေပါဦး . . မမ မသိလို့မေးပါရစေဦး . . ဘာဖြစ်လို့ အဲဒါတွေကို ဝင်လုပ်နေတာလဲ"





"ဘာရယ်လို့ မဟုတ်ပါဘူး. . မမရယ်. . သူတို့ကကျွန်တော့်သူငယ်ချင်းတွေလေ . . ဒီလိုပဲ ပျင်းတဲ့အခါ ဝင်ကူပေးနေကျပဲ"

ဘာပဲဖြစ်ဖြစ် မမနဲ့ရင်းနှီးမှုလေးတွေရလို့ ကျွန်တော် ကျေနပ်ပါတယ်။ သည်ကြားထဲမှာ တရုတ်ကြီးကလည်း သူ့အဖေကို နားပူနားဆာလုပ်ပြီး မှီမှိုတက်နေတဲ့ အင်္ဂလိပ်စာသင်တန်းကို လိုက်တက်ပါတယ်။

တရုတ်ကြီးက မှိုမှိုထက်နောက်ကျမှတက်ရလို့ စာတွေနောက်ကျနေပေမယ့် အဲဒီလိုနောက်ကျရခြင်းကိုက တရုတ်ကြီးအတွက် ပိုကောင်းနေပါတယ်။

အချိန်ရလျှင်ရသလို သူက မှိုမှိုအနားကပ်ပြီး စာတွေမေးတော့ မှိုမှိုကလည်း သဘောကောင်းပြီး တရုတ်ကြီးကို လိုလိုချင်ချင် ပြပေးပါသည်တဲ့။

သူ့အခြေအနေက ဘယ်လောက်အထိတောင် တိုးတက်လာသလဲဆိုတော့ အားလပ်ချိန်များမှာ မှိုမှိုနဲ့လက်ဖက်ရည်ဆိုင် ဒါမှမဟုတ် အအေးဆိုင်ထိုင်နိုင်တဲ့အထိ တိုးတက်လာပါတယ်တဲ့ . .

သူငယ်ချင်းတွေကတော့ တရုတ်ကြီး လိုင်းပြောင်းသွားတာကို မကျေမနပ်ဖြစ်နေရုံမကဘူး . . အံ့လည်း အံ့ဩနေပါတယ်။

"ခက်တာက . . . တို့ဘောလုံးပွဲနဲ့ ဒီကောင့် အင်္ဂလိပ်စာအချိန်သွားတိုက်နေတာ နာတာပဲ . . အခုဆို တို့တွေပဲ ဘောကောက်နေရတယ် . . ."

"ဟုတ်တယ် . . . ဒီကောင် ဘောမကောက်တော့ဘဲ . . ဘာများ ကောက်ဦးမလို့လဲ မသိဘူး . . ."

"အင်း . . ငါ့စိတ်ထင်တော့ ဒီတစ်ခါ ဒီကောင် ဘောပြားပဲ ကောက်တော့မယ် ထင်တယ် . . ."

"ဟား . . ဟား . . ."



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကြီးက သင်တန်းချိန်နဲ့တိုက်နေလို့ ဘောလုံးဝင်မကန်နိုင်ပေမယ့် ကျွန်တော်ကတော့ အလုပ်လက်မဲ့ စားလိုက်သောက်လိုက်၊ အိပ်လိုက်ကောင်ဆိုတော့ ဘောလုံးကန်မပျက်ခဲ့ပါဘူး။

ဒါပေမယ့် တစ်နေ့တော့ ကျွန်တော်တို့ရဲ့ လမ်းမပေါ် ဘောလုံးပွဲအကြောင်း သတင်းစာထဲက အယ်ဒီတာ့ထံပေးစာကဏ္ဍမှာပါလာပြီးတဲ့နောက် ကျွန်တော်တို့အုပ်စု ရပ်ကွက်ရုံးခန်းသို့ ရောက်ခဲ့ကြရပါတယ်။

"ကဲ . . မင်းတို့ ဒီနေ့သတင်းစာ ဖတ်ပြီးပြီလား . ."

"ဟာ . . . မဖတ်ရသေးပါဘူး ဦးလေး . . . ကျွန်တော်တို့ အလုပ်များနေကြလို့ . . ဟဲ ဟဲ"

"အေး . . မဖတ်ရသေးရင်လည်း ဖတ်ကြည့်ကြကွာ . . ရော့ . . ."

ဥက္ကဋ္ဌက သတင်းစာကို ပေသီးအား လှမ်းပေးလိုက်တဲ့အခါ ပေသီးက သတင်းစာကို နောက်ဖက်က စဖတ်ပါတယ်။

"မှန်းစမ်း . . နာရေးကြော်ငြာတွေကလည်း များလှချည်လား . . ဟာ . . ယဉ်မူမူအောင် . . အသက်(၂)လ . . ဟင် . . ငယ်ငယ်ကလေးပဲ . . နှမြောစရာကွာ . . ဟော . . . တွေ့ပြန်ပြီ . . ယဉ်မင်းစိုး . . အသက်(၁၈)နှစ် . . အားပါး . . အရမ်းနှမြောစရာကွာ . . ကဲ . . တော်ပြီ . . ဒီဘက်ကိုကြည့်ဦးမှ . . နေတိုးနဲ့သင်ဇာဝင့်ကျော်ဆိုပါလား . . ."

"ဟေ့ကောင် . . ဘာလဲကွ . . သင်ဇာဝင့်ကျော် ဟုတ်လား . . ရင်တုန်လိုက်တာကွာ . . သူတို့ယူလိုက်ကြပြီလား . . ."

"ဟာ . . ဘယ်ကလာ . . ဗီဒီယိုကားသစ်တစ်ကား ထွက်တာကွ . . ."

"ဟေ့ကောင်တွေ . . ပေါက်ကရတွေ လျှောက်ဖတ်မနေနဲ့





. . မင်းတို့ကို အဲဒါတွေ ဖတ်ခိုင်းတာ မဟုတ်ဘူး . . အယ်ဒီတာ့ထံပေးစာကဏ္ဍကို ဖတ်ခိုင်းတာ . . ရှာပြီးဖတ်ကြည့်ကြ"

သည်တော့မှ ပေသီးက စပ်ဖြဲဖြဲလုပ်ရင်း သတင်းစာကို ဟိုဒီဒီ လျှောက်လှန်ပါတယ်။ ခဏနေတော့ သူ့အသံထွက်လာတယ်။

"လမ်းထိပ်က အမှိုက်ပုံကြီး . . ကျွန်မတို့ရဲ့ . . အင်း . . အဲ . . လမ်းမမှာ အမှိုက်ပုံကြီးက အနံ့ဆိုး . . ."

"ဟေ့ကောင် . . တို့ရပ်ကွက်နဲ့မဆိုင်တဲ့ဟာတွေ လျှောက်ဖတ်မနေနဲ့ . . . အဲဒီဟာရဲ့ အောက်ကဟာကိုဖတ် . . ."

"ဟုတ်ကဲ့ . . အယ်ဒီတာရှင့် . . ကျွန်မတို့ရဲ့ . . အင်း . . ဘာ . . ဒါကျွန်တော်တို့ ရပ်ကွက်ပဲဟ . . လမ်းကလည်း ဒီရပ်ကွက်ထဲကပဲ . . ဘာပါလိမ့် ဆက်ဖတ်ဦးမှ . ."

"ဟုတ်တယ် . . ဆက်ဖတ်စမ်း . . ကိုယ့်ရပ်ကွက်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ . . သတင်းစာထဲမှာပါမှပဲ သိတော့တယ် . . ဆက်ဖတ် . . ဆက်ဖတ် . . ."

"လမ်းပေါ်မှာ . . . နေ့စဉ်နဲ့အမျှ သောင်းကျန်းနေသော လမ်းမပေါ် ဘောလုံးပွဲ ရှိပါသည် . . သူတို့အဖွဲ့ကြောင့် ပတ်ဝန်းကျင် အိမ်နီးနားချင်းတွေလည်း ကွဲပေါင်းများပါပြီ . . . ပန်းအိုးတွေလည်း ကွဲပေါင်း များပါပြီ . . ဟင် တိုင်တဲ့သူကလည်း မဟုတ်ကဟုတ်ကကွာ . . မှန်ချပ်တွေ တစ်ခါကွဲဖူးပါတယ် . . ပြီးတော့ ပန်းအိုးကျတော့ တစ်ခါမှ မကွဲဖူးပါဘူး . . . မဟုတ်ကဟုတ်ကတွေ ထည့်တိုင်တယ် . . ."

"ဘုန်း . . ."

ဥက္ကဋ္ဌက စားပွဲခုံကို သူ့လက်နဲ့ပုတ်လိုက်တဲ့အတွက် ကျွန်တော်တို့အုပ်စု ငြိမ်ကျသွားပါတယ်။

"ကဲ . . မင်းတို့အားလုံး ဘာပြောချင်ကြသလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘောလုံးကန်တာနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ဘက်က ပြောစရာမရှိပါဘူး ဦးလေး . . . ဒါပေမယ့် ဒီအထဲမှာ မဟုတ်ကဟုတ်က လီဆယ်ပြီးရေးထားတာကျတော့"

"တိတ်စမ်း . . . ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ . . မင်းတို့ကို ဦးလေးပြောပေါင်းများပြီ . . ဆုံးမပေါင်းများပြီ . . လမ်းပေါ် ဘောလုံးမကန်ပါနဲ့လို့ . . ."

"အဲဒါဆို . . ကျွန်တော်တို့ဘယ်မှာ ဘောကန်ကြရမှာလဲခင်ဗျာ . . စီရော်နယ်ဒိုတို့၊ ရွှန်းနီဘို့လို ကျွန်တော်တို့ သိပ်ဖြစ်ချင်ကြလို့ပဲ . . ဟဲ ဟဲ . . . ကျွန်တော်တို့အဲဒီလို ဖြစ်ကုန်ရင် . . နိုင်ငံ့ဂုဏ်ဆောင် . . ."

"ပေါက်ကရတွေ လျှောက်မပြောကြနဲ့ . . . လမ်းပေါ် ဘောလုံးကန်တာကြောင့် လမ်းသွားလမ်းလာတွေ အနှောင့်အယှက်ဖြစ်ကြရတယ် . . . လမ်းဘေးကအိမ်တွေ အနှောင့်အယှက်ဖြစ်ရတယ် . . အင်း . . ဒါပေမယ့် မင်းတို့ကို ဦးလေးစာနာပါတယ် . . တို့ရပ်ကွက်မှာ အားကစားကွင်းမရှိဘူး . . ဒီတော့ မင်းတို့သိပ်ကို ဘောလုံးကန်ချင်တယ်ဆိုရင် . . အားကစားကွင်းရှိတဲ့ရပ်ကွက်တွေကို ဦးလေးဆက်သွယ်ပြီး တောင်းဆိုပေးမယ် . . သူတို့ မသုံးတဲ့အချိန် မင်းတို့သွားကန်ပေါ့ကွာ . . ကဲ . . အခုလို မင်းတို့အကြောင်း သတင်းစာထဲ ပါလာတဲ့ကိစ္စအတွက် အပြစ်ရှိသလား . . မရှိဘူးလား"

"အပြစ်ရှိပါတယ် . . ."

"အင်း . . ဟုတ်ပြီ . . ဒီတော့ ဦးလေး . . မင်းတို့ဆီက ဝန်ခံချက်တွေ ယူထားရလိမ့်မယ် . . . နောက်တစ်ခါဆိုရင်တော့ ရဲစခန်းပို့ရလိမ့်မယ် . . . ကိုယ့်ရဲ့ပျော်ရွှင်မှုအတွက် သူတစ်ပါးကို အနှောင့်အယှက်မဖြစ်ကြပါစေနဲ့ . . ."

ကျွန်တော်တို့အားလုံး စာအုပ်ထဲမှာ ခံဝန်ချက်လက်မှတ်





ထိုးကြရပါတယ်။ အပြန်မှာတော့ ပေသီးက မကျေမနပ်ပြောပါတယ်။

"ဒါ . . ဒေါ်သီတာ့လက်ချက်ပဲ ဖြစ်ရမယ် . . အင်း . . ကောင်းပြီလေ . . တွေ့ကြသေးတာပေါ့ . . ."

"ဟင် . . ပေသီး . . မင်း ဘာလုပ်မလို့လဲ . . ."

"သူ့သမီးမိုမိုကိုတော့ တရုတ်ကြီးက ရဖို့လုပ်နေပြီ . . ဒီတော့ ပိုပို့ကိုတော့ ငါရအောင်ကြံမယ် . . . မင်းတို့အားလုံးလည်း ဒေါ်သီတာကြီးကို လက်စားချေချင်တယ်ဆို . . . သူ့အိမ်ကတစ်ယောက်ယောက်ကို ရဖို့ကြံကြ . . ."

"ဟာ . . ဒေါ်သီတာတို့အိမ်မှာ မိန်းမဆိုလို့ ဒေါ်သီတာနဲ့ သူ့သမီးနှစ်ယောက်ပဲရှိတာ . . တစ်ယောက်ယောက်ကိုရဖို့ဆိုရင်တော့ ဒေါ်သီတာ့ယောကျ်ားဦးမြင့်မောင်ပဲ ရှိတော့တယ် . . ဒီတော့ မင်းတို့နှမတွေကို . . ."

"တော်စမ်းပါကွာ . . . ဒီမှာ စိတ်ညစ်ရတဲ့အထဲ . . အင်း . . တို့တွေနောက်ကို ဘောလုံးမကန်တော့ဘူးကွာ . . ."

အဲဒီညက ကောင်းကင်မှာ လသာနေပါတယ်။ ကျွန်တော်တို့ဟာ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ပြန်လာရင်း ဘောလုံးမကန်ကြရင် ဘာလုပ်ကြမလဲလို့ စဉ်းစားနေကြပါတယ်။ နောက်တော့ ပေသီးကပဲ သူစဉ်းစားမိတာကို ပြောပါတော့တယ်။

"စီ . . ရော်နယ်ဒိုတို့ . . ရွှန်းနီတို့လို မဖြစ်နိုင်တော့ဘူးဆိုရင်တော့ . . တို့ကောင်တွေ . . R ဇာနည်တို့၊ ဖိုးကာတို့လို လိုင်းကို ပြောင်းကြစို့ . . ."

"သိပ်ကောင်းတဲ့အကြံအစည်ပဲ သူငယ်ချင်းတို့ . . ဒီနေ့ကစပြီး တို့တွေအားကစားကနေ ဂီတဘက်ကို ပြောင်းကြမယ် . . ဟဲ ဟဲ . . . အဆိုတော်ကောင်းတွေ ရှားနေတဲ့အချိန်ဆိုတော့ ရေကန်အသင့် ကြာအတင့်ပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



သည်အကြောင်းတွေကို မမကိုပြန်ပြောပြတဲ့အခါ မမက ရယ်ပါတယ်။

"အင်း . . မမလည်း လမ်းပေါ် ဘောလုံးကန်တဲ့ကောင်တွေ နဲ့ ရန်ဖြစ်ဖူးတယ် . . အဲဒီနေ့က မမအင်္ကျီအဖြူဝတ်လာတာ . . သူတို့ဘောလုံးက ညစ်ပတ်ပေရေနေတာပဲ . . အဲဒီဘောလုံးနဲ့ မမ ကျောကိုလည်း မှန်လိုက်ရော . . ဒေါသကလည်းထွက် . . ရှက်က လည်းရှက်ဆိုတော့ ကောင်းကောင်းကို ရန်တွေ့ပေးလိုက်တယ် . . "

နောက်တော့ ကျွန်တော်တို့အုပ်စုလည်း အားတဲ့အချိန် ဂစ်တာတီးပြီး သီချင်းဆိုတဲ့ဘက်ကို ပြောင်းလိုက်ကြပါတော့တယ်။ ကျွန်တော်ကတော့ နဂိုကတည်းကမှ အနုပညာဘက်မှာ သိပ်မစွံ တော့ တီးတဲ့ခတ်တဲ့ဘက်မှာ ဘာမှသုံးမရဘဲ သီချင်းတွေလိုက်ဆိုရုံ လောက်သာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အုပ်စုထဲက ကောင်းဆက်နဲ့ ဖိုးကြီးတို့နှစ်ယောက်ကတော့ ဂစ်တာတီးတာမဆိုး ဘူးဗျ။

တစ်ခုပဲ ပြောစရာရှိတယ်။ ဒီကောင်တွေရဲ့လက်သံက ကျယ် လွန်းကြမ်းလွန်းတာ တစ်ချက်ပဲ။ ဂစ်တာတီးရင်လည်း ကြိုးခဏ ခဏပြတ်အောင်တီးသလို . . သူတို့တီးတဲ့အသံတွေကို ကျော်အောင် လိုက်အော်ရတာလည်း ငယ်သံပါလုမတတ်ပါပဲ။ အဲဒီလိုအခြေအနေ တွေ ပြောင်းလဲလာပြီးတဲ့ နောက်တစ်နေ့မှာတော့ ကျွန်တော့်ကို တရုတ်ကြီးက သတင်းတစ်ခုပေးပါတယ်။

"ဟေ့ကောင် မြင့်မြတ် . . မင်းအတွက် သတင်းကောင်းပါ တယ် . . လာကွာ . . လက်ဖက်ရည်ဆိုင် သွားရအောင် . . ."

လက်ဖက်ရည်ဆိုင်ရောက်တော့ ဒီကောင်လက်ဖက်ရည် တင် မကဘူး . . . ပေါက်စီတွေ၊ စီးကရက်တွေပါ နှိပ်ပါတော့တယ်

"ဒီလိုကွ . . ဒီနေ့ညကစပြီး မိုမိုတို့အိမ်မှာ မင်းမမ . . သုံးရက်လောက် ညလာအိပ်လိမ့်မယ်တဲ့ကွ . . ဟဲ ဟဲ . . ."

"ဟင် . . မမ မိုမိုတို့အိမ်မှာ သုံးရက်လောက် ညလာအိပ် လိမ့်မယ်ဟုတ်လား"

"ဟာ . . မမ မိုမိုတို့အိမ်မှာ ညလာအိပ်တာနဲ့ . . ငါတ ဘာလုပ်ရမှာလဲ . . ငါပါ သူတို့အိမ်မှာ သွားအိပ်ရမှာလား . . ."

"အဲဒီလို မင်းသွားအိပ်လို့ရမလားကွ . . မင်းကလည်း . . ဒီလို . . ဒီလို . . ဒီညကစပြီး မင်းအတွက်လည်း အဆင်ပြေအောင် . . ဟဲ ဟဲ . . ငါ့အတွက်လည်း အဆင်ပြေအောင် . . တို့ကောင်တွေ ဒီည . . မမတို့အိမ်ရှေ့မှာ ဂစ်တာတီးရင်း သီချင်းဆိုကြမယ် . . "

ကျွန်တော့်မျက်နှာပြုံးသွားလိမ့်မယ် ထင်ပါတယ်။ ဒါဟာ သိပ်ကောင်းတဲ့ အခွင့်အရေးပါ။ တစ်နည်းပြောရရင်တော့ ကျွန်တော် ကြိုက်နေတဲ့အကြောင်း မမကိုဒီနည်းနဲ့သိစေနိုင်ပါတယ်။ တစ်ခုပဲ ပြောစရာရှိပါတယ်။ ကျွန်တော်က သီချင်းသိပ်မရဘူးဗျ . . သူများ တွေသီချင်းဆိုရင် နောက်ကနေ ဖော်လိုလိုက်ရုံလောက်ပဲရတာ . . ဒီညအတွက် အခုမှသီချင်းစာသားတွေ ထကျက်နေလို့လည်း မဖြစ် ဘူး . . ပြီးတော့ ဂစ်တာတီးဖို့အတွက်ကျတော့လည်း ကျွန်တော်က အဖြစ်ရှိတာ မဟုတ်ဘူး . . ."

"အင်း . . . မင်းအကြံအစည်ကကောင်းတယ်ကွ . . ဒါပေ မယ့် ငါက သီချင်းလည်း သိပ်မရသလို . . ဂစ်တာကျတော့လည်း ညံ့ပဲကွ . . ."

"ဖိန့်ရမှာပေါ့ကွာ . . မင်းကလည်း မင်းကိုကူညီဖို့ ဟိုကောင် တွေကို ငါခေါ်ထားတယ် . . ."

"ဟင် . . ဒီကောင်တွေက ငါ့ကို ဘယ်လိုကူညီကြမှာလဲ"

"ဒီလိုကွ . . ဒီညမှာ ,မင်းဂစ်တာတီးပြီး သီချင်းဆိုရမယ် . သီချင်းကတော့ တကယ်ဆိုရမှာကွ . . ဒါပေမယ့် ဂစ်တာကိုတော့



တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖိန့်ပြီးတီးရမှာ . . ဒီတော့ ဒီညမှာမင်းအတွက် ကြိုးမပါတဲ့ဂစ်တာ တစ်လက် ငါရှာထားတယ် . . ကြိုးမပါတော့ အသံမထွက်ဘူးပေါ့ ကွာ . . မင်းဘာသာ ဘာကော့ဒ်တွေကိုင်ကိုင် . . ဘာပဲတီးတီး အသံ လုံးဝမထွက်ဘူး . . အေး . . ကောင်းဆက်က မင်းရဲ့ရှေ့လမ်း ပေါ်မှာ ဒူးထောက်ပြီး မင်းကိုယ်စား ဂစ်တာတီးပေးလိမ့်မယ် . .

"ဟာ . . အဲဒီလိုကြီး ကောင်းဆက်က ငါ့ရှေ့မှာ ငုတ်တုတ် ကြီး ဂစ်တာထိုင်တီးနေတာကို မမတို့မြင်မှာပေါ့ကွ . . ဘယ်ယုံတော့ မလဲ"

"မင်း အတော်တုံးသေးတာပဲ . . မိုမိုတို့အိမ်ပေါ်ကနေ လမ် ကို သိပ်မမြင်ရဘူးလေကွာ . . အပေါ်ပိုင်းလောက်ပဲ မြင်ရမှာ . . တော့ မင်းကလည်း အပေါ်ကနေ တီးချင်ရာတီး . . ကောင်းဆ ကလည်း အောက်ကနေ တီးချင်ရာတီး . . ဘာမှတစ်ယောက်နဲ့တစ် ယောက် ငဲ့နေစရာမလိုဘူး . . တစ်ခုပဲ မင်း ဂရုစိုက်ရမှာ . . မင်း ဆိုမယ့်သီချင်းကို မင်းရနေဖို့ပဲလိုတယ် . . ဒါကလည်း သိပ်မခ ပါဘူးကွာ . . သီချင်းစာသားတွေကို စာရွက်တစ်ရွက်ပေါ်မှာ ခ ကြီးကြီးရေးထားပြီး ကောင်းဆက်ရဲ့ခေါင်းပေါ်မှာ ခဲနဲ့ဖိထားပေး မယ် . . ."

ကျွန်တော်တို့ ဖြစ်ပျက်နေတာတွေကို မမက အပေါ်ပိုင်း ကပဲ လှမ်းမြင်နေရမှာဆိုတော့ သိပ်တော့ ပြဿနာမရှိပါဘူး . .

"ဟုတ်ပြီ . . ကောင်းတယ် . . ဒါနဲ့ မင်းကရော ဘယ် လုပ်မှာလဲ . . တရုတ်ကြီး"

"ဟဲ . . ဟဲ . . ငါကလည်း ဘယ်နေလိမ့်မလဲကွာ . . ကို ချစ်သူကို သီချင်းဆိုပြရမှာဆိုတော့ . . မင်းအလှည့်ပြီးတာနဲ့ အလှည့်ပဲ . . တို့ကောင်တွေ တစ်ယောက်တစ်လှည့် ဆိုကြမယ် . .

"အရမ်းသင့်မြတ်တဲ့ အစီအစဉ်ပဲဗျာ . . ကျွန်တော်





နှစ်ယောက်ရဲ့ ပူးတွဲဖြေဖျော်မှုအစီအစဉ်ပေါ့ . . Duet ပေါ့နော် . . "

"နေဦးကွ . . ဒီကိစ္စကို မင်းမိုမိုကို ပြောပြလိုက်ပြီလား . . "

"အင်းပေါ့ကွ . . ဒီနေ့ မိုမိုနဲ့ငါစကားတွေ အကြာကြီး ပြောဖြစ်တယ် . . ဟဲ ဟဲ . . ပထမတော့ အင်္ဂလိပ်စာတွေ ဆွေးနွေး ကြတာပေါ့ . . . နောက်တော့ တဖြည်းဖြည်းနဲ့စကားတွေက တော ရောက်လိုက်၊ တောင်ရောက်လိုက် ဖြစ်လာပြီး မမ . . မိုမိုတို့အိမ်မှာ လာအိပ်မယ်ဆိုတာ သိလိုက်တာနဲ့ ငါလည်းဝမ်းသာအားရနဲ့ ဒီည မိုမိုတို့အိမ်ရှေ့မှာ သီချင်းလာဆိုမယ့်လို့ ပြောလိုက်မိတယ်ကွ . . . "

"အဲဒီတော့ . . . "

"အဲဒီတော့ မိုမိုက . . မြင့်မြတ်ဇော်ရော ပါလာမှာလားတဲ့ . . ဧကန္တ မင်းသူ့အစ်မကို ကြိုက်နေတာ သူသိပုံရတယ် . . ပြီးတော့ ဆက်ပြောသေးတယ် . . ညကိုးနာရီလောက် လာဆိုတဲ့ . . အဲဒီအချိန် ဆို သူတို့အိမ်ရှေ့ဝရန်တာမှာ စကားပြောနေကြမှာ အတော်ပဲတဲ့ . . ကဲ . . ဘာလိုသေးလဲ . . . "

"လုံးဝဥဿုံ ကျေးဇူးတင်တယ် တရုတ်ကြီး . . မင်းနဲ့မိုမို မြန်မြန်အိမ်ထောင်ကျပါစေကွာ . . . "

"ဟော့ကောင် . . သူ ငါ့ကိုမြန်မြန်ပြန် ကြိုက်ဖို့ပဲ ဆုတောင်း ပေးကွာ . . လောလောဆယ် သူ့ကိုငါယူဖို့ ပိုက်ဆံမရှိသေးဘူး . . "

"တကယ့်ကောင်ပဲကွာ . . "

အဲဒါနဲ့ ကျွန်တော့်ခမျာ အိမ်ကိုခပ်သွက်သွက်ပြန်ပြီး သီချင်း စာအုပ်တွေ ပြန်ရှာရတယ်။ ပြီးတော့ ဘာသီချင်းဆိုရမလဲ စဉ်းစားရ တယ်။ မမတွေအကြောင်း စပ်ဆိုထားတဲ့သီချင်းတွေက အများကြီး ပါ။ ဒါပေမယ့် အဲဒီမမသီချင်းတွေကိုဆိုလိုက်ရင် သိပ်ပေါ်တင်ကြီး များ ဆန်သွားမလား။

Rဇာနည်ပဲ ဆိုရမလား . . ဖိုးကာပဲ ဆိုရမလား . . မျိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့ လေးဖြူတို့လိုင်းမျိုးကိုတော့ ကျွန်တော် လုံးဝမဆိုနိုင်ဘူးဗျ . . ဒါနဲ့ နောက်ဆုံးမှာတော့ နောနော် သီဆိုထားတဲ့ အတိုင်းထက်အလွန်ဆိုတဲ့ သီချင်းလေးကိုပဲ ရွေးလိုက်မိပါတယ်။

ဟုတ်တယ်ဗျ။ အခုအချိန်မှာ ဒီသီချင်းကသာ ကျွန်တော့်ခံစားချက်နဲ့အလိုက်ဆုံးပဲ။ ဒါနဲ့ကျွန်တော်လည်း ကာရာအိုကေ စက်ဖွင့်ပြီး သီချင်းကိုလိုက်ဆိုမိတယ်။ နောက်ဆုံးတော့ စာသားတွေ သိပ်မရတာနဲ့ တရုတ်ကြီးပြောသလိုပဲ စာရွက်ဖြူတစ်ရွက်မှာ လက်ရေးကြီးကြီးနဲ့ သီချင်းစာသားတွေ ရေးလိုက်ကြတယ်။

ည ခုနစ်နာရီထိုးတော့ ကျွန်တော်လည်း အပေါ်က ဂျင်းဂျာကင်တစ်ထည်ကောက်စွပ်ပြီး ကျွန်တော်တို့ဆုံနေကျ လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့မိတယ်။ ပြီးတော့ လက်ဖက်ရည်ဆိုင်မှာ တောင်စဉ်ရေမရ စကားတွေပြောကြ၊ ဟားကြလုပ်ကြပါတယ်။ ကိုးနာရီထိုးခါနီးတော့မှ တရုတ်ကြီးက လက်ကုတ်ပြီး မို့မို့တို့အိမ်ရှေ့သွားဖို့ သတိပေးတယ်။

ဒီတော့မှ ကျွန်တော်ရယ်၊ တရုတ်ကြီးရယ်၊ ကောင်းဆက်ရယ်ပဲ ဝိုင်းထဲက ဖဲ့ထွက်ပြီး ကောင်းဆက်အိမ်က ဂစ်တာနဲ့ ကျွန်တော်တီးဖို့ ဂစ်တာရယ်ကို သွားယူကြတယ်။ ကျွန်တော်တို့ မမတို့အိမ်ရှေ့မှာ သီချင်းသွားဆိုမယ့်ကိစ္စကို လျှို့ဝှက်ထားလို့ ကျွန်တော်တို့သုံးယောက်ကလွဲရင် ဟိုကောင်တွေ မသိပါဘူး။

ဒီလိုနဲ့ပဲ ကျွန်တော်တို့သုံးယောက် မို့မို့တို့အိမ်ရှေ့ရောက်သွားကြပါတယ်။ ခရစ်စမတ်နား နီးလာလို့လား မသိဘူး။ အေးတော့ အတော်အေးပါတယ်။ ကောင်းကင်မှာလည်း လကလေးက ရွှန်းရွှန်းမြမြ သာနေပါတယ်။ မို့မို့တို့အိမ်ရှေ့က လမ်းမှာတော့ လူသွားလူလာ သိပ်မရှိပါဘူး။

"ဟေ့ကောင် . . အဆင်ပြေတယ်ကွ . . ဟိုမှာ ပေါ်တူဂီ





အောက်မှာ မမတို့ထွက်ရပ်နေကြတယ် . ."

"ဟင် . . . ဒါဆို သူတို့ ပေါ်တူဂီဘက်က အားပေးတော့မှာပေါ့ . . ."

တရုတ်ကြီးရဲ့မှားနေကျ စကားကို ကောင်းဆက်က ပြန်နောက်ပါတယ်။ ကျွန်တော်ကတော့ ဘာမှပြောမနေတော့ဘဲ ဂစ်တာကြိုးတစ်ချောင်းမှ မပါတဲ့ဂစ်တာကို (ဂစ်တာကြိုးသာ မပါတာ . . စလွယ်ကြိုးတော့ပါသား) ပခုံးမှာ သေသေသပ်သပ် လွယ်လိုက်ပါတယ်။

"ဂစ်တာက ဒီဇိုင်းလည်း မိုက်တယ် . . သစ်သားလည်းသစ်သေးတယ်ကွ . . ဘာဖြစ်လို့ ကြိုးတွေ မတပ်ထားတာလဲ . . "

"ကောက်နေလို့ကွ . . ကြိုးတပ်ပြီးတီးရင် ကြိုးနဲ့လက်ကွက်ကြားမှာ . . . နှစ်လက်မလောက် ကွာနေလို့ ဘယ်လိုမှတီးမရတော့လို့"

ကောင်းဆက်ဟ မပ်တိုးကိုးဖြေပါတယ်။ အဲဒီ့တုန်းမှာ မမတို့က ကျွန်တော်တို့ကို ရှိုးတိုးရိပ်တိပ် မြင်သွားပုံရပါတယ်။ ဒါကြောင့် မို့ထင်တယ် . . ပေါ်တီကိုကနေ အိမ်ပေါ်ထပ် ဝရန်တာကို ရောက်သွားကြပြီ။ ကျွန်တော်လည်း ရင်တွေခုန်လာပါတယ်။

"ဟေ့ကောင် မြင့်မြတ် . . မင်းအရင်ဆိုတော့ . . ကောင်းကောင်းလည်း ဆိုဦးနော် . . ငါအလိုက်အထိုက် တီးပေးမယ် . ."

"ဒါ စာသားသိပ်မရလို့ ကြည့်ဆိုမယ်ကွာ . . "

အဲဒီ့နောက်မှာတော့ ကောင်းဆက်က ကျွန်တော့်ရှေ့က လမ်းပေါ်မှာ ဒူးထောက်ထိုင်ချလိုက်သလို ကျွန်တော်ကလည်း သူ့ခေါင်းပေါ်ကို သီချင်းစာရွက်ဖြန့်တင်လိုက်တယ်။

"ဟေ့ကောင် . . . လေတိုက်နေတယ်ကွ . . ခဲလုံးတစ်လုံးလောက် တင်ဖိမှရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား . . ."

ကောင်းဆက်က ဘုရားတ,ပါတယ်။ ရယ်စရာလည်း ကောင်းပါတယ်။ ကျွန်တော်တို့ ဗရုတ်သုတ်ခဖြစ်နေပုံကို မမသာ သိသွားရင် ဒုက္ခပဲ။

"ကဲ . . စဆိုတော့ ဟေ့ကောင် . ."

ကျွန်တော်လည်း အလင်းရောင် ခပ်မှိန်မှိန်အောက်မှာ ခပ်ဝါးဝါးမြင်နေရတဲ့ သီချင်းစာသားတွေကို ဖြဲသဲကြည့်ပြီး ဂစ်တာတီးရင်း (ဟဲ ဟဲ) သီချင်းစဆို လိုက်ပါတယ်။ အိုင်စီက ချစ်စမ်းမောင် ဂစ်တာတီးတဲ့ ဟန်မျိုးနဲ့။ စပါပြီ။

"အိပ်လို့မရဘူး xxxမျက်လုံးတွေ မမှိတ်သေးဘူး xxxမြင်နေတယ် ခုထိ xxxမင်းရဲ့နှုတ်ခမ်းပါးလေးပဲ xxx မြင်ယောင်ရင်း xxxလွဲလို့မရဘူး xxx အာရုံက xxx ဒီစက်ကွင်းထဲ xxx"

"ကောင်းတယ် . . ကောင်းတယ် . . ဆက်ဆို . . ."

"ဒီလို ညတိုင်း xxx ငါနဲ့မင်း အတူနေခွင့်ရှိရင် xxx အတိုင်းထက်အလွန်ပဲ xxx"

"ဗေပုံပျော် . . ဗေပုံပျော်"

"ရှုမဝနိုင်ပါ အလှတစ်ခု . . တုအလှ ပြိုင်စရာ xxx မရ ယခု xxx အို xxx ချောလှသူ xxx ယဉ်လှသူ xxx"

"ဗေပုံပျော် xxx ဗေပုံပျော် xxx"

"ဟင် . . . ဘာသံလဲဟ . ."

ကျွန်တော်လည်း သီချင်းဆိုကောင်းတုန်း ကျွန်တော့်အသံနောက်က ကျွန်တော့်သီချင်းနဲ့ ဘယ်လိုမှလိုက်ဖက်မှုမရှိတဲ့ ဂီတသံတွေ ဝင်လာလို့ အံ့သြသွားပါတယ်။

ဒါကြောင့်မို့ အသံလာရာဘက်ကို လှမ်းကြည့်လိုက်ကဲ့အခါ . . ဆယ်နှစ်၊ ဆယ့်နှစ်နှစ်လောက်ရှိမယ့် ချာတိတ်သုံးယောက်က





ဝါးဆစ်လေးတွေကို လမ်းပေါ်မှာ ဆောင့်တီးရင်း သီချင်းဆိုနေတာတွေ့လိုက်ရပါတယ်။

သူတောင်းစားလေးတွေပါ။ သူတို့နဲ့ ကျွန်တော်တို့နေရာ နည်းနည်းဝေးသေးပေမယ့် သကောင့်သားလေးတွေရဲ့အသံက အတော်ကို ကျယ်လွန်းလို့ ကျွန်တော့်အသံကိုတောင် လွှမ်းနေပါကယ်။

ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိပေမယ့် အပေါ်က မမတို့ နားထောင်နေတာကိုသိတော့ သီချင်းကိုရပ်မပစ်ဘဲ ဆက်ဆိုမိပါတယ်။

"ဒီလိုညတိုင်း xxx ငါနဲ့မင်း အတူနေခွင့်ရှိရင် xxx အတိုင်းထက်အလွန်ပဲ xxx"

"ဗေပုံပျော် xxx ဗေပုံပျော် xxx သူများတွေမြင်မှာကို သဝန်တိုတယ် xxx စပျစ်သီးလေးသာဖြစ်ရင် xxx ပါးစပ်ထဲမှာ ငုံထားမယ် xxx ဗေပုံပျော် xxx ဗေပုံပျော်"

"ဒီလိုညတိုင်း xxx ငါနဲ့မင်း အတူနေခွင့်ရှိရင် xxx အတိုင်းထက်အလွန်ပဲ xxx"

ဂစ်တာတီးပိုဒ်။ ကောင်းဆက်က လိဒ်ဆိုလိုတွေပါ ယည့်တီးတယ်။

"ဒန့် . . ဒန့် တန် ဒန့် တန်တန် . ."

"ဗေပုံပျော် xxx ဗေပုံပျော် xxx မချစ်စု xxx မချစ်စု လို့ကွယ် xxx"

အိမ်ပေါ်က ရယ်သံတွေ ထွက်လာပါတယ်။ ဒုက္ခပါပဲ။ ဘာတွေဖြစ်ကုန်ပြီလဲ။ အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုတာ ဒါမျိုးထင်ပါရဲ့။

"မဖြစ်ဘူး . . ချာတိတ်တွေကို ငါသွားပြောမယ် . . မင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်သာဆို . . ."

တရုတ်ကြီးက ကျွန်တော့်နားကပ်ပြီး ခပ်တိုးတိုးပြောသွားပါတယ်။ ဒါပေမယ့် သူသွားပြောတာကနောက် ကလေးတွေရဲ့ သီချင်းဟာ နောက်တစ်ပုဒ်ပြောင်းသွားပြန်ပါတယ်။

"အိုးလေး လှုပ်ပါဟေ့ xxx ရေအိုးလေး လှုပ်ပါဟေ့ xxx ဖေပုံဖျောင် xxx ဖေပုံဖျောင်"

အရေးထဲ ကောင်းဆက်ရဲ့ခေါင်းပေါ်က သီချင်းစာရွက်က လွင့်ကျသွားပါတယ်။

"ဟေ့ကောင် မြင့်မြတ် . . မဖြစ်တော့ဘူး . . မဆိုနဲ့တော့ . . ရပ်လိုက်တော့ . . ."

ကောင်းဆက်က ကျွန်တော့်ကို ရပ်ခိုင်းလို့ ကျွန်တော်လည်း ရပ်လိုက်မိပါတယ်။ စိတ်ဓာတ်လည်း အတော်ကလေးကျသွားပါတယ်။

ဘယ့်နှယ်ဗျာ။ ကျွန်တော် သိပ်ချစ်တဲ့ မမကိုရည်ရွယ်ပြီး ဖီလင်အပြည့်နဲ့ သီချင်းလေး တစ်ပုဒ်လာဆိုမိပါတယ်။ စိတ်ပျက်စရာ လာကြုံ နေရပြီ။

"အစ်ကိုကြီးတို့ အစ်မကြီးတို့ရယ် . . ထမင်းကျန် ဟင်းကျန်လေးများရှိရင် . . သနားကြပါ . . ."

ချာတိတ်တွေရဲ့ တောင်းခံသံကို ကြားရတဲ့အခါ ကျွန်တော့် ရင်ထဲ မကျေနပ်တာတွေပျောက်သွားပြီး သနားကရုဏာသက်တဲ့ စိတ်ကလေးဝင်လာပါတယ်။

ကျွန်တော်တို့က ထမင်းစားပြီးလို့ အချိုတဲတဲ့အနေနဲ့ လက်ဖက်ရည်တောင် သောက်ပြီးပြီ။ ဒီချာတိတ်တွေက ခုထိ ထမင်းမစားရသေးဘူး။ ဖြစ်မှဖြစ်ရလေဗျာ။ ဒီချာတိတ်တွေမှာ မိဘမရှိကြတော့ဘူးလား။





"လာကွာ . . ကောင်းဆက် . . တို့တွေ ချာတိတ်တွေဆီ သွားရအောင် . . ."

ကျွန်တော်တို့နှစ်ယောက် ချာတိတ်တွေဆီကို ရောက်သွားတဲ့အခါ တရုတ်ကြီးက ချာတိတ်တွေကို ဟောက်နေပါတယ်။

"မင်းတို့ သွားကြမလား . . မသွားဘူးလား ပြော . . ."

"ကျွန်တော်တို့ ထမင်းမစားရသေးလို့ပါ ခင်ဗျာ . . ဟောဒီက အစ်ကိုကြီး၊ အစ်မကြီးတို့ရယ် . . ထမင်းကျန်ဟင်းကျန်လေးများရှိရင်"

"မင်းတို့ပြောနေတာ မရဘူးလား . . ငါ နားရင်းအုပ်လိုက်ရကွာ . ."

"တရုတ်ကြီး . . . မလုပ်ပါနဲ့ကွာ . . သနားပါတယ် . ."

ကျွန်တော် တရုတ်ကြီးကို တားလိုက်မိပါတယ်။

"ကိုးနာရီတောင် ကျော်နေပြီကွ . . မင်းတို့ တကယ်ထမင်းစားရသေးဘူးလား"

"ဟုတ်ကဲ့ပါ ဦးလေး . . ."

"မင်းတို့မှာ မိဘမရှိတော့ဘူးလား"

"အဖေကတော့ မရှိတော့ပါဘူး . . . အမေကတော့ ရှိပါသေးတယ် . . ဒါပေမယ့် အမေက နေမကောင်းဘူး . . ."

ကျွန်တော် သက်ပြင်းတစ်ချက်ကိုချလိုက်မိပြီး အိတ်ထဲကို သက်နှိုက်လိုက်မိပါတယ်။

"ဒီအချိန်ကြီး . . မင်းတို့ထမင်းလိုက်တောင်းနေလဲ ဘယ်သူမှ ထွက်ပေးမှာမဟုတ်တော့ဘူး . . အဲဒီတော့ . . ရော့ . . ဒီမှာ . . ဦးလေး ပိုက်ဆံပေးလိုက်မယ် . . လမ်းထိပ်က ထမင်းဆိုင်မှာတော့ ထမင်းဟင်းတွေ ရှိလိမ့်ဦးမယ် . . အဲဒီမှာ သွားဝယ်စား . . ဒါနဲ့ နေပါဦး . . မင်းတို့ ကျောင်းလည်း မနေကြရဘူး . . မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . ."

ကျွန်တော့်ရင်ထဲမှာ နာကျင်လာပါတယ်။ ငွေကြေးပြည့်စုံ ချောင်လည်သူတွေက အိမ်တွေထဲမှာ တစ်နေကုန်ပင်ပန်းခဲ့သမျှ တီဗီ ကြည့်ခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ သီချင်းနားထောင်ခြင်းစတာတွေကို ညစာထမင်းစားပြီးတာနဲ့ ဖိမ်ခံနိုင်ကြပေမယ့် ဒီကလေးတွေကျတော့ ဝမ်းရေးအတွက်တောင် အနိုင်နိုင်ပါလား။

ဟိုတလောက ဖေဖေပြောခဲ့တဲ့စကားတွေက ကျွန်တော့်နားထဲဝင်လာပါတယ်။

"ကောင်းတယ် သား . . ဒါဟာ ပရဟိတစိတ်ဓာတ်ပဲ . . ကိုယ့်အကျိုးထက် အများအကျိုးကို လုပ်ပေးချင်တဲ့စိတ်ဓာတ်ပဲ . . ဒါပေမယ့် အများအကျိုးကို လုပ်ပေးချင်တယ် . . မပြည့်စုံတဲ့ဘဝတွေကို ကယ်တင်ချင်တယ်ဆိုပြီး ပါးစပ်က ပြောနေရုံနဲ့ မရဘူး . . တကယ့်ကို လက်တွေ့ကယ်တင်ချင်တယ်ဆိုရင် မပြည့်စုံတဲ့ဘဝတွေကို ပြည့်စုံတဲ့သူမှ ကယ်တင်လို့ရမယ် . . အဲဒါကို သား နားလည်ရမယ် . . ."

ကျွန်တော် သင်္ကြန်ပြင်းတွေ ဘယ်နှခါ ချနေမိသလဲ မသိဘူး။ အဲဒီ့တုန်းမှာ ကျွန်တော်တို့အနားကို မိန်းကလေးနှစ်ယောက် ရောက်လာပါတယ်။

တစ်ယောက်က မို့မို့ဖြစ်ပြီး နောက်တစ်ယောက်ကတော့ မမပါပဲ။ မမနဲ့မို့မို့ဟာ ကလေးတွေကို ပိုက်ဆံတချို့ထုတ်ပေးတယ်။ ကျွန်တော်နဲ့မမ မျက်လုံးချင်းဆုံမိတဲ့အခါ မမရဲ့မျက်လုံးလေးတွေက အရည်လဲ့နေတာ သတိထားလိုက်မိပါတယ်။



## အခန်း (၇)

"ကျောင်းပြီးသွားတာ ကြာပြီဆို"

"ဟုတ်ကဲ့ . . ."

"အလုပ်မလုပ်သေးဘူးလား . . ဒါမှမဟုတ်လည်း ပညာတစ်ခုခု ဆက်မသင်သေးဘူးလား . . ."

လာပြန်ပါပြီ . . မမရဲ့နှုတ်ကလည်း ဖေဖေ့ဆီက စကားမျိုး ကြားရပြန်ပါပြီ။ သည်နေ့တော့ မမက ဝင်းလွင်မောင်ရဲ့ အကြော်ဆိုင်ကို ခပ်စောစောပဲ ရောက်လာပါတယ်။ မမှာ အဖော်မပါလို့ ပျင်းနေပုံရတာနဲ့ ကျွန်တော်ကပဲ မမနဲ့စကားပြောဖော် လုပ်ပေးမိနေတာပါ။

"လောလောဆယ်တော့ ကျွန်တော် ဘာအလုပ်မှလည်း လုပ်ချင်စိတ်မရှိသလို . . ဘာသင်တန်းမှလည်း မတက်ချင်သေးဘူး မမ"

မမက ပြုံးပါတယ်။ ပြီးတော့ လှပလွန်းတဲ့ မျက်နှာလေးဟာ တဖြည်းဖြည်းပြန်တည်သွားပါတယ်။

"တို့တွေ ကြီးပြင်းလာရတဲ့ ဒီခေတ်ကြီးမှာ ယှဉ်ပြိုင်မှုတွေ ပိုများလာတယ်ကွ . . စီးပွားရေးနယ်ပယ်နဲ့ပညာရေးနယ်ပယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ အသိသာဆုံးပဲ . . စီးပွားရေးမှာဆိုလည်း တစ်ဦးနဲ့ တစ်ဦး . . တုမ္ပဏီတစ်ခုနဲ့တစ်ခု အရမ်းပြိုင်ဆိုင်လာကြတယ် . . . ငွေကြေး အင်အားချင်း၊ နည်းပညာချင်း၊ အရည်အသွေးချင်း၊ စျေးနှုန်းချင်း ပြိုင်ဆိုင်လာတယ် . . အဲဒီလိုပဲ ပညာရေးနယ်ပယ်မှာလည်း ပညာကို အလုအယက် အပြိုင်အဆိုင်ကြိုးစားလာကြတယ် . . မမ ထင်တယ် . . ဒီခေတ်ကြီးမှာ မကြိုးစားတဲ့သူဟာ ရပ်တည်ဖို့ အခက်အခဲရှိ လာလိမ့်မယ် . . . ”

ကျွန်တော် နည်းနည်းမခံချင်ဖြစ်လာပါတယ်။

“မမ ယူဆပုံအရဆိုရင် မွေးရာပါဉာဏ်ရည်ချို့တဲ့တဲ့သူ တွေနဲ့ သာမန်ဉာဏ်ရည်ပဲရှိတဲ့သူတွေ ဒုက္ခပဲပေါ့ . . လူတိုင်းလူတိုင်း ဟာ ကြိုးစားကြတယ် . . ကြိုးစားချင်ကြတယ် . . ဒါပေမယ့် တချို့ တွေဆို ကြိုးစားဖို့ အခွင့်အရေးမရကြဘူး . . ဒါကြောင့်မို့ ယှဉ်ပြိုင်တဲ့ နေရာမှာ သူတို့ဟာ ရှုံးနေမှာပဲ . . အဲဒီ့လူတွေအတွက် ဘယ်သူ ဘာမှမလုပ်ပေးနိုင်ကြဘူး . . ”

“မမကတော့ ဘယ်သူ့ကိုမဆို ကြိုးစားစေချင်တယ် . . ဖြစ် လာတာ မဖြစ်လာတာကတော့ နောက်တစ်ပိုင်းပေါ့ . . ကဲပါလေ . . တို့တွေ စကားလမ်းကြောင်းပြောင်းလိုက်ရအောင်”

ကျွန်တော် ခေါင်းညိတ်ရင်းက မမရဲ့ မျက်နှာလေးကို ငေး ကြည့်မိလိုက်တယ်။ မမက ကျွန်တော့်ကိုမကြည့်ဘဲ လမ်းမဘက်ကို လှမ်းကြည့်နေပါတယ်။ အကျီလက်ပြတ်ကို ဝတ်ထားလို့ ရင်ညွန့်နဲ့ လက်မောင်းတစ်လျှောက်ဟာ ဝင်းနုနေတယ်။

မမနဲ့ ကျွန်တော် ချစ်သူတွေဖြစ်သွားရင် ဒီလိုစကားမျိုး တွေပဲ ပြောကြဦးမှာလား ကျွန်တော် သိချင်နေမိသည်။ ဒါပေမယ့် မမရဲ့ မေတ္တာကိုရဖို့ကိစ္စကြီးက ဖြစ်မှဖြစ်နိုင်ပါ့မလား မသိပါဘူး . . ကျွန်တော် ပင့်သက်ရှိုက်လိုက်မိပါတယ်။



## အခန်း (၈)

“ကိုကို . . . ”

“ဘာလဲဟာ . . ဒီမှာငါ စိတ်ကူးယဉ် ကောင်းနေတုံး . . ”

“ဒီနေ့ ညီမလေး မမနိုနိုနဲ့ တွေ့တယ် သိလား . . မမနိုနိုက သိပ်လှတာပဲနော် . . ”

“လှတော့ ဘာဖြစ်သလဲ . . ”

“လှတော့ ညီမလေး ယောင်းမတော်ချင်တာပေါ့ . . . ”

“တော်စမ်းပါဟာ . . နိုနိုနဲ့ငါက ငယ်သူငယ်ချင်းတွေဟ . . ဘယ်တော့မှ အဲဒီ့အဆင့်က ကျော်မှာမဟုတ်ဘူး . . နင် စိတ်ကူး ယဉ်မနေနဲ့ . . . ”

“ကိုကို့မှာ ရည်းစားရှိနေလို့လားဟင်”

“ဟင့်အင်း . . အခုထိ ငါ့မှာ ဘာရည်းစားမှ မရှိသေးဘူး”

“ခစ် ခစ် . . ရှက်စရာကြီး . . ”

ကျွန်တော့်ဘာသာ ခုတင်ပေါ်မှာ ငြိမ်ငြိမ်ကလေး မမအ ကြောင်း စဉ်းစားနေတုံးမှာ ကျွန်တော့်ညီမ လဝန်းညိုညိုပြန်ရောက် လာပါတယ်။ ခု . . ကျွန်တော့်မှာ ရည်းစားမရှိတဲ့ကိစ္စကို သူက ရှက် စရာကြီးလို့ ပြောနေတယ်။



www.burmeseclassic.com

"ဟဲ့ . . နင် အခု ဘယ်ကပြန်လာတာလဲ . . လာစမ်း . . ငါ့အနားမှာ ခဏ လာထိုင်စမ်း . . ."

"ဘယ်က ပြန်လာလာပေါ့ . . ကိုကို့ အပူလား . . ."

သူက ကျွန်တော့်ဘေးက နေရာလွတ်မှာ လာထိုင်ပါတယ်။

"ဒီလိုဟ . . နင်ပြောသလိုပဲ . . ငါ့မှာ ရည်းစားမရှိသေးဘူး . . နို့နို့ကိုကျတော့လည်း ချစ်သူတစ်ယောက်လို လုံးဝစိတ်ကူးလို့မရဘူး . . ဒါပေမယ့် အခု ငါချစ်နေတဲ့မိန်းမတစ်ယောက်ရှိတယ် . . သူက ငါ့ထက်အသက်ငါးနှစ်လောက်တော့ ကြီးမယ်ထင်တယ် . ."

"ဟယ် . . ကိုကို . . အဘွားကြီးကို ကြိုက်နေတယ် . . ဟုတ်လား . . ."

"နင့်ကြီးတော် အဘွားကြီးပါလား . . သုံးဆယ်တောင် မကျော်သေးပါဘူး . . နင်တို့ မိန်းကလေးတွေဟာလေ . . သူများကိုတော့ အရမ်းအသက်ကြီးစေချင်ပြီးတော့ . . . ကိုယ့်ကိုယ်ကိုယ်ကျတော့ အရမ်းငယ်ချင်တဲ့ဟာတွေ . . . ဟိုတစ်နေ့ကလည်း ဗဟိုဆိုင်က အရောင်းကောင်မလေးက ငါ့ကိုဦးလေးတဲ့ . . ."

"ခစ် ခစ် . . ."

"ဒါနဲ့ ထားပါတော့ဟာ . . ငါ နင်နဲ့ တိုင်ပင်ချင်လို့ . . ဒီလိုဟ . . ငါ အဲဒီ့မမကို မြင်မြင်ခြင်းပဲ ကြိုက်သွားတာ . . ငါ့ကိုယ်ငါလည်း အံ့ဩတယ် . . အဲဒါဟာ ငါ ဘာဆက်လုပ်ရမလဲ"

"အင်း . . အဲဒီ့ အဘွားကြီးက လှသလား . ."

"နင့်ကြီးတော် အဘွားကြီးပါလား . . မမလို့ ပြောစမ်းပါဟ"

"အို . . အဘွားကြီးက အဘွားကြီးပဲပေါ့ . . ဘာ မမခေါ်နေစရာလိုလဲ . . ."

"တော်ပြီဟာ . . နင်နဲ့ မတိုင်ပင်တော့ဘူး . . ."

"ကဲ . . ကြည့် . . စိတ်ကောက်သွားပြန်ပြီ . . ကဲ . . ထားပါ





တော့ အဲဒီမမက လှသလား"

"အင်း . . အရမ်းမိုက်တယ် . . သူ့နာမည်က နေခြည်တဲ့ . . အင်္ဂလိပ်နာမည်က ပီးနပ်စ်တဲ့ . . ."

"ဟင် . . ပီးနပ်စ်ဝီလျံ ဟုတ်လား . . ဒုက္ခပဲ . . ဒီလောက်ဝပြဲ . . မည်းသည်းနေတာ"

"ဟာ . . ပီးနပ်စ်ပါဟ . . ဘယ့်နှယ် ပီးနပ်စ်ဝီလျံရမှာလဲ . . အင်း . . မမက အေရိုးဗစ်နဲ့ ကိုယ်ကာယအလှသင်တန်း ဖွင့်ထားတယ် . . နင် မမရဲ့သင်တန်းမှာ သွားတက်ပြီး ရင်းနှီးအောင် လုပ်ပေးပါလား . . ပြီးတော့ ရင်းနှီးသွားပြီဆိုတော့ နင်က ငါနဲ့အောင် သွယ်ပေးပေါ့ . . ."

"ဆောရီးပဲ ကိုကို . . ညီမလေးလေ . . အဲဒီလို အေရိုးဗစ်တို့၊ ဘော်ဒီဖြူတီတို့ကစားတာတွေ လုံးဝဝါသနာမပါဘူး . . ."

"ဒါကြောင့် နင့်ဗိုက်ခေါက်ကြီးထူနေတာ . . မိန်းကလေးတဲ့ . . ယောကျ်ားမရခင်ကတည်းက ဗိုက်ကပူနေပြီ . . အဲ . . . ဗိုက်ခေါက်က ထွက်နေပြီ . . ငါ့မမဆိုရင်လေ . . လေ့ကျင့်ခန်းလုပ်လွန်းလို့ . . ခါးလေးက သေးသေးလေး . . ဗိုက်ကလည်း ချပ်ရပ်နေတာပဲ . . နင်နဲ့တော့ကွာပါ့ . . လုပ်ပါဟာ . . နင် ငါ့ကိုသနားရင် အေရိုးဗစ်သင်တန်းသွားတက်ပေးဟာ . . များများမတက်နဲ့ တစ်လပဲတက်ပေး . . ငါ နင် လိုချင်တာတွေ ဝယ်ပေးမယ် . . ."

လဝန်းညိုညိုက ကျွန်တော့်မျက်နှာကို ပြုံးစစကြည့်ပါတယ်။

"ဘာလဲ . . ကိုကိုက အဲဒီ့အဘွားကြီး . . အဲ . . မမကို ရည်းစားစကားမပြောရဲဘူးလား . . ယောကျ်ားပဲ ကိုကိုရာ . . ."

"အမှန်အတိုင်းပြောရရင် . . မမနဲ့ငါ အခုအချိန်မှာ ရင်းနှီးမှုလေးရနေတယ်ဟာ . . တကယ်လို့ မမကို ငါရည်းစားစကားပြောလိုက်လို့ မမက မုန်းသွားရင် ငါဘယ်လိုမှခံနိုင်မှာ မဟုတ်ဘူး . . .



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ကိုကို့ဒုက္ခကလည်း မသေးပါလား . . ကောင်းပြီလေ . . ဒီကိစ္စကို ညီမလေး အခုတော့ မဆုံးဖြတ်နိုင်သေးဘူး . . သူနဲ့တိုင်ပင်လိုက်ဦးမယ် . . အင်း . . ဟုတ်တော့ဟုတ်တယ် . . ဟိုတလောက . . သူကလည်း ပြောတယ် . . ညီမလေးက ဝပြီးပိုက်ခေါက်ကြီးထူလာတယ်တဲ့ . . အားကစားလေးလည်း လုပ်ဦးတဲ့ . . ညီမလေး သူ့ကိုတိုင်ပင်ပြီးရင် ကိုကို့ကို အဖြေပြောမယ်သိလား . . ."

ကျွန်တော် ပခုံးတွန့်လိုက်မိပါတယ်။ ရည်းစားရှိတဲ့ဘဝများတယ်လည်းဟန်ကျကြပါလား။ ဘာပဲလုပ်လုပ် . . . တိုင်ပင်ရတာနဲ့ဘာနဲ့ . . မဆိုးဘူး . . ကျွန်တော်လည်း နောက်ဆို ဘာပဲဖြစ်ဖြစ်ဘာပဲလုပ်လုပ် ဒီကောင်မလေးနဲ့ မတိုင်ပင်တော့ဘဲနဲ့ မမနဲ့ပဲ တိုင်ပင်တော့မယ်။

ညကျတော့ ကျွန်တော့်ညီမက သူ့ရည်းစားဆီဖုန်းဆက်ပြီး အဲဒီအကြောင်း တိုင်ပင်လိုက်တယ် ထင်တယ်။ ကျွန်တော် အိပ်ခါနီး ကျွန်တော့်အခန်းထဲဝင်လာပြီး အဲဒီအကြောင်းလာပြောတယ်။

"တက်မယ် ကိုကိုရေ . . တက်မယ် . . မနက်ဖြန် စတက်မယ် . . ကိုကို ညီမလေးကို လိုက်ပို့ပေး . . ဟင်း ဟင်း . . ကိုကို့အဘွားကြီးကိုလည်း ညီမလေး အကဲခတ်လို့ရတာပေါ့ . ."

နောက်နေ့မှာတော့ ကျွန်တော့်ညီမလေးကို မမရဲ့သင်တန်းမှာ လိုက်ပို့ပေးမိပါတယ်။ ဒါပေမယ့် သင်တန်းရောက်တော့ မမကမရောက်သေးဘူး။ ကျွန်တော်နဲ့ညီမလေးကို ကိုပီတာဆိုတဲ့ ခြောက်တောက်တောက်လူကြီးက ဧည့်ခံထားရှာပါတယ်။

"ဟင်း ဟင်း . . ဒီကတစ်ယောက်ကလည်း ညီမလေးနဲ့အတူ တစ်လက်စတည်း ဝင်တက်လိုက်ပါလားဟင် . . ."

"ဟင် . . ဒီသင်တန်းက အမျိုးသမီးသီးသန့် မဟုတ်လားဟင် . . ."





လဝန်းညိုညိုက မျက်လုံးလေးကလယ် ကလယ်နဲ့ ပြန်မေးတော့ ကိုပီတာကခပ်ပြုံးပြုံးနဲ့ ပြန်ပြောပါတယ်။

"အို . . ဒီသင်တန်းက အမျိုးသမီးသီးသန့်ပါ . . ဒါပေမယ့် ညီမလေးရဲ့အစ်ကိုကျတော့ လူရင်းတွေမဟုတ်လား . . နောက်ပြီး သူ့ကိုသင်ရင် မိန်းကလေးတွေနဲ့ ရောမသင်ပါဘူး . . သီးသန့်အခန်းထဲမှာလေ . . တို့ပဲသင်ပေးမှာ . . ဘယ့်နှယ်လဲ . . ."

"ဖိတ်မဝင်စားဘူး . . ."

"တို့ သေသေချာချာပြပေးမှာပါ . . ဟင်း ဟင်း . . ."

အဲဒီတုန်းမှာ မမရောက်လာတယ်။ မမက လဝန်းညိုညိုကို မသိမသာအကဲခတ်သလို၊ လဝန်းညိုညိုကလည်း မမကို မသိမသာ အကဲခတ်ပါတယ်။

"မမ . . ဒါ ကျွန်တော့်ညီမလေး လဝန်းညိုညိုတဲ့ . . ကျောင်းပြီးကာစပဲရှိသေးတယ် . . အခုတော့ အိုင်တီတက်နေတယ် . . ညီမလေး . . ဒါ . . ကိုကို ပြောပြောနေတဲ့ မမဗီးနပ်စ်ဆိုတာပဲ . . မမ သူက မမရဲ့သင်တန်းတက်ချင်လို့တဲ့ . . ."

"ညီမလေးက အချောအလှလေးပဲ . . ကိုယ်လုံးလေးကလည်း သိပ်တောင်တက်စရာမလိုပါဘူးကွယ် . . လှပြီးသားလေး"

"ဟုတ်တယ် အန်တီရဲ့ . ."

"ဟဲ့ ကောင်မလေး . . . ငါ ဘာပြောထားလဲ . . နင်နော် . . အိမ်ကျ သေပြီသာမှတ် . ."

ကျွန်တော်လည်း လဝန်းညိုညိုကို ခပ်မာမာလေး ဟောက်လိုက်ရတယ်။ မမကလည်း အန်တီလို့ အခေါ်ခံလိုက်ရလို့လား မသိဘူး။ မျက်နှာလေး ပျက်သွားရှာတယ်။

"ဟို . . ဆောရီးနော် မမ . . လဝန်းကလေ အဒေါ်တွေကြားမှာ နေခဲ့တာဆိုတော့ ဟင်း ဟင်း . . ပါးစပ်အကျင့်ပါပြီး



www.burmeseclassic.com

www.burmeseclassic.com



. . ဘယ်သူ့ကိုမဆို အန်တီခေါ်ချင်နေတာ . . ."

"ကိုစ္စမရှိပါဘူးကွယ် . . ဒါနဲ့ညီမလေးက ဘယ်တော့စတက်မှာလဲ . ."

"သူ့ကို ဒီနေ့ပဲ စသင်ပေးလိုက်ပါ မမ . . အိမ်မှာနေရင်ရှုပ်လွန်းလို့ . . ."

လဝန်းညိုညိုက ကျွန်တော့်ကိုမျက်စောင်းလှမ်းထိုးတော့မခကာရယ်ပါတယ်။ သင်တန်းချိန်က တစ်နာရီပဲဖြစ်လို့ လဝန်းညိုညိုကို ကျွန်တော်ဧည့်ခန်းကပဲ ထိုင်စောင့်နေရပါတယ်။ သင်တန်းချိန်ပြီးသွားတော့ မမနဲ့ညီမလေးအထဲက ပြန်ထွက်လာတယ်။ နှစ်ယောက်စလုံးရဲ့ကိုယ်မှာလည်း ချွေးတွေရွှဲလို့။

နောက်တော့ ကျွန်တော်တို့မောင်နှမ . . မမကိုနှုတ်ဆက်ပြီးအိမ်ပြန်လာခဲ့ကြပါတယ်။

"မဆိုးပါဘူး . . အဘွားကြီးက လှလည်းလှတယ် . . . ပြီးတော့ အရမ်းလည်းသဘောကောင်းတယ် . . . ကိုကို ကံကောင်းပါစေ . ."

"နင် သူ့လို အဘွားကြီးလို့မခေါ်ပါနဲ့လို့ပြောထားတာ . . နင်မမှတ်မိဘူးလား . . စောစောကလည်း အန်တီတဲ့ . . မမ မျက်နှာတောင်ပျက်သွားတယ် . . . မလုပ်ပါနဲ့ဟာ . . . ကြားထဲက ငါကမျက်နှာပူတယ်ဟ . . ."

"အောင်မလေး အဖြစ်သည်းနေလိုက်တာ . . ကဲပါ . . ကိုကို မကြိုက်ရင် နောက်ကို အဲဒီလို မခေါ်တော့ပါဘူး . ."

"နင်တို့ အထဲမှာ ဘာတွေပြောကြသေးလဲ . . ."

"စကားပြောချိန်တောင် သိပ်မရပါဘူး ကိုကိုရယ် . . အထဲရောက်တာနဲ့ မမက စသင်တော့တာပဲ . . . အင်း . . ညီမလေးတစ်ခုခုတော့ စဉ်းစားမိတယ် ကိုကို . . အဲဒီ့မမမှာ ရည်းစားတော့





ရှိနေနိုင်တယ်နော် . . ."

"အင်း . . ငါလည်း အဲဒီ့အချက်ကို သံသယရှိတယ် . . ဒါပေမယ့် မမကို ပြောင်ဖွင့်မေးလို့ကလည်း မဖြစ်ဘူး . . နင် သူနဲ့ရင်းနှီးအောင်လုပ်ဟာ . . ပြီးရင် အဲဒီ့အကြောင်းမေးကြည့်စမ်း"

"အခုချက်ချင်းကြီးတော့ ဘယ်လောက် ရင်းနှီး . . ရင်းနှီး . . အဲဒီလိုကြီး ပြောင်ဖွင့်မေးလို့တော့ မကောင်းဘူး ကိုကို . . ဒါပေမယ့် ညီမလေး ကျွမ်းပါတယ် . . အဆင်ပြေရင်ပြေသလို လှည့်ပတ်ပြီးမေးကြည့်ပေးမယ် . . ."

"သိပ်ကိုကျေးဇူးတင်တယ် ညီမလေး . . နင်တို့ ဇာတ်လမ်းလည်း မြန်မြန်အဆင်ပြေပါစေဟာ . . ."

"အို . . . ညီမလေးတို့ဇာတ်လမ်းက အဆင်ပြေပြီးသားပါ . . ကိုကို ဆုတောင်းပေးစရာတောင် မလိုဘူး . ."

ညီမလေးက ဒီလောက်ပဲပြောပြီး ကျွန်တော့်ကိုစကားဆက်မပြောတော့ဘဲနဲ့ သူ့ဖုန်းကိုဖွင့်ပြီး တစ်နေရာရာကို ဆက်ပါတော့တယ်။

"ကိုအောင်လား . . လဝန်းပါ . . အခုလေးတင် အေရိုးဗစ်သင်တန်းက ကိုကိုနဲ့အတူ ပြန်လာတာ သိလား . . ဒါပဲနော် . . သူကဘက်ဆိုလို့တာ တက်ရတယ် . . ပင်ပန်းလိုက်တာ . . တစ်ကိုယ်လုံးကို ကိုင်ရိုက်ထားသလိုပဲ . . အဲဒါ လဝန်းကို ဘာလုပ်ပေးမှာလဲ"

လဝန်းညိုညိုရဲ့တယ်လီဖုန်းထဲက ဟိုဘက်ကကောင်ရဲ့စကားသံတွေကို ကျွန်တော် ကြားနေရတယ်။

"နှိပ်ပေးမယ် . ."

"ခစ် ခစ် . . ."

ကျွန်တော် ယောင်ပြီးကားကို ဘရိတ်အုပ်လိုက်မိပါတယ်။ လဝန်းညိုညိုက မျက်စောင်းထိုးကြည့်လို့ ကျွန်တော် ကားကိုဆက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပါတယ်။ စကားသံတွေကို ကြားနေရတုန်းပဲ။

"စိတ်ချပါ . . သင်တန်းမှာ ယောကျ်ားဆိုလို့ တစ်ယောက်မှ မရှိဘူး . . အင်း . . . အခြောက်ကြီးတစ်ယောက်တော့ရှိတယ် . ."

"အခြောက်ကြီးဟုတ်လား . . . ကိုအောင် စိတ်ပူလိုက်တာကွာ . . ဒီကောင်က နှစ်ဖက်ချွန်များ ဖြစ်နေမလား . . ."

"အို . . ကိုအောင် ဘာမှစိတ်မပူနဲ့ . . အဲဒီအခြောက်ကြီးကလေ လဝန်းတို့မိန်းကလေးတွေကို လုံးဝစိတ်မဝင်စားဘူး သိလား . . ဟင်း ဟင်း . . သူကလေ . . ."

လဝန်းညိုညိုက စကားဆက်မပြောသေးဘဲ ကျွန်တော့်ဘက်ကို စောင်းကြည့်တယ်။ ပြီးတော့မှ စပ်ဖြဲဖြဲနဲ့ တယ်လီဖုန်း ဆက်ပြောပါတယ်။

"သူကလေ . . ကိုကို့ကို ကြိုက်နေတာ သိလား . . ခစ် ခစ်"

"ဟာ . . ဒီကောင်မလေး . . ."

ကျွန်တော် ကားကို ဘရိတ်အုပ်လိုက်မိပြန်ပါတယ်။ လဝန်းညိုညိုက ကျွန်တော့်အဖြစ်ကို တခစ်ခစ်နဲ့ ရယ်နေပါတော့တယ်။



## အခန်း (၉)

လဝန်းညိုညိုကို ကျေးဇူးအပြတ်တင်မိပါတယ်။ ဒီနေ့တော့ အရိုးဗစ်သင်တန်းကို ကျွန်တော်လိုက်မပို့ဖြစ်ပါဘူး။

အမှန်က သူ့သင်တန်းကို ကျွန်တော်လိုက်သွားရင် မမနဲ့ တွေ့ရမှာ ဖြစ်ပေမယ့် ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့ အမေဆုံးသွားလို့ အဲဒီမှာ သွားကူစရာတွေရှိလို့ ကျွန်တော် လိုက်မသွားဖြစ်တာပါ။

ညနေကျတော့ အသုဘအိမ်မှာ လုပ်စရာကိုင်စရာတွေ ပြီးသွားလို့ အိမ်ပြန်လာပြီး ရေချိုးတယ်။ ကျွန်တော် အဝတ်အစားလဲနေတုန်းမှာပဲ လဝန်းညိုညိုက ကျွန်တော့်လက်ထဲကို စာရွက်ခေါက်လေးတစ်ရွက် လာထည့်တယ်။

ကျွန်တော် ကြည့်လိုက်တော့ မနေခြည်အောင်အောင်ဆိုတဲ့ နာမည်ရဲ့အောက်မှာ တယ်လီဖုန်းနံပါတ်လေးတစ်ခု။

ဒါကြောင့် ကျွန်တော်ပြောတာ။ လဝန်းညိုညိုကို အပြတ်ကျေးဇူးတင်မိပါတယ်လို့။

ညကျတော့ ကျွန်တော်လည်း ကိုယ့်အခန်းထဲမှာ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



...ချင်းက ကိုးနာရီလောက်မှာ မမဆီကို ဖုန်းဆက်လိုက်မိပါ...

"...လားဟင် . . ."

"ဘယ်သူလဲ . . မြင့်မြတ်လား . ."

မမက ကျွန်တော့်အသံကို မှတ်မိသားပဲ . . ကျွန်တော် ကျေနပ်သွားပါတယ်။

"ဟုတ်ကဲ့ မမ . . မမ အခုဘာလုပ်နေလဲဟင် . . ."

"သီချင်းနားထောင်နေတာ . . ပင်းရော ဘာလုပ်နေလဲ"

"ကျွန်တော်လည်း သီချင်းနားထောင်မလို့ . . အဲဒါ မမကို သတိရလို့ ဆက်လိုက်တာ"

"ထမင်းစားပြီးသွားပြီလား . . ."

"ဟုတ်ကဲ့ . . ."

"ဘောလုံးရော ကန်ဖြစ်သေးလား"

"ဟင့်အင်း . . အခု ကျွန်တော်တို့ လိုင်းပြောင်းသွားပြီ မမရဲ့ . . ဟဲ ဟဲ . . အဆိုတော်တွေ ဖြစ်ကုန်ကြပြီ . . ."

"ဒီနေ့ ဘာဖြစ်လို့ လဝန်းညိုညိုကို လိုက်မပို့တာလဲ . . ."

"ကျွန်တော့် သူငယ်ချင်းတစ်ယောက်ရဲ့ အမေဆုံးသွားလို့ အဲဒါသွားကူညီနေရလို့"

"လူမှုရေးတွေ အရမ်းလုပ်ချင်တယ်ပေါ့ . . ကိုယ့်အတွက်လည်း ကိုယ်ကြိုးစားနော် . . . မမက စိတ်လေနေတဲ့သူတွေကို သိပ်အပေါင်းအသင်းမလုပ်ချင်ဘူး . . ."

ဒီစကားက ကျွန်တော့်ရင်ဘတ်ကို အရှိန်အဟုန် ပြင်းပြင်းနဲ့ ထိမှန်သွားပါတယ်။ ကျွန်တော်ဟာ တကယ်ပဲစိတ်လေနေတဲ့ကောင် လား။

ကျွန်တော် ပင့်သက်ရှိုက်လိုက်မိပါတယ်။ မမ ကျွန်တော့်ကို





အယင်မကြီးဘူးထင်ပါတယ်။ မကောင်းတတ်လို့သာ ပြောဆိုဆက်ဆံ နေရတာလား မသိပါဘူးဗျာ . .။

"ဪ . . မင်းကို ပြောရဦးမယ် . . မနက်ဖြန် မင်းအား လား . . ."

"အားပါတယ် . . ဘာအလုပ်မှမရှိ . . ဘာသင်တန်းမှ တက်တဲ့ကောင်ပဲဗျာ . . အားတာပေါ့ . . ."

"ဒီလိုကွ . . မမ အသိတစ်ယောက် ဆေးရုံတက်နေတာ သွားကြည့်မလို့ . . မမ သူငယ်ချင်းလတ်လတ်ကလည်း မအားဘူး . . သင်တန်းသူလေးတွေကျတော့လည်း ညဘက်ဖြစ်နေတော့ အားနာလို့ မခေါ်သွားချင်ဘူး . . သူတို့အတွက်တောင် ကိုယ်က ပြန်တာဝန်ယူနေရဦးမှာ . . အဲဒါ မင်း မမနဲ့အဖော်လိုက်ခဲ့ပါလား ဟင် . . ."

ကျွန်တော် ရင်တွေခုန်လာမိပါတယ်။ မိန်းမသားတစ် ယောက်အတွက် ယောကျ်ားတစ်ယောက်ရဲ့အားကိုးအားထားဟာ အမှန်တကယ်ကို လိုအပ်ပါလားလို့လည်း ကျွန်တော် ကောင်းကောင်း သိသွားတယ်။

"မမ ဘယ်အချိန်လောက်သွားချင်လဲ . . ကျွန်တော် လိုက်ခဲ့ ပေးမယ် . . ကျွန်တော် ဘယ်ကိုလာခေါ်ရမလဲဟင် . . ."

"ညနေခြောက်နာရီလောက် သွားချင်တယ် . . မမရဲ့အိမ်ကို ဝင်းလာနိုင်မလားဟင်"

မမက သူ့အိမ်လိပ်စာကို ပြောပါတယ်။ ကျွန်တော့်အတွက် ကတော့ ဒါဟာအခွင့်အရေးတစ်ခုပါပဲ။

မမက သူ့သူငယ်ချင်းတစ်ယောက်နဲ့ အိမ်ငှားနေတာပါ။ ပြီးတော့ မမရဲ့မိဘတွေက မန္တလေးမှာ။

"ဟုတ်ကဲ့ မမ . . မနက်ဖြန်ညနေ ခြောက်နာရီတိတိ . .



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို လာခေါ်လိုက်မယ်”

“အင်း . . ဒါဆိုလည်း မမအိမ်ကပဲ စောင့်နေမယ် . . ကျေးဇူးပဲနော် . . .”

မမက ကျွန်တော့်ကိုနှုတ်ဆက်ပြီး ဖုန်းချသွားပါတယ်။ ကျွန်တော်ကတော့ တယ်လီဖုန်းထဲမှာ မမရဲ့ကိုယ်နံ့လေးများ ရမလားလို့ ဖုန်းလေးကို မြတ်မြတ်နိုးနိုးနဲ့ မွှေးကြူလိုက်မိပါတယ်။



## အခန်း (၁၀)

မမရဲ့အိမ်မှာ အိမ်သားဆိုလို့ အသက် ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်လောက် ကောင်မလေးတစ်ယောက်သာ တွေ့ရပြီး တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေပါတယ်။

ခဏနေတော့ မမက အိမ်ထဲကထွက်လာပါတယ်။ ဆေးရုံကို လူနာသွားမေးမှာမို့ မမရဲ့အဝတ်အစားဟာ ခပ်မှိုင်းမှိုင်းအရောင်တွေ ဖြစ်နေပါတယ်။

ပြီးတော့ ခါတိုင်းတုန်းကလို ဟော့ရှော့ပုံစံ မဟုတ်ဘဲ မြန်မာဆန်ဆန်ဝတ်ထားလို့ ကျွန်တော့်မျက်စိထဲမှာ အမြင်ဆန်းနေပါတယ်။

“မမ သူငယ်ချင်းရော ဟင် . .”

“သူက တိုးရစ်ဂိုက်ကွ . . များသောအားဖြင့်တော့ အိမ်မှာ မရှိတတ်ဘူး . . အခုလည်း ပုဂံသွားတယ် . . ဆယ်ရက်လောက်ကြာမယ် ပြောတာပဲ . . လာ . . မမတို့ အပြန် နောက်ကျနေလိမ့်မယ် . . သွားကြရအောင်”

ကျွန်တော် မတ်တတ်ထရပ်လိုက်တော့ မမက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



တော်ဆေးထားတာကို တစ်ချက် လှမ်းကြည့်တယ်။ ကျွန်တော်ကလည်း မနေ့တိုက်တိုက်ဆိုင်ဆိုင်။

ဆေးရုံမှာလူနာကြည့်မှာမို့ အပေါ်က အင်္ကျီအဖြူလည်း တထုံးလတ်ရှည်၊ အောက်ကတော့ ကချင်ပုဆိုးကွက်စိပ်ကိုသာ ဝတ်လာမိပါတယ်။

မမရဲ့မျက်နှာမှာ အပြုံးကလေးကလေး တစ်စပေါ်သွားတယ်။ တကယ့်ကို လျှပ်တစ်ပြက်လေးပဲ။ မျက်နှာအလှလေးက ရင်ထဲကို စူးနစ်ဝင်ရောက်သွားပါတယ်။

မမ ဘယ်အချိန်ဖြစ်ဖြစ် လှနေမယ့် မိန်းမတစ်ယောက်ပါ။ အသက်လေးဆယ်ဆိုလည်း လှနေဦးမှာပဲ။ အို . . အဘွားကြီးဖြစ်သွားလည်း လှနေပါလိမ့်မယ်။

"ဟိတ် . . လာလေ . . ဘာငေးကြည့်နေတာလဲ . . "

"မမက လှလို့ဗျ . . "

"အပြန်ကျရင် မင်းစားချင်တာ ပြော . . မမ ဝယ်ကျွေးမယ် . . သြော် . . မင်းက ကားယူလာတာကိုး . . တော်ကြာ . . အိမ်က ဆူနေဦးမယ် . . . "

"ဟင့်အင်း . . မမ . . ဒါ ကျွန်တော့်အတွက် ဝယ်ပေးထားတဲ့ကား . . "

မမက ရှေ့ခန်း ကျွန်တော့်ဘေးမှာပဲ ဝင်ထိုင်တယ်။

"မင်းမှာ ဒီမှာ အခြေအနေတွေ ပြည့်စုံနေတော့ အလုပ်လည်း မလုပ်ချင် . . ပညာလည်း မသင်ချင် ဖြစ်နေတာပေါ့ . . မမ နားလည်သွားပြီ . . . "

"မဟုတ်ဘူး . . မမ . . ကျွန်တော် အလကားထိုင်ပြီးလေလွင့်နေတဲ့ကောင် မဟုတ်ပါဘူး . . ကျွန်တော့်ကို အချိန်လေး နည်းနည်းလေးပဲပေးပါ . . မမ မြင်ချင်တဲ့ပုံစံမျိုး ဖြစ်စေရပါလိမ့်မယ် . . . "





ကျွန်တော် ဘာဖြစ်လို့ ဒီစကားမျိုး ပြောထွက်သွားတာလဲ။ မမမြင်စေချင်တဲ့ပုံစံမျိုး ကျွန်တော် နေပြမယ်ဆိုတဲ့စကားဟာ ကျွန်တော့်နှလုံးသားကို လှပ်ပြလိုက်တဲ့စကားဖြစ်သွားပါတယ်။ မမက လည်း ခေတ်မိန်းကလေးပဲ။ ဒီစကားရဲ့အတိမ်အနက်ကို သိမှာပါ။

"မင်း ဆံပင်တွေ အတော်ရှည်နေပြီနော် . . နည်းနည်းတော့ ညှပ်လိုက်ပါလား . . သိပ်တော့မတိုနဲ့ . . မင်းက ဆံပင်ရှည်နဲ့လိုက်တယ် . . . "

ကျွန်တော် ကားမောင်းနေရင်းက မမကို စောင်းငဲ့ကြည့်လိုက်မိတယ်။ မမက ကျောလယ်လောက်ရှိမယ့်ဆံပင်တွေကို ခေါင်းနောက်ကနေ စုစည်းထားလို့ မျက်နှာလေးက ရှင်းသန့်နေပါတယ်။ နဖူးပြင်လေးက မဟာနဖူးလေး။ မမက ကျွန်တော့်ကိုမကြည့်ဘဲ အပြင်ဘက်ကို ငေးကြည့်နေပါတယ်။ အဲဒီ့တုန်းမှာ မမရဲ့အသံ ခပ်တိုးတိုးလေး ထွက်လာပါတယ်။

"အခု ဆေးရုံတက်နေတဲ့ မမရဲ့သူငယ်ချင်းက . . တက္ကသိုလ်မှာအတူတက်ခဲ့တဲ့ သူငယ်ချင်းလေ . . အရမ်းခင်တာ . . အဲဒါ အူအတက်ပေါက်လို့တဲ့ . . အော်ပရေးရှင်းလုပ်ရတယ် . . ပြောတာပဲ . . တစ်နေ့ကတည်းက သွားတွေ့မလို့လဲ . . မအားလို့ . . . "

"မမ ဘာမေဂျာနဲ့ ကျောင်းပြီးတာလဲဟင် . . "

"ဥပဒေ . . "

"မမ ရှေ့နေမလိုက်ဘူးလား . . "

"ဟင့်အင်း . . ဝါသနာမပါဘူး . . "

"မမလည်း ကျွန်တော့်လို ဖြစ်နေပြီဗျ . . ကျွန်တော်လည်း ဝါသနာပါတာက ဆရာဝန် . . ဒါပေမယ့် Chemistry တော့ . . Chemistry ကို ကျွန်တော်ကလည်း လုံးဝဝါသနာမပါဘူး . . ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆို ရေရေလည်လည် ဟားနေတာ



www.burmeseclassic.com

www.burmeseclassic.com



. . ဒီကောင်က အမှတ်ကလည်းနည်းတယ် . . ဒီတော့ သူ့တက္ကသိုလ် [..]ခွင့်လျှောက်လွှာကို သူ့အဖေကို ဖြည့်ခိုင်းတယ် . . . သူ့အဖေက [..]ချင်ရာလျှောက်ဖြည့်ပြီးတော့မှ သူ့သားကို လက်မှတ်ထိုးခိုင်းတယ် . ."

"သူ ဘာမေဂျာရသွားလဲ . ."

"Botany"

မမက ပြုံးပါတယ်။

"ကျွန်တော့်သူငယ်ချင်း နောက်တစ်ယောက်ရှိသေးတယ် . . . သူကလည်း ဘာလျှောက်ရမှန်းမသိတာနဲ့ နာမည်ခပ်ဆန်းဆန်း ဘာသာတစ်ခုကို လျှောက်ပစ်လိုက်တယ် . ."

"ဘာ . . ဘာသာလဲ . ."

"အင်သိုရိုပိုလော်ဂျီ . ."

"မြန်မာလို ဘာတဲ့လဲ . . ."

"ဒီကောင်လည်း ကျောင်းစတက်တဲ့နေ့မှ သူယူတဲ့ဘာသာဟာ မနုဿဗေဒဖြစ်နေမှန်း သိရတယ်တဲ့ . . ဟား ဟား . . ."

ကျွန်တော်ရယ်တော့ မမလည်း လိုက်ရယ်တယ်။ နောက်တော့ ကျွန်တော်တို့ စကားစပြတ်သွားပါတယ်။ ဒါနဲ့ပဲ ကျွန်တော်တို့ ဆေးရုံကိုရောက်သွားတယ်။ ကားကိုကားပါကင်မှာရပ်ပြီး မမနဲ့ ကျွန်တော် ဆေးရုံပေါ်အတူတက်ခဲ့တယ်။

"လာ . . မမ . . ကျွန်တော်တို့ ဓာတ်လှေကားနဲ့ တက်ကြရအောင် . . ."

ဓာတ်လှေကားထဲမှာ လူတွေပြည့်ကျပ်နေပေမယ့် ချောင်တဲ့အထိ မစောင့်နိုင်တာနဲ့ ကျွန်တော်တို့နှစ်ယောက်လည်း လူကြပ်ကြပ်ကြား ဝင်တိုးမိပါတယ်။ အဲဒီတော့ မမက ကျွန်တော့် ရင်ခွင်ထဲ အယိုလိုရောက်လာပါတယ်။ ကျွန်တော်က အရပ်မြင့်တော့ မမရဲ့





မျက်နှာလေးဟာ ကျွန်တော့်ရင်ဘတ်ကို ထိကပ်နေသလို ဖြစ်နေပါတယ်။ ကျွန်တော် ရင်တွေတဒိတ်ဒိတ် ခုန်နေပါတယ်။

မမရဲ့ဆံပင်က မွှေးပျံ့တဲ့ရနံ့တစ်မျိုးကို ကျွန်တော် ရနေတယ်။ ဓာတ်လှေကားကအထွက်မှာ မမကခြေချော်မှာစိုးလို့ ကျွန်တော့်လက်ကို တစ်ချက်လှမ်းကိုင်ပါတယ်။ မမရဲ့သူငယ်ချင်း အဆောင်ကိုရောက်တော့ မမသူငယ်ချင်းက အော်ပရေးရှင်းလုပ်ထားပြီးတဲ့အပြင် အတော်ကလေးလည်း သက်သာနေပါပြီ။

"ဟဲ့ . . ဗီးနပ်စ် . . နင်က အခုမှလာရသလား . . သူများတွေလာလို့ ကုန်တော့မှပဲ နင်က ရောက်လာတော့တယ် . . ."

"ငါ အလုပ်များနေလို့ဟ . . ပတ်စ်ပို့ကိစ္စတွေလေ . . ."

ကျွန်တော့်ရင်ထဲ ဒိတ်ခနဲဖြစ်သွားပါတယ်။ ပတ်စ်ပို့ဆိုပါလား။ ဘာအတွက်လည်း ဘယ်သူ့အတွက်လည်း မမတို့နှစ်ယောက်က ကျွန်တော့်ကို ဘေးထားပြီး တွတ်ထိုးကြပါတော့တယ်။ အတော်ကလေးကြာတော့မှ မမသူငယ်ချင်းက ကျွန်တော့်ကို သတိပြုမိသွားပြီး . .

"ဗီးနပ်စ် . . ငါနဲ့မိတ်ဆက်ပေးဦးလေဟာ . . ."

"အေးဟဲ့ . . ဆောရီး . . ငါလည်း နင့်အတွက် စိတ်ပူနေတာနဲ့ပဲ မိတ်ဆက်ပေးဖို့ ငါမေ့နေတယ် . . ဒါ ငါ့အသိ . . ကိုမြင့်မြတ်ဖော်တဲ့ . . မောင်လေး . . ဒါ မမကျောင်းနေဖက် သူငယ်ချင်း . . စင်သီယာတဲ့ . . ."

မမသူငယ်ချင်းက ကျွန်တော့်ကို ပြုံးပြလို့ ကျွန်တော်ကလည်း ပြန်ပြုံးပြလိုက်ရပါတယ်။ မမက ကျွန်တော့်ကို သူ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးတဲ့နေရာမှာ ကျွန်တော့်နာမည်ကို တလေးတစား 'ကို' တပ်ပြီးမိတ်ဆက်ပေးခဲ့တဲ့အတွက် ကျွန်တော့်ရင်ထဲမှာ တစ်စုံတစ်ရာ ခံစားပေးလိုက်ရပါတယ်။ ပီတိလား . . ကျေနပ်မှုလားတော့ မသိပါဘူး . .။



www.burmeseclassic.com

www.burmeseclassic.com



မမတို့နှစ်ယောက်ကတော့ ကျွန်တော့်ကိုဘေးထားကာ စကားတွေပြောကြပြန်ပါတယ်။ ပြောလိုက်တဲ့စကားတွေ။ အထူးသဖြင့်တော့ ကျောင်းတုန်းက သူငယ်ချင်းတွေအကြောင်း။ ကျွန်တော်ကတော့ ကြောင်တက်တက် ဖြစ်လာလို့ အခန်းထဲမှာ ဖွင့်ထားတဲ့ ရုပ်မြင်သံကြားက အစီအစဉ်ကိုပဲ ငေးကြည့်နေမိပါတယ်။ ဒါပေမယ့် အဲဒီ့ရုပ်မြင်သံကြားအစီအစဉ်ထဲကို ကျွန်တော် စိတ်မရောက်ပဲနဲ့ မမရဲ့အသံမှာပဲ အာရုံရောက်နေပါတယ်။

"ဟိတ် . . နင်နဲ့ဘယ်လိုပတ်သက်သလဲ . . ဗီးနပ်စ် . . ငါ့ကို မလိမ်နဲ့နော် . . မှန်မှန်ဖြေ"

"တိုးတိုးပြောပါဟဲ့ . . ကြားသွားပါဦးမယ် . . ငါ့ညီမ ဂမ်းကွဲရဲ့ သူငယ်ချင်းလေ"

"ချာတိတ်က အပျံစားလေးနော် . . ဒါနဲ့ . . ကိုအေးမွန်ဆီက ဖုန်းလာသေးလား"

"ဟိုတစ်ပတ်ကတော့ လာတယ် . ."

"ဘာတဲ့လဲ . . ."

"ဟိုမှာ အားလုံးစီစဉ်ပြီးပြီ ပြောတာပဲ . . ဒါနဲ့ နင့်အဖေရဲ့ ဆီးချိုရောဂါ ဘယ်လိုနေသေးလဲ . . ."

"အဖေက ဒိုင်ယက်အရမ်းလုပ်တာဟဲ့ . . ပြီးတော့ ဆေးလည်းမှန်မှန်သောက်တော့ . . မဆိုးဘူး ပြောရမှာပဲ . . ."

ကျွန်တော်ကတော့ မမတို့စကားထဲက အမည်တစ်ခုကြောင့် စိတ်ထဲမှာအနှောင့်အယှက် ဖြစ်နေမိပါတယ်။ ကိုအေးမွန်ဆိုတာ ဘယ်သူလဲ။ မမနဲ့ဘယ်လို ပတ်သက်နေပါသလဲ။ ထိုပုဂ္ဂိုလ်က မမထံ အဘယ်ကြောင့် ဖုန်းဆက်ပါသလဲ။

နာရီဝက်လောက်ကြာတော့ မမက သူ့သူငယ်ချင်းကို ပြန်တော့မယ့်အကြောင်းပြောပြီး နှုတ်ဆက်လို့ ကျွန်တော်လည်း မမ





စင်သီယာကို နှုတ်ဆက်ရပါတယ်။

"မင်း . . ဘာမှမစားရသေးဘူး မဟုတ်လား . . မမတို့ ကြေးအိုးစားကြရအောင်နော် . . မမ ကျွေးမယ် . ."

"ဟာ . . မဟုတ်တာ . . ကျွန်တော်က ယောကျ်ားလေးပဲ . . ကျွန်တော် ကျွေးမယ်"

"မဟုတ်ဘူးလေ . . မမခေါ်လို့ မင်း အဖော်လိုက်လာရတာ . . ဒီတော မင်းက ဧည့်သည်ပဲ . . မမပဲ ကျွေးမယ် . . နောက်ပြီး မမက ဝင်ငွေရှိတယ်လေ . . မင်းက ဝင်ငွေရှိတာ မဟုတ်ဘူး . ."

ကျွန်တော့်ရင်ထဲ မခံချင်ဖြစ်သွားမိပါတယ်။ ဒါပေမယ့် မမနဲ့ကျွန်တော်ဆက်ပြီး အငြင်းမပွားတော့ပါဘူး။ ကျွန်တော်တို့နှစ်ယောက်ဆေးရုံကနေ ထွက်လာပြီး ကြေးအိုးဆိုင်ကို သွားကြပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော် ဗိုက်သိပ်မဆာသေးပါဘူး။ မမကတော့ တစ်နေကုန် သင်တန်းပြနေရလို့လား မသိဘူး . . ဆာနေပုံရပါတယ်။

ဒါနဲ့ပဲ ကြေးအိုးဆိုင်ရောက်တော့ မမက ကြေးအိုးနှစ်ပွဲမှာလိုက်တယ်။ ပြီးတော့ အအေးနှစ်လုံးလည်း မှာလိုက်တယ်။ ကျွန်တော်နဲ့မမ မျက်လုံးချင်းဆုံမိပါတယ်။

မမကလည်း အကြည့်ကိုမလွှဲဖယ်သလို၊ ကျွန်တော်ကလည်း အကြည့်ကို မဖယ်မိပါဘူး။

www.burmeseclassic.com



# အခန်း (၁၁)

"ဘယ်မှ လျှောက်မလည်ဘဲ . . အခန်းသာ အောင်းနေတာပေါ့ . . ."

"ဟုတ်ကဲ့ . . ."

"လဝန်းရော အိပ်ပြီလား . ."

"မသိပါဘူးဗျာ . . စောစောကတော့ ကျွန်တော့်အခန်းထဲလာပြီး ကျွန်တော်နဲ့တီဗီဂိမ်း လာကစားသေးတယ် . . . ပြီးတော့ အကျင့်ယုတ်ပြီးတော့ အနိုင်နဲ့ပိုင်းပြီး ထွက်သွားတယ် . ."

မမရဲ့ရယ်သံလွင်လွင်ကလေးကို ကြားရပါတယ်။ ကျွန်တော်က မမရဲ့ရယ်သံလေးကို စိတ်ဝင်တစားနဲ့ နားထောင်နေမိတယ်။ အဲဒီ့တုန်းမှာ မမရယ်သံလေး ပျောက်သွားပြီး တိတ်ဆိတ်သွားတယ်။ တိုင်ကပ်နာရီက နာရီသံဆယ်ချက်ကြားလိုက်ရပြီးတဲ့နောက် မမအသံ တည်တည်ငြိမ်ငြိမ်ပဲ ထွက်လာတယ်။

"မမမှာ မိဘသဘောတူထားတဲ့ ကိုအေးမွန်ဆိုတဲ့လူရှိတယ်"

ကျွန်တော်နားထဲမှာ ဆူညံပေါက်ကွဲသွားပါတယ်။

"သူက ဂျပန်မှာ အလုပ်သွားလုပ်နေတယ် . . မမကို





သူ့ဆီလိုက်လာဖို့ ခဏ ခဏ ခေါ်တယ် . . မမရဲ့မိဘတွေကလည်း လိုက်သွားစေချင်တယ် . . ဟိုကျရင် မမနဲ့ကိုအေးမွန် လက်ထပ်ဖို့ စီစဉ်ကြတဲ့ . . ."

ကျွန်တော့်ရင်ထဲမှာ ဟာသွားပါတယ်။ နောက်ဆုံးတော့ သည်ဘူတာပဲ ဆိုက်ခဲ့ရပြီ မဟုတ်ပါလား။ ဆွေးမြည့်စွာ ခံစားလိုက်ရတဲ့အတွက် ကျွန်တော့်မှာ ပြောစရာစကားတွေ ခမ်းခြောက်သွားပါတယ်။

"မမကတော့ အခုထိလိုက်သွားဖို့ ဝေခွဲမရသေးဘူး . . . ကိုအေးမွန်ကတော့ ဟိုမှာ အားလုံးစီစဉ်ထားပြီးပြီ ပြောတယ် . . နေဖို့ အိမ်တောင်ရှာထားပြီးပြီတဲ့ . . ."

"ကျွန်တော် ဝမ်းသာပါတယ်ဗျာ . . . ဂျပန်နိုင်ငံဆိုတာ အရမ်းတိုးတက်တဲ့နိုင်ငံပဲ . . ကိုယ့်နိုင်ငံကိုယ့်ဒေသမဟုတ်ပေမယ့် . . မမတို့ပျော်ကြမှာပါ . . နောက်ပြီး မမက ရင့်ကျက်တည်ငြိမ်တဲ့သူဆိုတော့ မမလျှောက်ရမယ့်လမ်းကို မမ မှန်မှန်ကန်ကန် ရွေးချယ်နိုင်မှာပါ"

ကျွန်တော့်စကားအဆုံးရဲ့ အသံဟာ တိမ်ကျသွားပါတယ်။ ကျွန်တော့်ဇာတ်လမ်းက စတောင်မစရသေးဘူး။ ပြီးသွားပြီပဲ . .။

"ကဲ . . ညဉ့်နက်ပြီ အိပ်တော့နော် . . မမ ဖုန်းချလိုက်တော့မယ် . . ."

"ဟုတ်ကဲ့ . . ."

မမ ဖုန်းချသွားပေမဲ့ ကျွန်တော်ကဖုန်းကို မပိတ်မိသေးဘဲ ငေါင်ငေါင်ကြီး ဖြစ်နေမိတယ်။ မိန်းမတစ်ယောက်ကို တစ်သက် တစ်ခါသာ ချစ်မိတဲ့အချစ်မျိုးနဲ့ မမကိုချစ်မိတာမို့ ရင်နဲ့အမျှ ရပါတယ်။ ခဏနေတော့မှ တယ်လီဖုန်းကိုပိတ်ပြီး ခေါင်းအုံး ပစ်တင်လိုက်မိတယ်။ အဲဒီ့တုန်းမှာ ကျွန်တော့်အခန်းထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဝင်လာပါတယ်။

"မအိပ်သေးဘူးလားကွ . . ."

"ကျွန်တော် အိပ်မရလို့ ဖေဖေ . ."

"ဒါဆိုလာကွာ . . ဖေဖေတို့ စာကြည့်ခန်းမှာ စစ်တုရင် သွားထိုးရင်းနဲ့ စကားပြောကြရအောင် . . ."

မေမေကတော့ ခပ်စောစောအိပ်တတ်လို့ အခန်းထဲမှာ အိပ်ပျော်နေပါပြီ။ ညီမလေး လဝန်းညိုညိုကတော့ သူ့အခန်းထဲက မှန်တင်ခုံမှာထိုင်ပြီး ခေါင်းဖြီးနေတယ်။ ကျွန်တော်တို့ သားအဖ သူ့အခန်းရှေ့ကဖြတ်တော့ ကိုကို့ကို ညီမလေး ပြောစရာရှိတယ်။ မအိပ်သေးဘူးမဟုတ်သား . . လို့ လှမ်းပြောတယ်။ ကျွန်တော်ကတော့ ဘာမှပြန်ပြောမနေဘဲ ဖေဖေနဲ့အတူ စာကြည့်ခန်းလေးထဲ ဝင်လိုက်တယ်။

သည်စာကြည့်ခန်းလေးဟာ ကျွန်တော်တို့သားအဖနှစ်ယောက်ရဲ့ စာကြည့်ခန်း၊ စကားပြောရာအခန်း၊ စစ်တုရင်ထိုးရာအခန်း။ ဒီအိမ်မှာက စာအုပ်စာပေကို ဖေဖေနဲ့ကျွန်တော်ပဲ ဖတ်တာ ညီမလေးနဲ့မေမေဆို တစ်နှစ်လုံးနေလို့ စာတစ်အုပ်တောင် ဖတ်ရဲ့လား မသိဘူး။

ကျွန်တော်တို့နှစ်ယောက် စားပွဲခုံကို အလယ်မှာထားပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်ကြပါတယ်။ သည်အခန်းကို ကျွန်တော်တို့ သားအဖ အတူဆုံလျက်မရောက်ဖြစ်တာကြာပါပြီ။ ဖေဖေက ဗီရို ကြည့်မီးကလေးကို ဖွင့်လိုက်ပြီး စစ်တုရင်ခုံပေါ်မှာ စစ်တုရင်အရုပ်တွေကောက်စီပါတယ်။

"ဖေဖေ . . ."

"ဟင် . . . ဘာလဲ သား . ."

"ကျွန်တော် ဖေဖေ့အလုပ်ကို အမြန်ဆုံး ဝင်ချင်တာ





ဖေဖေ . . ."

ကစားရုပ်တွေကိုစီနေတဲ့ဖေဖေဟာ ရပ်သွားပါတယ်။ ဖေဖေ ကျွန်တော့်မျက်နှာကို မော့ကြည့်တယ်။

"အင်း . . သားကိုယ်တိုင်က လိုလိုချင်ချင်ဖြစ်လာတာကို ဖေဖေ သဘောကျတယ်။ ဒါပေမယ့် မနက်ဖြန်ကိုတော့ ဖေဖေ လုံးဝမအားလို့ သားကိုခေါ်မသွားနိုင်ဘူး . . သန်ဘက်ခါကျရင် သား ဖေဖေနဲ့ တစ်ခါတည်းလိုက်ခဲ့ . . သားအတွက် ကုမ္ပဏီမှာ သင့်တင့် လျောက်ပတ်တဲ့နေရာ ဖေဖေစီစဉ်ထားပြီးသား . . တစ်ခါတည်း ဝင်လုပ်ရုံပဲ . . တစ်ခုတော့ရှိတယ် သား . . သားဟာ ဒီကုမ္ပဏီကြီးကို ဆက်ပြီး တာဝန်ယူရမှာဆိုတော့ ဒီကုမ္ပဏီ . . . ဒီလုပ်ငန်းကြီး အကြောင်းကို သေသေချာချာသိသင့်တယ် . . သား အတတ်နိုင်ဆုံး လေ့လာသင်ယူပါ . ."

"အဲဒီ့ကိစ္စအတွက် ကျွန်တော့်ကို စိတ်ချ ပါ ဖေဖေ . . ."

"ဒါနဲ့ နေပါဦး . . အခုမှ ကောက်ခါငင်ကာ အလုပ်ဝင်ချင် သာတာ . . ဘာကြောင့်လဲကွ . . ဘယ်သူက ဘာပြောလိုက်လို့လဲ"

ကျွန်တော် လိမ်လိုက်မိပါတယ်။

"ပတ်ဝန်းကျင်ကြောင့်ပါ ဖေဖေ . . သူတို့က ကျွန်တော့်ကို ပညာလည်း ဆက်မသင် . . . အလုပ်လည်းမလုပ် . . စိတ်လေနေတဲ့ ကောင်လို့ ထင်မှာစိုးလို့ . . ."

"ပတ်ဝန်းကျင်ကိုတော့ ထည့်မတွက်ပါနဲ့ကွာ . . ဘာပဲပြော ပြော . . . သား သင်တန်းတွေ တက်သည်ဖြစ်စေ၊ . . မတက်သည် ဖြစ်စေ . . . အလုပ်လုပ်သည်ဖြစ်စေ . . အလုပ်မလုပ်သည်ဖြစ်စေ . . သားကို ဖေဖေကျေးဇူးတင်တဲ့အချက်က . . သားဟာ မဖျက်ဆီး ဘူး . . မူးယစ်ဆေးဝါး မသုံးစွဲဘူး . . ."

"ကျွန်တော် မူးယစ်ဆေးဝါးမသုံးဘူးဆိုတာ ဖေဖေ့သေသေ



www.burmeseclassic.com

www.burmeseclassic.com



ချာချာ သိလို့လား . ."

"သိတာပေါ့ကွ . . မိဘပဲ . . အင်း . . မင်းသုံးတာ . . သေချာလို့ကတော့ အခုလောက်ဆို မင်းထောင်ထဲရောက်နေပြီ . ."

ကျွန်တော် ဖျားသွားပါတယ်။

"ကျွန်တော် အခုလို သူငယ်ချင်းတွေနဲ့ ပျော်လိုက်ပါးလိုက် . . ကစားလိုက်လုပ်နေတာကို ဖေဖေ ဘယ်လိုမြင်သလဲဟင်"

"လူငယ်ပဲကွာ . . လူငယ်ဟာ လူငယ်လိုနေတာပဲ . . ဒါပေမယ့် ပျော်တဲ့ပါးတဲ့ကိစ္စဟာ အတိုင်းအတာတစ်ခုအထိပဲ ဖြစ်သင့်တယ် . . လူငယ်တိုင်း လူငယ်တိုင်းဟာ လွတ်လပ်စွာ ပျော်ရွှင်ခွင့်ရှိပါတယ် . . ဒါပေမယ့် အဲဒီ့အချိန်တွေထဲက ဘဝအတွက် တန်ဖိုးရှိမယ့်အချိန်ကို ခွဲယူအသုံးချဖို့လိုတယ် . . ."

ကျွန်တော်တို့ သားအဖနှစ်ယောက် စစ်တုရင် စ,ကစားကြပါတယ်။ အဖွင့်နည်းဗျူဟာ ဘာမှသိပ်စဉ်းစားစရာမလိုလို့ ခဏလေးနဲ့ အကွက်ငါးကွက်ခြောက်ကွက်လောက်အထိ ဖြစ်သွားပါတယ်။

"ဖေဖေ . . . ."

"ဟေ . . ဘာလဲကွ . . ."

"အခု ကျွန်တော်ပြောမယ့်စကားတွေကို အဖေတစ်ယောက် အနေနဲ့နားမထောင်ဘဲနဲ့ သူငယ်ချင်းတစ်ယောက်အနေနဲ့ နားထောင်ပေးပါ ဖေဖေ . . ."

"ဟား ဟား . . တကယ့်ကောင်ပဲ . . ရည်းစားကိစ္စပြောတော့မယ် ထင်တယ် . . ကဲ . . ပြော . . အခုအချိန်ကစပြီး ဖေဖေဟာ မင်း သူငယ်ချင်းဖြစ်သွားပြီ . . ."

"ဒီလိုပါ ဖေဖေ . . ဖေဖေ့ထက်မေမေက အသက်ငါးနှစ်လောက်ကြီးတယ်နော် . . . ဖေဖေတို့ ဇာတ်လမ်းက အဆင်ပြေပြေနဲ့စခဲ့တာလား . . အခက်အခဲတွေနဲ့ စခဲ့တာလားဟင် . . ."

တော် ဝင် မြို့ မ စာ အုပ် တိုက်

"အင်း . . ဒီမေးခွန်းတွေ မေးဖို့ . . မင်းက အဖေကို သူငယ်ချင်းဖြစ်ခိုင်းလိုက်တာပေါ့လေ . . အင်း . . ဖေဖေ . . သားမေမေဆီက မေတ္တာကို လွယ်လွယ်နဲ့ရခဲ့တာ မဟုတ်သလို . . လွယ်လွယ်ကူကူနဲ့ လက်ထပ်နိုင်ခဲ့တာ မဟုတ်ဘူး"

ကျွန်တော် ကျေနပ်သွားပါတယ်။ အဲဒီ့အခါမှာ ကြားဖူးနေတဲ့ စကားလေးတစ်ခုကို သွားသတိရပါတယ်။ မေတ္တာစစ်တို့မည်သည် ဖြောင့်ဖြူးတဲ့ လမ်းမရှိပါတဲ့ . . ထိုအခိုက်မှာပင် တစ်ရေးနိုးထလာသော မေမေက အပေါက်ဝကို ရောက်လာပါတယ်။

"ဒီသားအဖတွေ မအိပ်ကြသေးဘူးလား . . ဆယ့်တစ်နာရီခွဲနေပြီ . . . အိပ်ကြတော့လေ . . . မောင်လည်း မနက်ကို အလုပ်စောစော သွားရမယ် မဟုတ်လား . . ."

"အင်း . . ဟုတ်တယ် . . မနက်ကျရင် မမ . . မောင့်ကို ငါးနာရီလောက်နှိုးနော် . ."

ဖေဖေ၊ မေမေတို့ရဲ့ အခေါ်အပြောတွေကြောင့် ကျွန်တော် ကြည်နူးသွားမိပါတယ်။ ပြီးတော့ ချက်ချင်းပဲ မမကို သတိရလိုက်မိတယ်။ အခုအချိန်လောက်ဆို မမအိပ်ရောမယ်။ မမရဲ့အိပ်မက်ထဲကို အလည်သွားချင်မိပါတယ်။

ကျွန်တော်တို့သားအဖလည်း မပြီးသေးတဲ့ စစ်တုရင်ပွဲကို သည်အတိုင်း ပစ်ထားခဲ့ပြီး စာကြည့်ခန်းလေးထဲက ထွက်ခဲ့ကြပါတယ်။ နောက်တော့ ဖေဖေက သူ့အခန်းထဲသူဝင်သွားပြီးတော့ ကျွန်တော်ကတော့ အပေါ်ထပ်ဝရန်တာကို ရောက်သွားပါတယ်။

နွေရောက်ပြီဖြစ်လို့ ပူအိုက်နေပေမယ့်လည်း လေငြိမ်သည့်ငြင်းလေးကြောင့် နေသာထိုင်သာတော့ ရှိနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

ကျွန်တော့်နားပေါက်ထဲမှာရှိသော နားကပ်ကိုလည်း ဖြုတ်လိုက်ပြီဖြစ်သလို ဆံပင်ရှည်ကြီးကိုလည်း ခပ်တိုတို ညှပ်ပစ်လိုက်တဲ့အတွက် ဖေဖေကတော့ ကျေနပ်သွားပုံရပေမယ့် ညီမလေး လဝန်းညိုညိုကတော့ အပြတ်ရှုတ်ချပါတယ်။

"မဆိုင်ပါဘူး ကိုကိုရာ . . ဆံပင်ရှည်ထားတာနဲ့ . . နားကပ်တပ်တာနဲ့ပဲ လူကြီးလူကောင်း မဖြစ်ရတော့ဘူးလား . . အခုဆို ကိုကို့ပုံစံက ကြောင်စီစီနဲ့ မြန်မာ့ရုပ်ရှင်အစက ရုပ်ရှင်ကားထဲက မင်းသားတွေပုံစံဖြစ်နေတယ် . . ဆံပင်ပုံစံကလည်း တိုပေမယ့်ခပ်မိုက်မိုက်ထားလို့ရတဲ့ ပုံတွေရှိရက်နဲ့ . . ဘာပုံကြီးညှပ်လာတာလဲ . . ."

"ဘာပုံဖြစ်ဖြစ်ဟေ့ . . ညှပ်ချင်လို့ ညှပ်လိုက်တာ . . ."

"ဟွန်း . . ပုံတုံးကြီး . . ရည်းစားကလည်း ထားချင်သေးတယ် . . ဒြော် . . ကိုကို့ကို ပြောရဦးမယ် . . မမဒီနေ့ သင်တန်းလာမပြဘူး သိလား . . နေမကောင်းလို့တဲ့ . . အဲဒါ အခွင့်အရေးပဲ . . ကိုကိုဖုန်းဆက်ပြီး သတင်းလေး ဘာလေး မေးလိုက်ပါဦး . . ."

မမနေမကောင်းဘူးလို့ ညီမလေးဆီက သတင်းကြားတော့



ကျွန်တော် စိတ်ပူလိုက်တာဗျာ။ ဘာဖြစ်တာလဲ။ အအေးမိတာ[illegible] ဘုပ်ကွေးမိတာလား။ မမက ရေချိုးရဲတယ်။ ညဘက်လည်း [illegible] ချိုးချင် ချိုးတတ်တာ။ ကျွန်တော် မမဆီကို ဖုန်းဆက်မလို့ လုပ်[illegible] မှာပဲ ဖေဖေဟာ ကျွန်တော့်အခန်းရှေ့ကို ရောက်လာတယ်။

"ဆောရီးပဲ သားရေ . . ဖေဖေ . . မန္တလေးကို ခရီး[illegible] ဦးမယ် . . . ဆယ်ရက်လောက်ကြာလိမ့်မယ် . ဒီတော့ သား [illegible] အလုပ်ဝင်မယ့်ကိစ္စကို ဖေဖေပြန်လာမှ လုပ်ရအောင် . . [illegible] ရှိရင် မင်းအလုပ်ထဲမှာ ကြောင်တက်တက် ဖြစ်နေလိမ့်မယ် . . ."

ဒီနေ့ ကျွန်တော် ဖေဖေ့အလုပ်မှာဝင်တော့မယ့်နေ့မှ [illegible] မှာ ခရီးသွားဖို့ကိစ္စက တိုက်တိုက်ဆိုင်ဆိုင်ပေါ်လာရတယ်။ ဒါပေမယ့် [illegible] သိပ်တော့ ကိစ္စမရှိပါဘူး။ ဆယ်ရက်လောက်လေးနဲ့တော့ [illegible] ထူးခြားသွားမှာ မဟုတ်ပါဘူး။

"ဟုတ်ကဲ့ ဖေဖေ . . ကျွန်တော့်အတွက် ဆယ်ရက်[illegible] ဆက်လေလို့ရသွားတာပေါ့"

ဖေဖေက ကျွန်တော့်ခေါင်းကို မနာအောင်လာခေါက်ပြီး [illegible] မနဲ့အတူအပေါ်ထပ်ကို တက်သွားပါတယ်။ ဒီတော့မှ ကျွန်[illegible] [illegible]ည်း မမဆီကို ဖုန်းခေါ်ဖို့ကိစ္စ ပြန်စဉ်းစားမိဟယ်။

အခုအချိန်မှာ မမနဲ့စကားပြောလိုက်လို့ ဘာများ ထူးခြား[illegible] [illegible]မှာမို့လဲ။ မမ နေမကောင်းဘူးဆိုတာလည်း သာမန်[illegible] [illegible]မန်နေမကောင်းတာလောက်ပဲ ဖြစ်မှာပါ။

နေမရင့်ခင်၊ အရှူးမရင့်ခင် ကျွန်တော့် သံယောဇဉ်[illegible] [illegible]လောက်နဲ့ပဲ ရပ်ထားတာကောင်းပါတယ်။ နောက်မို့ဆို [illegible] [illegible]သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်။ မမမှာလည်း [illegible] [illegible]က အဆင်သင့်ရှိပြီးသား။ ကျွန်တော့်ကြောင့် မမတို့မှာ [illegible] [illegible]တ် မဖြစ်စေချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တယ်လီဖုန်းလေးကို အိတ်ထဲထိုးထည့်လိုက်ပြီး ဝင်းလွင်မောင်တို့အကြော်ဆိုင်ကိုသွားဖို့ စိတ်ကူးလိုက်မိတယ်။ ပြီးတော့ ကျွန်တော့်ပြိုင်စက်ဘီးလေးကိုတက်ခွပြီး အကြော်ဆိုင်ကို ထွက်လာမိပါတယ်။ အကြော်ဆိုင်ရောက်တော့ ဝင်းလွင်မောင်ကို အဆင်သင့်တွေ့ရလို့ သူနဲ့အတူ ဆိုင်ဖွင့်ဖို့ကူညီပေးမိတယ်။

သူက ကျွန်တော် ပုံစံပြောင်းသွားတာကို အံ့သြနေပုံရတယ်။

"မင်း ဆံပင်ကလည်း တိုလိုက်တာကွာ . . အင်း . . ညှပ်ခါစမို့လား မသိဘူး . . ကြောင်စီစီနဲ့ . . တစ်ပတ်လောက်မှ ပုံကျသွားလိမ့်မယ် ထင်တယ် . . ဒါနဲ့ဟေ့ကောင် . . မင်း ဒီနေ့ အလုပ်ဝင်မှာဆို . . . အလုပ်မသွားသေးဘူးလား"

"ငါ့အဖေ . . မန္တလေးသွားစရာရှိလို့ကွ . . ဆယ်ရက်လောက်ကြာမယ်တဲ့ . . အဖေပြန်လာမှပဲ ဝင်တော့မယ်ကွာ . . ဪ . . ဟေ့ကောင် . . မင်းကို ပြောစရာရှိတယ် . . မင်း . . ငါနဲ့အတူ ငါ့အဖေကုမ္ပဏီမှာ အလုပ်ဝင်လုပ်မလား . . ."

ဝင်းလွင်မောင်က ရယ်ပါတယ်။

"ဟေ့ကောင် ရယ်မနေနဲ့ကွ . . . တကယ်ပြောတာ . . ဖေဖေကလည်း လူလိုတယ်ပြောတယ် . . ငါတို့ သူငယ်ချင်းတစ်အုပ်လုံး ဝင်ကြမယ်လေကွာ . . ."

"မဟုတ်ဘူးကွ . . ငါရယ်တာက . . ငါ အလုပ်ဝင်ရင် ဒီဆိုင်ကို ဘယ်လိုလုပ်မလဲ . . ငါ့အမေ ဘယ်လိုလုပ်မလဲ . . အဲဒါကို သိလို့ အရင်ကတည်းက ငါဘာအလုပ်မှမလျှောက်ခဲ့တာ . . ဒါကို မင်းလည်း သိသားနဲ့ကွာ . ."

ဝင်းလွင်မောင်လိုကောင်မျိုးကတော့ အတော်ရှားပါတယ်။ သူများတွေများ လစာကောင်းကောင်းနဲ့အလုပ်ဆို လိုချင်လွန်းလို့။ ဒါပေမယ့် ဒီကောင်တွေ အကြော်ဆိုင်ကလည်း ဝင်ငွေမဆိုးဘူး။





သူတို့တစ်အိမ်လုံး စားဝတ်နေရေးကို ဒီအကြော်ဆိုင်တစ်ခုထဲက ထိန်းတာပဲကြည့်။

"တရုတ်ကြီးလည်း ငါ့လိုပဲ ဖြစ်မှာပဲ . . မင်း ပေသီးတို့ကို ပြောကြည့်ကွာ . . ဒီကောင်တွေ လုပ်ကြလိမ့်မယ် ထင်တယ် . ."

တရုတ်ကြီးကလည်း လခစားအလုပ်ကို သိပ်အထင်မကြီးတဲ့ကောင်ဆိုတော့ ဝင်းလွင်မောင်လို သဘောထားရှိတာကို ကျွန်တော် သိပါတယ်။

"ဒါနဲ့ မင်းအခြေအနေ ဘယ်လိုလဲကွ"

"မကောင်းဘူးကွ . . စ,တောင် မစရသေးဘူး . . ပြီးသွား ပြီ . . ."

ကျွန်တော်က အကြောင်းစုံရှင်းပြလိုက်တော့ ဝင်းလွင်မောင်က ခေါင်းခါပါတယ်။

"မဟုတ်သေးဘူးကွ . . အဲဒီ ကိုအေးမွန်ဆိုတဲ့ လူကို မမက ကြိုက်တာမှမဟုတ်ဘဲ . . မင်း ကြိုးစားခွင့်ရှိသေးတာပဲ . . နောက်ပြီး မမ ဂျပန်ကို လိုက်မသွားဖြစ်ဘူးဆိုရင်ရော . ."

"အဲဒါတော့ မဖြစ်နိုင်ဘူး ထင်တာပဲ . . မမက ပတ်စ်ပို့တောင် လုပ်ထားပြီးပြီ . . ငါ့အတွက် လုံးဝအခြေအနေမကောင်းဘူး သူငယ်ချင်း . . ဒီအခြေအနေမှာ ငါ့အတွက် လုပ်စရာတစ်ခုပဲရှိတယ် . . အဲဒါကတော့ မမကိုမေ့လိုက်ဖို့ပဲ . . ."

"တစ်ခုတော့ရှိတယ် . . မင်း . . မမကို ရင်ဆိုင်တွေ့ပြီး ညည်းတားစကားပြောပစ်လိုက်ရင်ရောကွာ . . အဲဒါဆို သူဘယ်လိုဆုံးဖြတ်မလဲ . . မင်းကိုချစ်ရင်လည်း ချစ်နိုင်တယ် မဟုတ်လား . . ."

"ခက်တာက ငါ့မှာ မမကြိုက်နိုင်လောက်တဲ့ အရည်အချင်း ရှိဘူးကွ . . အခု လောလောဆယ်မှာ အလုပ်အကိုင်ကလည်း မရှိ . . ပညာကလည်း သာမန် . . ကိုအေးမွန်ကျတော့ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



. . ငါ့ထက်တော့ သာတယ်ကွ . . မမကို ဟိုကခေါ်နိုင်တာပဲ ကြည့်

"ဒါဆို . . မင်း မမကို မကြိုးစားတော့ဘူးပေါ့ . . ."

"အေး . . ."

ကျွန်တော့်အသံဟာ ခြောက်ကပ်ကပ် ဖြစ်နေပါတယ် ကျွန်တော်လည်း ဝင်းငွေ့မောင်နဲ့ ခဏတစ်ဖြုတ်ထိုင်ပြီး အိမ် သာတန်းပြန်ခဲ့တယ်။ နေရထိုင်ရတာ ခြောက်ကပ်ကပ်ကြီးဗျ။ ရင်ထ မှာလည်း ဟာနေတယ်။ ဒီရက်တွေမှာ ကျွန်တော် ညီမလေးကိုလည် သင်တန်းလိုက် မပို့ဖြစ်သလို ဘယ်မှလည်း မသွားဖြစ်ဘူး။

သူငယ်ချင်းတွေဆီတော့ လှည့်ပတ်ပြီး သွားနေမိပါတယ် မမဆီကိုတော့ ဟိုနေ့ကတည်းက ဖုန်းမဆက်မိတော့ဘူး။ ကျွန်တေ အတွက်ကတော့ မမကို မမြင်ရခြင်းက သက်သာမှုပဲ။ မမအသံ မကြားရခြင်းကလည်း သက်သာမှုပဲ။

ဒါကြောင့် အတတ်နိုင်ဆုံး အပြင်မထွက်ဘူး။ အိမ်မှာ တီဗီဂိမ်းကစားတယ်။ ဒီဗီဒီခွေတွေ ဖွင့်ကြည့်တယ်။ သီချင်းန ထောင်တယ်။ အင်တာနက်ကြည့်တယ်။

ဒါပေမယ့်လည်း အဲဒီအရာတွေပေါ်မှာ ကျွန်တော့်စိတ် လုံးဝရှိမနေပါဘူး။ တီဗီဂိမ်းကစားရင်းနဲ့လည်း ခလုတ်ကြီးကိုကိုင် ကြောင်နေမိတာ ခဏ ခဏပဲ။ သီချင်းခွေတွေဖွင့်ရင်လည်း သီခ တွေဆုံးပြီး စပီကာက တရှဲရှဲပေါ်လာတဲ့အထိ ကျွန်တော့်အာရုံထဲ သီချင်းထဲမှာ မရောက် . . .။

ဒီဗီဒီဆိုရင်လည်း ဇာတ်ကားတွေသာ ဆုံးသွားတယ်။ ဘ လို့ ပြလိုက်မှန်းတောင် မသိလိုက်ဘူး။ ဒီလိုနဲ့ပဲ ငါးရက်လောက်ကြ သွားတယ်။ ကျွန်တော့် ညီမလေး လဝန်းညိုညိုကလည်း ကောင် မီးဗျ။ မမရဲ့သင်တန်းကို ငါးရက်လောက်ပဲ တက်လိုက်တယ်။ ဆ မတက်တော့ဘူး။ မမ နေကောင်းလို့ သင်တန်းမလာတဲ့နေ့က





လည်း မတက်တော့တာ။

"နင် . . သင်တန်းကိုတော့ ဆက်တက်သင့်တယ်။ ဘာပဲဖြစ် မိန်းကလေးဆိုတာ . . . ကိုယ်လုံးလှနေဖို့ အရမ်းအရေးကြီးတာ ဟုတ်လား . . ."

"အို . . . ကိုကို ဘာသိလို့လဲ . . ကိုအောင်ကလေ . . န်းကို အရမ်းချစ်တာ . . လဝန်း ဘာပုံကြီးပဲဖြစ်ဖြစ် . . ချစ်မှာ တဲ့"

"ဟဲ့ . . နင်ဘာသိလို့လဲ . . မောင်နှမချင်းမို့ ပြောရခက် လို့ . . နင်တို့ ယောကျ်ားလေးတွေရဲ့ စိတ်ဓာတ်ကို မသိပါဘူး"

"ဟင့်အင်း . . . ကိုယ်လုံးလေးလှဖို့ အရေး . . နဖူးက ချွေး ခြေမကျတဲ့အထိ . . ပင်ပန်းတာ. . နောက်ပြီး အစားအသောက် လည်း ဆင်ခြင်ရသေးတယ် . . . ရေခဲမုန့် မစားရဘူး . . ချော က် မစားရဘူးတဲ့"

"အင်း . . နောက်ငါးနှစ်လောက်ဆို နင့်ကိုယ်လုံးလေးဟာ . . တိုင်ကီကို ထဘီဝတ်ပေးထားတဲ့ ပုံဖြစ်လာလိမ့်မယ် . . ရင် ကြည့်နေ . . ."

"ဘယ်လိုပဲဖြစ်ဖြစ် . . ကိုအောင်က ချစ်ပြီးသား . . ."

"နင့် . . မေးစေ့ကြီးတွေက နှစ်ထပ်၊ သုံးထပ်ဖြစ်လာပြီး ကြီးကလည်း အဆီတွေနဲ့ ဝက်မကြီးလို ရုံစရာကြီးဖြစ်လာ နော်"

"ဘယ်လိုပဲဖြစ်ဖြစ် . . ကိုအောင်က ချစ်ပြီးသား . . ."

"ဝက်ဆီပတ်တွေ နင်မြင်ဘူးတယ် မဟုတ်လား . . နင့်ခြေ တွေကလည်း . ."

"ဘယ်လိုပဲဖြစ်ဖြစ် . . ကိုအောင်"

"သားနဲ့သမီး ဘာတွေဖြစ်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ရုတ်တရက်အပေါက်ဝမှာ ရောက်လာလို့ လဝန်း ညိုညိုက အခက်တွေ့သွားပြီး လျှာတစ်လစ်နဲ့ ပြောချလိုက်ပါတယ်။

"ဘယ်လိုပဲဖြစ်ဖြစ် မေမေက ချစ်ပြီးသား . . ."

"ဟိတ် . . ငါ နင့်အကြောင်းတွေ မေမေ့ကို တိုင်လိုက်ရ မလား . . ."

"တိုင် တိုင် . . ဘယ်လိုပဲဖြစ်ဖြစ် . . ကိုအောင် . . အဲ . . မေမေက ချစ်ပြီးသား"

ကျွန်တော်လဝန်းညိုညိုကို အသံမထွက်ဘဲ လှမ်းဆဲလိုက် တော့မှ ညီမလေးက မေမေ့ ပခုံးကိုဖက်ပြီး အပြင်ထွက်သွားပါတယ်။



## အခန်း (၁၃)

တာရုတ်ကြီးဆီကအပြန် ကျွန်တော်တို့လမ်းထိပ်မှာ မို့မို့နဲ့ ဆုံပါတယ်။ မို့မို့က သင်တန်းတွေ အတော်များများ တက်နေသူ ဖြစ် ပါတယ်။ ကွန်ပျူတာလည်း တက်လိုက်တာပဲ။ စာရင်းကိုင်ပညာဆို လည်း တက်လိုက်တာပဲ။ အင်္ဂလိပ်စာသင်တန်းဆိုလည်း သူ့ပါးစပ် က တစ်ခါမှအင်္ဂလိပ်လို မထွက်ဘူးပေမယ့် သင်တန်းတော့ အတော် စုံနေပြီ။

တာရုတ်ကြီးပြောပြလို့ ကျွန်တော်တို့ သိရတဲ့အချက်က ငါး ဦးစီးကဖွင့်တဲ့ ပုစွန်မွေးမြူရေးသင်တန်းတို့၊ ပုစွန်သားဖောက် ထုပ်ငန်းတို့လည်း သူလိုက်တက်တာပဲ။

လူစွမ်းအားအရင်းအမြစ်ဌာနကဖွင့်တဲ့ အိုင်စီတီနည်းပညာ တွေဆိုလည်း သူတက်တာပဲ။

"အင်း . . မို့မို့အတွက်တော့ တက်စရာ သင်တန်းတွေ သိပ် ကျန်တော့မယ် မထင်ဘူး . . ဒါနဲ့ဟော့ကောင် . . မင်း မို့မို့ကို ယားခြင်း ခင်းရော ချက်တတ်ရဲ့လားကွ . ."

တော်ဝင်မြို့မ စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ သိပ်ပူစရာမရှိပါဘူးကွာ .. ငါက ချက်တတ်နေတာပဲ ..."

"ဒါဆို အချက်အပြုတ်ကိစ္စကတော့ စိတ်အေးပါပြီကွာ .. အလျှော်အဖွပ်ကိစ္စကျတော့ရော ..."

"ဒါလည်း သိပ်စိတ်ပူစရာမရှိပါဘူးကွာ .. ဟဲ ဟဲ .. ငါက လျှော်တတ်နေတာပဲ .."

"ထားပါတော့ကွာ .. ဒျေးဝယ်တဲ့ကိစ္စကျတော့ရောကွာ"

"ဟဲ .. ဟဲ .. ဒါလဲ .."

"အင်း ... တရုတ်ကြီးတစ်ယောက်တော့ လုံးရာကပြေး သွားရှာပြီပဲ .. မင်းတို့ အိမ်ထောင်ကျရင် မင်းအနေနဲ့ နောက် တစ်မျိုးလုပ်ဖို့လည်း လိုလိမ့်မယ် ..."

"ဘာလဲကွ ..."

"ကလေးထိန်းတဲ့ကိစ္စပေါ့ကွာ .."

ကျွန်တော်တို့အုပ်စုဝိုင်းရယ်တော့ တရုတ်ကြီးက စပ်ဖြဲ လုပ်နေပါတယ်။

"ဟေ့ကောင်တွေ ... သူများတွေတော့ သင်တန်းပြ သင်တန်းနေကြပြီကွ .. တို့ကောင်တွေကျတော့ရော ဘာသင်တန်း တွေ တက်ကြရင် ကောင်းမလဲ ..."

"တို့ကောင်တွေအတွက်ကတော့ ... လည်ရာပြန်စားနေ သင်တန်းပေါ့ကွာ .."

မို့မို့နဲ့တွေ့တိုင်း မေးကြည့်ရင် သင်တန်းဘစ်ခုခုက ပြန်လာ တာချည်းပဲ။ အခုလည်း မို့မို့နဲ့ကျွန်တော် လမ်းထိပ်မှာတွေ့တော့ သူ သင်တန်းတစ်ခုခုက ပြန်လာတယ်ထင်ပြီး မေးလိုက်မိတယ်။

"နင် .. သင်တန်းက ပြန်လာပြီလား"

"မဟုတ်ဘူးဟ .. ငါ မမဆီကပြန်လာတာ .. မမ နေမ





ကောင်းလို့လေ .. အဲဒါ သွားကြည့်တာ ..."

ဟင် .. မမ နေမကောင်းတာက မပျောက်သေးဘူးလား .. ကျွန်တော် ပြန်စဉ်းစားကြည့်လိုက်တယ်။ လဝန်းညိုညိုပြောတဲ့ နေ့ကတည်းက မမနေမကောင်းဖြစ်တာ။ အခုဆို ရှစ်ရက်တောင် ရှိနေပြီ။ ကျွန်တော် စိတ်ပူသွားမိပါတယ်။ ကျွန်တော်နဲ့မမ မတွေ့ ရတာ၊ စကားမပြောရတာလည်း ရှစ်ရက်တောင် ရှိပြီပဲ။

"တို့သတင်းသွားမေးရင် ကောင်းမလား .."

"အင်း .. ကောင်းသားပဲ .. မမကတောင် ဟိုတစ်နေ့က မေးနေသေးတယ် .."

ဩော် .. မမက ကျွန်တော့်ကိုမေးနေတယ်ဆိုပါလား ..."

"မမက အိမ်မှာပဲ မဟုတ်လား .."

"အင်း .."

"ဒါဆို တို့အခုပဲ သွားတွေ့လိုက်မယ်"

မို့မို့ကို ကျွန်တော် နှုတ်ဆက်ပြီး ကျွန်တော် ချက်ချင်းပဲ အိမ်ပြန်လာမိတယ်။ ပြီးတော့ မေမေ့ဆီက ပိုက်ဆံနည်းနည်းသွား တောင်းပြီး ကားနဲ့ မမဆီထွက်လာခဲ့တယ်။ လမ်းမှာတွေ့တဲ့ စတိုးဆိုင် တစ်ဆိုင်မှာဝင်ပြီး ဟောလစ်၊ မိုင်လို၊ အိုဗာတင်းတွေ ဝယ်ပါတယ်။ ပြီးတော့ သစ်သီးတချို့ကိုလည်း ဝယ်တယ်။ နေမကောင်းတဲ့ လူ တစ်ယောက်အခန်းမှာ ပန်းအိုးနဲ့ပန်းတွေထားတာ ရုပ်ရှင်ထဲမှာ တွေ့ ဖူးတော့ ကျွန်တော်လည်း ပန်းအိုးလှလှလေးတစ်လုံးနဲ့ နှင်းဆီပန်း ကလေးတစ်စီး ဝယ်လိုက်ပါတယ်။

မမအိမ်ရှေ့ရောက်တော့ အိမ်ရှေ့ခန်းမှာ ဘယ်သူမှ မရှိ ပေမယ့် ကျွန်တော့်အသံကြားလို့လား မသိဘူး၊ အခိုင်းကောင်မလေး က ထွက်လာတယ်။ သူ့နောက်မှာ မမရဲ့သူငယ်ချင်းလတ်လတ်

"လာကွ .. အထဲကိုလာ .. သူ နည်းနည်း နေ့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပယ် . ."

မမလတ်လတ်က ကျွန်တော့်လက်ထဲက အထုပ်တချို့ကို ကူသယ်ပြီး အတွင်းအခန်းတစ်ခုကို ခေါ်သွားပါတယ်။ အဲဒီအခန်းထဲက ဖြူဖွေးသန့်စင်နေတဲ့ ခုတင်ပေါ်မှာ မမက ငြိမ်ငြိမ်သက်သက်ကလေး လှဲနေပါတယ်။

"မမ နေမကောင်းဘူးဆို . ."

မမက ညှိုးနေတဲ့မျက်နှာကလေးနဲ့ ပြုံးပြရှာပါတယ်။ ကျွန်တော်လည်း ခုတင်ဘေးက စားပွဲပေါ်ကို အထုပ်တွေ လှမ်းတင်လိုက်ပြီး မမရဲ့နဖူးပြင်ကလေးကို လက်နဲ့စမ်းလိုက်မိတယ်။ မမမှာ အဖျားသွေးရှိပါတယ်။

ကျွန်တော့်စိတ်ထင်တော့ အပူဒီဂရီ တစ်ရာကျော်လောက်ရှိနေမယ်ထင်ပါတယ်။ ကျွန်တော်လည်း မမရဲ့လက်တစ်ဖက်ကို အသာဆွဲယူပြီး လက်ကောက်ဝတ်သွေးကြောကို စမ်းကြည့်မိလိုက်ပြန်ပါတယ်။

အဲဒီတုန်းမှာပဲ မမလတ်လတ်က ခပ်ပြုံးပြုံးနဲ့ ကျွန်တော့်ကို ပြောပါတယ်။

"နားကျပ်ရော . . ယူဦးမလားဟင်"

မမကလည်း အဲဒီစကားကြောင့်ပြုံးတယ် . . ကျွန်တော် ရှက်သွားမိပါတယ်။ ဟုတ်ပါရဲ့ဗျာ။ ကျွန်တော်လည်း စိတ်ပူပြီး မမကို နဖူးစမ်းလားစမ်းရဲ့။ သွေးကြောစမ်းလား စမ်းရဲ့ . . အင်း . . မမလတ်လတ်ပြောသလို နားကျပ်နဲ့စမ်းဖို့ပဲ ကျန်တော့တယ်။

ဒါပေမယ့် ကျွန်တော်ရှေ့ဆက်ပြီးတော့ မမရဲ့ရင်ညွန့်ကိုတော့ မစမ်းရဲပါဘူးဗျာ။ အခုတောင် ရင်တွေခုန်လှပြီ။

"ဆရာဝန်က ဘာရောဂါလို့ပြောလဲ ဟင် . . ."

မမက ကျွန်တော့်စကားကြောင့် ရယ်ပါသည်။





"မမက . . မင်းမျှား ရောဂါနာမည် ပြောတော့မလားလို့ စောင့်နေတာ . . ."

မမလတ်လတ်ကတော့ ခပ်ပြုံးပြုံးနဲ့ ဝင်ဖြေပါတယ်။

"အဆုပ်အအေးမိတယ်လို့တော့ ထင်တယ်တဲ့ . . ဒါပေမယ့် ဆေးတွေတိုက်၊ ဆေးတွေထိုးနေပေမယ့် အဖျားကအခုထိ မကျဘူး . . မနက်ဖြန်မှ အဖျားမကျရင် . . သွေးစစ်ကြည့်မယ်လို့တော့ ပြောတာပဲ . . ."

သည်တော့မှ ကျွန်တော်လည်း ကျွန်တော်ဝယ်လာတဲ့ ပစ္စည်းတွေ မမကို ပြရတယ်။ ပြီးတော့ အနားမှာရပ်နေတဲ့ ကောင်မလေးကို ပန်းအိုးလေးနဲ့ ပန်းတွေထုတ်ပေးပြီး ရေဆေး၊ ရေဖြည့်လာဖို့ ပြောလိုက်ရတယ်။ မမလတ်လတ်ကတော့ ကျွန်တော့်လုပ်ရပ်တွေကို ပြုံးကြည့်နေသလို မမကလည်း ခုတင်ပေါ်ကနေ ခပ်ယဲ့ယဲ့လေးပြုံးကြည့်နေပါတယ်။

"မမ . . ညဘက် ရေချိုးလိုက်လို့ မဟုတ်လား . . ."

"အင်း . . ပြောစရာဆိုလို့ ဒါပဲရှိတယ်"

"မမက ရေချိုးအရမ်းရဲတာပဲဗျာ . . မတော်မဆ . . လေတွေဘာတွေဖြတ်နေရင် အခက်ပဲ . . ဒါနဲ့မမနဲ့အတူနေတဲ့ ဟို . . တိုးရစ်ဂိုက်မမရော . ."

"မရှိဘူးကွ . . ခရီးပြန်ထွက်သွားပြန်ပြီ . ."

"ဟင် . . ဒါဆို . . မမနားမှာ ညရေးညတာ ဘယ်သူစောင့်ပေးလဲ . ."

"ဖြစ်ဖြစ်ခြင်းနေ့ကတော့ လတ်လတ် လာစောင့်ပေးတယ် . . ဒါပေမယ့် သူက အိမ်ထောင်သည်ဆိုတော့ ညတိုင်းမစောင့်နိုင်ဘူးလေ . . ဒါကြောင့် မိုမိုတို့ညီအစ်မတစ်လှည့်၊ စင်သီယာတစ်လှည့် လာစောင့်ပေးကြတယ် . . ဒါပေမယ့် စင်သီယာကလည်း ခွဲစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကာစဆိုတော့ သိပ်အိပ်ရေးအပျက်မခံနိုင်ဘူး . ."

"ဒီလိုဆို . . . ဒီညကစပြီး ကျွန်တော် မမနေကောင်းသွားတဲ့အဖိ ညတိုင်းစောင့်ပေးမယ် . . ."

"အို . . ."

အဖျားသွေးကြောင့် . . . နဂိုထက်နည်းနည်းနီနေတဲ့ မမရဲ့မျက်နှာလေး ပိုနီသွားသလိုပါပဲ။

"ကောင်းပါ့မလားဟင် . . နောက်ပြီး မင်းမိဘတွေ . . ."

"ဟာ . . ဘာလို့မကောင်းရမှာလဲ . . မမက ကျွန်တော့်အစ်မပဲ. . နောက်ပြီး အိမ်မှာ ဟိုချာတိတ်မလေးလည်း ရှိတာပဲဥစ္စာ"

"ဟုတ်တယ် ဗီးနပ်စ်ရဲ့ . . သူတစ်လှည့်ဝင်စောင့်ပေးမှာဆိုလည်း စောင့်ပေ့စေပေါ့ . . ဟိုမှိုမှိုတို့ ညီအစ်မလည်း နားရတာပေါ့ . . နောက်ပြီး ညရေးညတာ အနားမှာယောကျ်ားသားတစ်ယောက်ရှိနေတော့ ကောင်းတာပေါ့ . . အရေးကြီးရင်လည်း တို့ဆီဖုန်းဆက်ခေါ်လို့ရတာပေါ့ . . ."

ထိုအခိုက်မှာ အခိုင်းကောင်မလေးက ပန်းအိုးလေးနဲ့ ပြန်ရောက်လာတယ်။ ကျွန်တော်လည်း ပန်းအိုးလေးကို အသာလှမ်းယူပြီး မမရဲ့ခုတင်ဘေးက စားပွဲပေါ်မှာ တင်ထားလိုက်ပါတယ်။

"ပန်းကလေးတွေက လှလိုက်တာနော်"

"မမ ကြိုက်လားဟင် . ."

"အင်း . . ."

"ဆရာဝန် ဘယ်အချိန်လာမလဲဟင်"

"ညနေ ခြောက်နာရီ . . ."

"အခုရော . . ဘာဆေးသောက်ဖို့ရှိသလဲ . . ."

"ရှိတယ် . . ခဏနေရင် သောက်ရတော့မှာ . . ."

"ကျွန်တော် တိုက်မယ်နော် . . ."

ချာတိတ်မလေးကို ရေတစ်ခွက်ခပ်ခိုင်းပြီး စားပွဲပေါ်က ဆေးထုပ်တွေကို ဖြေကြည့်ရပါတယ်။ ဆေးတွေက တိုက်ဖို့ဘာမှ မခက်ပါ။ မနက်ဆေး၊ နေ့လယ်ဆေး၊ ညဆေးဆိုပြီး စာတမ်းလေးတွေ ကပ်ထားတယ်။ ခဏနေတော့ မမကို ကျွန်တော် ဆေးတိုက်တယ်။ မမကကိုယ်ကို နည်းနည်းမတ်ပြီး ကျွန်တော့်လက်ဖဝါးပေါ်က ဆေးတွေကို ယူသောက်ပါတယ်။

"နေပါဦး . . . မမ နေမကောင်းတာ မင်းဘယ်လိုလုပ်သိသလဲ . ."

"လဝန်းညိုညိုပြောတုန်းကတော့ ကျွန်တော်က အပရိကဖျားလောက်ပဲ ထင်တာ . . . ဒီနေ့ မှိုမှိုနဲ့တွေ့တော့မှ အဖျားကြာနေ ဘာ သိရတာ . . ."

"ဟိတ် . . ဗီးနပ်စ် ငါပြန်တော့မယ် . . သားသားကို မူကြိုကပြန်ကြိုရဦးမယ်ဟ . . . မနက်ဖြန်နေ့လယ်လောက်ကျမှပဲ လာခဲ့တော့မယ် . . မောင်လေး . . မမလတ်သွားမယ် . . ဗီးနပ်စ်အတွက် ဝိတ်ချမယ်နော် . . ."

မမလတ်က ပြုံးတုံ့တုံ့နဲ့ပြောပြီး အိမ်က ထွက်သွားပါတယ်။ ဒုက္ခပါပဲ။ ကျွန်တော်မမကို ကြိုက်နေတာ ဒီအစ်မများ သိနေသလား မသိဘူး။

"မြင့်မြတ် . ."

"ဗျာ . . မမ ဘာလုပ်ချင်လို့လဲ . . ဘာလိုချင်လို့လဲ . ."

"ဟင့်အင်း . . မင်း မမကို ညအိပ်စောင့်ရင် ပင်ပန်းနေမှာပေါ့ . . ရတယ် . . မမအတွက် ဘာမှစိတ်ပူမနေနဲ့ . . ညကျပြန်အိပ်"

"ဟင့်အင်းဗျာ . . . ကျွန်တော့်အတွက် ဘာမှအပန်းမကြီးဘူး"





www.burmeseclassic.com

"မင်း ပင်ပန်းနေလိမ့်မယ် . ."

"ရပါတယ်ဗျာ . . ကိုယ့်အစ်မပဲ . ."

မမက ဘာမှမပြောဘဲ ခဏမှိန်းနေတယ်။

"မမ အစာတော့ စားလို့ရတယ် မဟုတ်လား . . ."

"လောလောဆယ်တော့ အဖတ်သိပ်မစားရသေးဘူး . . ကြက်စွပ်ပြုတ်နဲ့ဟောလစ် . . မိုင်လို . . အဲဒါတွေပဲ သောက်နေရတယ် . ."

ကျွန်တော် မမကို ကရုဏာသက်သွားမိပါတယ်။

"အိပ်ဆေးပါလို့ထင်တယ် . . မမ ခဏအိပ်မယ်နော် . . မင်းလိုချင်တာရှိရင်လည်း . . . ကောင်မလေးကို ခိုင်း . . ."

မမက တစ်ဖက်ကိုစောင်းပြီး အိပ်ပျော်သွားပါတယ်။ ကျွန်တော်လည်း အနားမှာတစ်ချိန်လုံးရပ်နေတဲ့ ကောင်မလေးကို သွားနားခိုင်းလိုက်ရတယ်။

ပြီးတော့ မမအခန်းထဲက ပက်လက်ကုလားထိုင်မှာ သွားထိုင်ပြီး လဝန်းညိုညိုဆီ ဖုန်းဆက်ရတယ်။ ပြီးတော့မှ မမ ကျွန်တော့်အသံကြားမှာစိုးလို့ လဝန်းညိုညိုနဲ့စကားပြောခွင့်ရတာနဲ့ အပြင်ထွက်ပြီး ဖုန်းပြောရပါတယ်။

"ဟိတ် . . . ငါ အခု မမအိမ်မှာရောက်နေတယ် . . အဲဒါ မေမေ့ကိုနင်ပဲ အကြောင်းစုံ ရှင်းပြလိုက် . . . ငါဒီမှာ ဒီညကစပြီး အိပ်တော့မယ် . . ."

"ဘုရား . . . ဘုရား . . . ကိုကိုတို့ ဒီအခြေအနေတောင် ရောက်နေကြပြီလား . ."

"ဟာ . . ဘာတွေပြောနေတာလဲ . . မမနေမကောင်းဘူးလေ . . အဲဒါ ဒီမှာ စောင့်ပေးမယ့်သူမရှိလို့ဟ . . ဒုက္ခပါပဲ . . နင်လည်း ဘာမှချင့်ချင့်ချိန်ချိန် စဉ်းစားတာမဟုတ်ဘူး . ."





"မသိဘူးလေ . . ကိုကို့စကားလည်း ကိုကိုပြန်စဉ်းစားကြည့်ဦး . . ဒီညကစပြီး ဒီမှာအိပ်တော့မယ်ဆိုတာ ဘာစကားကြီးလဲ . ."

"ကဲ . . ထားပါတော့ဟာ . . ဒီတော့ နင်အခု ဘယ်ကပြောနေတာလဲ . . ."

"ကိုအောင့်ဆီက . . ."

"နင်တို့ ဘယ်နေရာရောက်နေလို့လဲ"

"အောင်မာ . . အဲဒါ ပြောစရာလား"

"ဒုက္ခပါပဲ . . ခေတ်မှိန်းကလေးတစ်ယောက်ကို ညီမတော်တဲ့ ဒုက္ခကမသေးပါလား . . ဒီလိုဟ . . နင် . . နင့်အကောင်ဆီက အပြန် . . . အောင်မလေး . . ပြောရတာနဲ့တင် ဖင်ကျိန်းလိုက်တာ . . နေပါဦး . . ငါ့စကား ဘယ်ရောက်သွားပါလိမ့် . . အဲ . . . နင် . . အဲဒီ့ကအပြန် ငါ့ဆီလှည့်ဝင်ပြီး ကားကိုအိမ်ပြန်ယူသွား . . မေမေ့ကိုလည်း အကျိုးအကြောင်း ပြောပြလိုက် . . ဟဲ့ . . ပေါက်ကရတွေလည်း လျှောက်ပြောမနေနဲ့နော် . . . သူငယ်ချင်းတစ်ယောက်လို့သာပြော . . ဒါပဲ . . ဒါပဲ . ."

ကျွန်တော် ဖုန်းပိတ်လိုက်ပြီး အခန်းထဲ ပြန်ဝင်ခဲ့ပါတယ်။ မမကတော့ ငြိမ်ငြိမ်သက်သက်လေး အိပ်မောကျနေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ပက်လက်ကုလားထိုင်မှာသွားထိုင်ပြီး မမရဲ့ မျက်နှာလေးကို ငေးကြည့်နေမိတယ်။

မမတို့ရပ်ကွက်ကလေးဟာ ဆိတ်ငြိမ်ရပ်ကွက်ကလေးပါပဲ။ အခုတော့ ခုတင်ပေါ်မှာ ပက်လက်ကလေး ညင်ညင်သာသာ အိပ်ပျော်နေပါတယ်။

ပတ်ဝန်းကျင်တစ်ခုလုံး လုံးဝ တိတ်တိတ်ဆိတ်ဆိတ်ပဲ။ အဲဒီလို တိတ်ဆိတ်နေလို့လည်း မမ ကောင်းကောင်းအိပ်လို့ပျော် နေနိုင်တာပေါ့။ ကျွန်တော်လည်းအတတ်နိုင်ဆုံး အသံမထွက်အောင်



www.burmeseclassic.com

www.burmeseclassic.com



နေပေးခဲ့နေပါတယ်။

အဲဒီ့တုန်းမှာပဲ ဖွင့်ထားတဲ့ပြတင်းပေါက်ကနေ လိပ်ပြာလေး တစ်ကောင် အခန်းထဲဝင်လာတယ်။ ဒုက္ခပါပဲ။ ဒီကောင် အတောင်ပံ ခတ်တာနဲ့ပဲ မမနိုးသွားတော့မယ် ..။

လိပ်ပြာလေးဟာ ဗီရိုဘက်ဆီကို ပျံသွားရာကနေ ကျွန်တော့် ဘက်ကို ပြန်ကွေ့လာလို့ ကျွန်တော်လည်း လိပ်ပြာကို လက်နဲ့ပုတ်ချဖို့ အသာလေးမတ်တတ်ထရပ်လိုက်မိတယ်။ ပြီးတော့ ကျွန်တော့် လက်ခုပ်တစ်ဖောင်လောက်အမြင့်က လိပ်ပြာလေးကို လက်နဲ့လှမ်း ရိုက်လိုက်တယ်။ ဒါပေမယ့် မထိဘူး။

လိပ်ပြာလေးဟာ ပြတင်းပေါက်ဘက်ကို ကွေ့ထွက်သွားတယ်။ ကျွန်တော် ဘာကြောင်နေတာလဲ။ လိပ်ပြာရဲ့တောင်ပံခတ်သံဟာ ဘာကျယ်မှာမို့လဲ။ ကျွန်တော် ပြုံးလိုက်မိပါတယ်။ ဩော် .. မမ အိပ်ရာက နိုးမှာစိုးလို့ လိပ်ပြာကို တောင်ပံတောင်မခတ်စေချင်တဲ့ ကောင်ပါလား။

အိပ်ရာပေါ်မှာ တစောင်းကလေးမြင်နေရတဲ့ မမရဲ့မျက်နှာလေးကို ကျွန်တော်ငေးကြည့်နေမိပါတယ်။ ကျက်သရေရှိတဲ့ မမရဲ့ မျက်နှာလှလှလေးဟာ အဖျားသွေးကြောင့် နွမ်းနယ်ဖျော့တော့နေပေမယ့် လှတုန်းပါပဲ။ မနေ့က ညနေက လဝန်းညိုညို မမဆီရောက်လာပါတယ်။

သူသင်တန်း ဆက်မတက်တော့တာကို မမသိသွားတော့ ရှက်ကိုးရှက်ကန်းနဲ့ ဖြစ်နေတယ်။

“အဓိက,ကတော့ ခန္ဓာကိုယ်လှတာတော့အကောင်းဆုံးပဲ လဝန်းရဲ့ .. ဒါပေမယ့် ခန္ဓာကိုယ်မလှလည်း ကျန်းမာနေရင် ပြီးတာပဲ .. လဝန်းရဲ့ကိုယ်လုံးက နဂိုကတည်းက လှပြီးသားပါ ... နောက်ပြီး ကျန်းမာရေးလည်း ကောင်းသားပဲ ...”





မမကတော့ အဆိုက်အလျောက်ပြန်ပြောပါတယ်။ ကျွန်တော်..ာ လွှတ်ခနဲ ပြောမိသွားပါတယ်။

“ဘယ်လိုပဲဖြစ်ဖြစ် .. ကိုအောင်ကတော့ ချစ်ပြီးသား မမရဲ့ ...”

“ဟင် ...”

မမက ကြောင်နေတော့ လဝန်းညိုညိုက ရှက်ကိုးရှက်ကန်းနဲ့ ‘ကိုကိုနော် .. ပေါက်ကရတွေ လျှောက်ပြောမနေနဲ့’ လို့ ပြောပါတယ်။ နောက်တော့ လဝန်းညိုညိုက ကျွန်တော့်ကားကိုယူပြီး ပြန်သွားပါတယ်။ သူပြန်သွားပြီး မကြာခင်မှာ ဆရာဝန်မမရောက်လာတယ်။ ဆရာဝန်ကတော့ သိပ်စိတ်ပူစရာမရှိဘူးလို့ ပြောပေမယ့် ...လောက်အဖျားတာရှည်နေတာကိုတော့ ကြိုက်ပုံမရပါဘူး။ သွေးစစ်ထားတဲ့ စာရွက်ကို ခဏ ခဏ ထုတ်ကြည့်ပါတယ်။

ခက်တာက မမက ဆေးရုံလည်းမတက်ချင်ဘူး။ သည်လောက် အဖျားလေးနဲ့ ဆေးရုံတက်စရာမလိုပါဘူးလို့လည်း ပြောတယ်။ ကျွန်တော်ကတော့ စိတ်ပူတယ်ဗျာ။

ညကတော့ မမကိုးနာရီလောက်ကတည်းက တောက် လျှောက် အိပ်ပျော်သွားလိုက်တာ မနက်ခြောက်နာရီလောက်မှနိုး တယ်။ ဒါနဲ့ ကျွန်တော်လည်း မမကို ရေချိုးခန်းထဲ တွဲပို့ပေးပြီး မမ ...ရှိတဲ့အချိန် အခန်းထဲက ရှုပ်ပွနေတဲ့ အမှိုက်တွေကိုရှင်း .. ပြီးတော့ ...မြက်စည်းလှည်းရတယ်။

“မမ .. ခဏနေဦး ... ကျွန်တော် အိပ်ရာခင်း ပြန်ခင်း လိုက်ဦးမယ် ...”

“အားနာစရာကွာ.. ကောင်မလေးကို ခေါ်ခိုင်းတာ မကောင်း ဘူး ...”

မမကို အိမ်နောက်ဖေးမှာပဲ ခဏနေခိုင်းပြီး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့အိပ်ရာကို ပြန်ခင်းတော့ မမရဲ့ခေါင်းအုံးအောက်က မှတ်စုစာအုပ်လေးတစ်အုပ်ကို တွေ့လို့ စားပွဲပေါ်လှမ်းအတင် စာအုပ်လေးထဲက ဓာတ်ပုံတစ်ပုံဟာ ကြမ်းပေါ်ထွက်ကျသွားပါတယ်။

ကျွန်တော် ဓာတ်ပုံကို ကောက်လိုက်တယ်။ ယောကျ်ားတစ်ယောက်ရဲ့ ဓာတ်ပုံ။ နောက်ခံရှုခင်း။ ဓာတ်ပုံရဲ့ကျောဘက်မှာ ညီညာငြိမ်းစက်တဲ့ လက်ရေးနဲ့စာတမ်းလေးတစ်ခု တွေ့ရပါတယ်။

'မိုးနုပ်ဇာသို့

အမှတ်တရ

အချစ်များစွာဖြင့်

အေးမွန်'

ကျွန်တော့်ရင်ထဲမှာ ဟာသွားပါတယ်။ ဓာတ်ပုံထဲက ယောကျ်ားဟာ မမနဲ့ရွယ်တူလောက် ဖြစ်မှာဖြစ်ပြီးတော့ တည်ကြည်ခံ့ညားပါတယ်။ မှတ်စုစာအုပ်ထဲကို ဓာတ်ပုံလေး ပြန်ညှပ်လိုက်ပြီးတော့ မမရဲ့အိပ်ရာခင်းကို ပြန်ခင်းပေးမိပါတယ်။

မမတို့ကြားမှာ ကျွန်တော်ဟာ အနှောင့်အယှက်ဖြစ်နေပြီလား။ ကိုအေးမွန်အပေါ်မှာ မမရဲ့သဘောထားက ဘယ်လိုရှိနေမလဲ။ ခေါင်းအုံးအောက်မှာ ဓာတ်ပုံလေးကို ထားတယ်ဆိုရင် မမကလည်း ကိုအေးမွန်အပေါ်မှာ ပြန်နှစ်သက်လို့ပဲဖြစ်မှာပါ။

သည်လိုဆိုလျှင် ကျွန်တော့်အပေါ်ကျတော့ရော။ ကျွန်တော်ကတော့ မမရဲ့မောင်အရွယ်မို့ မောင်အံ့ရင်းလေးတစ်ယောက်လို ခင်မင်နေသည်လား။

မမရဲ့ခင်မင်မှုတွေကို ကျွန်တော် အလွဲသုံးစားလုပ်နေမိပြီလား။



အခန်း (၁၅)

"မမ . . ဘုန်းကြီးတရားတွေ ဘာတွေနာဖူးလားဟင် . . ."

"အလိုတော် . . ဗုဒ္ဓဘာသာပဲ . . နာဖူးတာပေါ့ . . စီဒီအခွေတွေနဲ့လည်း နာဖူးတယ် . . တရားပွဲတွေမှာလည်း သွားနာဖူးတယ်"

"ကျွန်တော် ငယ်ငယ်က . . အင်း . . ဆယ်နှစ်သားလေးက . . . ဖေဖေအတင်းခေါ်လို့ တရားပွဲတစ်ခုကို သားအဖ နှစ်ယောက်သွားကြတယ် . . တရားပွဲကို မဏ္ဍပ်ထဲမှာ လုပ်တာ . . လူတွေကလည်း ဘယ်အချိန်ထဲကတောင် နေရာဦးထားကြလို့လည်း မသိဘူး . . . မဏ္ဍပ်တစ်ခုလုံး ပြည့်ကျပ်နေတာပဲ . . အဲဒီတော့ ကျွန်တော်တို့လည်း မဏ္ဍပ်အပြင်ဘက် လမ်းဘေးတစ်နေရာမှာပဲ သံဖိနပ်လေးတွေ ကိုယ်ဖင်ခုပြီးထိုင်ကြရတာပေါ့ . . နောက်တော့ တရားပွဲစပါလေရော . . ."

ကျွန်တော်က ငယ်ငယ်က ကြုံခဲ့ဖူးတဲ့ အဖြစ်အပျက်ကို အသေးစိတ်စီကာပတ်ကုံးပြောပြတော့ မမက ခုတင်ပေါ်ကနေ ခပ်ပြုံးပြုံးလေး နားထောင်နေရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးက မရဏာနုဿတိ ကမ္မဋ္ဌာန်းကို နေ့စဉ်စီးဖြန်း သင့်တယ်ဆိုတဲ့အကြောင်း . . လူတွေဟာ သေမျိုးတွေချည်းပဲဖြစ်လို့ သေခြင်းတရားကို နေ့စဉ်နှလုံးသွင်းနေသင့်တဲ့အကြောင်း ဟောတော့ တာပဲ . . ဟဲ ဟဲ . . ကျွန်တော်ကလည်း ကလေးမဟုတ်လား . . ကြောက်လာတာပေါ့ဗျာ . ."

မမက ပြုံးပြန်ပါတယ်။

"အဲဒီတုန်းမှာ ဘုန်းကြီးက . . ဟောဒီ ဓမ္မာရုံထဲမှာ တရား နာနေတဲ့ ပရိသတ်ကြီးလည်း သေ့ကိုသေမှာပဲ . . ဟုတ်တယ်မဟုတ် လား . . တရားနာပရိသတ်လို့ မေးလိုက်တော့ . . ပရိသတ်ကြီးက မှန်လှပါဘုရားလို့ ဖြေကြတယ် . . အဲဒီမှာ ကျွန်တော်က ဖေဖေ့ ဝမ်းသာအားရနဲ့ . . ဟာ . . ဖေဖေ . . ကျွန်တော်တို့ကတော့ မမှာ အပြင်ဘက်ရောက်နေလို့ ကံကောင်းသွားတယ်နော်လို့ ပြောလိုက် တယ် . . ဟား ဟား"

မမကလည်း ကိုယ်ကလေးတသိမ့်သိမ့်ဖြစ်အောင် ရယ် တော့တယ်။

"မမ . . ."

"ဟင် . . ."

"မမကို ကျွန်တော် ဘောဇ္ဈင်္ဂသုတ် ရွတ်ပြမယ် . . . မ သေသေချာချာအာရုံစိုက်ပြီး နာ . . အဲ . . သေသေချာချာ ထောင်နော် . . ဒီသုတ်က မြတ်စွာဘုရားဟော၊တာ . . အနာရော တွေ ပျောက်တယ် . . ."

မမက ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေရှာပါတယ် ကျွန်တော် ပရိတ်ကြီးတရားစာအုပ်ကို ဖွင့်ပြီးစရွတ်ပါတော့တယ်

"သံသာရေ . . သံသရန္တာနံ . . သဗ္ဗ ဒုက္ခ ဝိနာသနေ . .

မမက မျက်လုံးလေးမှိတ်ပြီးနားထောင်နေပါတယ်။ ဘော

သုတ်ဆုံးသွားတဲ့အခါ မမက မျက်လုံးပြန်ဖွင့်ပါတယ်။

"ကျေးဇူးပဲနော် . . မမလေ မြန်မြန်အဖျားပျောက်ချင်လိုက် တာ . . မင်းကိုလည်း အရမ်းအားနာတယ် . . ပြီးတော့ ကျေးဇူး လည်း တင်တယ် . . ."

မမက သူ့အဖျားကို စိုးရိမ်လာသလို ကျွန်တော်ကလည်း အရမ်းစိုးရိမ်လာမိပါတယ်။ မမရဲ့ရောဂါဟာ ရိုးရိုးအသေးအဖွဲ့မှ ဟုတ်ရဲ့လား . .။ တခြားစိုးရိမ်စရာကောင်းတဲ့ ရောဂါတစ်ခုခုများ ခွဲကပ်နေရော့သလား။ ဘုရားသိကြားမလို့ မမမှာ ဘာရောဂါကြီးကြီး မားမားမှ မရှိပါစေနဲ့။

မမကို အဝတ်အစားလဲပေးခြင်း၊ ရေပတ်တိုက်ပေးခြင်းတို့ ကို မမသူငယ်ချင်းတွေ နေ့လယ်ပိုင်းရောက်လာတဲ့အခါ လုပ်ကြတယ်။

အဲဒီအချိန်မှာတော့ ကျွန်တော်က အပြင်ဘက်မှာ ခဏ ထွက်နေပေးပါတယ်။ မမတို့ ဘာလုပ်နေတယ်ဆိုတာ မသိရပေမယ့် ပြောနေကြတဲ့ စကားသံခပ်တိုးတိုးလေးတွေကိုတော့ ကြားနေရပါ တယ်။

"ဟယ် . . ဗီးနပ်စ်ရယ် . . လှလိုက်တာ . . . တို့မိန်းမချင်း တောင် နင့်အလှကို မနာလိုဘူး သိလား . . အင်းလေ . . နင်က အားကစား လေ့ကျင့်နေတာကိုး . . ငါ့ဆိုလေ ငါ့ယောကျ်ားက ခဏ ခဏပြောတယ် သိလား . . လိပ်ခါး ဖားဖင်တဲ့ . . ."

"ဗီးနပ်စ်တို့က အရမ်းတိုးတက်နေပြီဟဲ့ . . အနီးကပ်ပြ ယ်သူနဲ့ . . ဘာနဲ့ . ."

"အေး . . ဟုတ်တယ် . . နင် စိတ်ကူးမလွဲနဲ့ ဗီးနပ်စ် . . ရှာတိတ်က အရမ်းသားနားတယ်ဟဲ့ . . ချစ်စရာလေး . ."

"ဟိတ် . . တိုးတိုးပြောကြဟယ် . . ကြားသွားရင် မကောင်း ဘူး . ."



တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com



မမအပေါ် ကျွန်တော်ချစ်နေမိခြင်းကို မို့မို့တို့က ရိပ်မိသလို မမသူငယ်ချင်းတွေကလည်း ရိပ်မိနေနိုင်ပါတယ်။ ထို့အတူ မမက လည်း ရိပ်မိနေနိုင်ပါတယ်။ ဒီအရွယ်ပဲ ရောက်နေပြီပျာ။ မမအတွက် ဟောလစ် (သို့မဟုတ်) မိုင်လိုကို ကျွန်တော်ကိုယ်တိုင် ဖျော်တိုက် သလို၊ ဆရာဝန်ညွှန်ကြားတဲ့အတိုင်း အချိန်တိတိကျကျ အဖျားတိုင်း ပေးတယ်၊ ဆေးတိုက်တယ်။

ပြီးတော့ မမအပျင်းပြေစေဖို့ စကားတွေပြောပေးတယ်။ ဂျာနယ်၊ မဂ္ဂဇင်းတွေ ဖတ်ပြတယ်။ တရားစာတွေ ရွတ်ပေးပါတယ်။ ကျွန်တော့်ရဲ့ပြုစုယုယမှုတွေဟာ ကျွန်တော့်သံယောဇဉ်တွေပါ။ ကျွန်တော့်ကြင်နာမှုတွေကို မမသိပါစေသတည်း။



## အခန်း (၁၅)

မမအဖျားက တဖြည်းဖြည်းလျော့လာသလို အစားလည်း နည်းနည်းပိုစားလာနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ မမ နေကောင်း လာပြီဖြစ်လို့ ဒီအိမ်မှာ ဒီ့ထက်ဆက်မနေသင့်တော့သလို မမကိုဆက် ပြုစုနေဖို့လည်း မလိုအပ်တော့ပါ။

မှတ်မှတ်ရရ ဒီမှာ ကျွန်တော်သုံးရက်တောင်နေပေးခဲ့ရပါ တယ်။ အဲဒီ့ရက်မှာ မမနဲ့ ကျွန်တော် ပြောခဲ့ဆိုခဲ့တာတွေ၊ မမကို ပြုစုခဲ့ရတာတွေကို ကျွန်တော့်ဘဝတစ်သက်တာမှာ ဘယ်တော့မှ မေ့တော့မှာ မဟုတ်ပါဘူး။

“မမ . . ကျွန်တော် ပြန်တော့မယ်”

“အင်း . . .”

မမက ကျွန်တော့်ကို . . ရီဝေဝေလေး ကြည့်ပါတယ်။

“အရေးအကြောင်းရှိရင်လည်း ကျွန်တော့်ဆီ ဖုန်းဆက်နော်”

“အင်း . . .”

ကျွန်တော် မမကို ကျောခိုင်းပြီး အိမ်ထဲက ထွက်လိုက်ပါ တယ်။ ခြံဝရောက်တော့ မမကို လှည့်ကြည့်ချင်လာတာနဲ့ ပြန်လှည့် ကြည့်လိုက်တဲ့အခါ မမက အိမ်ထဲပြန်မဝင်သေးဘဲ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်နေပါတယ်။'

လမ်းထိပ်ရောက်တော့ အသင့်တွေ့တဲ့ တက္ကစီတစ်စီးကို တားစီးပြီး အိမ်ကိုသာ ပြန်လာခဲ့တယ်။ အိမ်ကိုရောက်တော့ မေမေ က စတိုးဆိုင်သွားနေတယ်ပြောပါတယ်။

ကျွန်တော်လည်း ရေချိုးခန်းဝင်ပြီး ရေချိုးတယ်။ ပြီးတော့ ကျွန်တော့်အခန်းထဲဝင်ပြီး တစ်ရေးအိပ်မိပါတယ်။ ကျွန်တော် အိပ် ရေးပျက်တာ သိပ်မကြာတာလည်း တစ်ကြောင်း။ မမအိပ်နေတဲ့ အချိန်တွေမှာ ပက်လက်ကုလားထိုင်ပေါ်မှာ ကျွန်တော်လည်း အိပ်မိ တာက တစ်ကြောင်းကြောင့် အိပ်ရေးသိပ်မပျက်တာပါ။

ညနေရောက်တော့ ဖေဖေက ကျွန်တော့်အခန်းထဲရောက် လာပါတယ်။ ဖေဖေက မနေ့ကတည်းက အိမ်ပြန်ရောက်နေတာ ပြောပါတယ်။

နောက်နေ့မနက်ကျတော့ ကျွန်တော်တို့သားအဖ နံနက်စာ စားပြီးတာနဲ့ ကုမ္ပဏီကို ဖေဖေနဲ့ပဲ ထွက်လာခဲ့ကြပါတယ်။ ဖေဖေ ကားပေါ်မှာ ခပ်ပြုံးပြုံးနဲ့ စကားစပါတော့တယ်။

"သား မမ . . နေကောင်းသွားပြီလား"

ဖေဖေ ကျွန်တော့်အကြောင်းကို သိနေပါလား။ အင်း . . ညီမလေးဆီက သိတာဖြစ်ပါလိမ့်မယ်။ တစ်နည်းအားဖြင့်လည်း ကောင်းပါတယ်။ မိဘနဲ့သားသမီးကြားမှာ ဘာမှကွယ်ဝှက်ထား မရှိလေ ကောင်းလေပဲ။

"ဟုတ်ကဲ့ . . ဖေဖေ . . ."

"အင်း . . သားဟာ ဖေဖေလျှောက်ခဲ့တဲ့လမ်းကို လျှောက်ချင်တာကိုး . . သား ထက်အသက်ဘယ်လောက်ကြီး ကွ . ."

"လေးငါးနှစ်လောက်တော့ ကြီးလိမ့်မယ် . . ."

ဖေဖေပြုံးလိုက်ပါသလား။ ကျွန်တော် သေသေချာချာတော့ မမြင်လိုက်ရပါဘူး။ ကုမ္ပဏီရောက်တော့ ဖေဖေက ကျွန်တော့်ကို သီးသန့်နေရာတစ်ခုကိုခေါ်သွားပြီး စားပွဲတစ်လုံးမှာ နေရာပေးပါ တယ်။

"ဒီနေရာကို သားအတွက် ဖေဖေပြင်ဆင်ထားတာကြာပြီ . . ဒီနေ့မှ ဖေဖေ့ဆန္ဒ ပြည့်ဝတော့တယ် . . ."

ခဏနေတော့မှ ဖေဖေက ကျွန်တော့်လက်ထဲကို ဖိုင်တစ်ခု လာထည့်ပေးပါတယ်။ Sun Flower Construction နေကြာပန်း ဆောက်လုပ်ရေးကုမ္ပဏီ။ သည်ကုမ္ပဏီကို ဖေဖေတည်ထောင်ပြီး လုပ်ကိုင်နေတာ ခြောက်နှစ်ပင်ရှိနေပြီပဲ။ ဒါပေမယ့် ကျွန်တော်က တော့ ကုမ္ပဏီကိုစိတ်မဝင်စားလို့ ကုမ္ပဏီအကြောင်း တစ်ခါမှ မစပ်စု ခဲ့ဖူးပါ။

ယခုတော့ ကုမ္ပဏီ၏ဖိုင်က ကျွန်တော့်ရှေ့မှာ ရောက်နေပါ ပြီ။ ကျွန်တော်လည်း စိတ်ဝင်တစားနဲ့ ဖိုင်ကိုလေ့လာနေလိုက်မိသည်။ ထိုအခါ ကျွန်တော့်ဦးနှောက်ထဲမှာရှိနေတဲ့ မမရဲ့ အကြောင်းကခဏ မေ့သွားပါတယ်။

ကုမ္ပဏီကို အလုပ်ဝင်ခါစရက်ပိုင်းတွေမှာ ကျွန်တော့် အလုပ်က ဘာမှမယ်မယ်ရရမရှိသလို။ ဖေဖေကလည်း ဘာတာဝန်မှ ပေးထားခြင်းမရှိသေးပါ။

ဒါပေမယ့် သုံးလေးရက်လောက်ကြာတော့ ဖေဖေက ကျွန် တော့်ကို လုပ်ငန်းခွင်ထဲကို ခေါ်သွားပါတယ်။ ဆောက်လက်စနဲ့ ဆောက်လုပ်ပြီးစီးနေတဲ့ Sun Flower ကုမ္ပဏီပိုင်အဆောက်အဦး တွေကို လိုက်ပြပါတယ်။ ပြီးတော့ လုပ်ငန်းခွင်ထဲက ဝန်ထမ်းတွေနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပါတယ်။

ဝန်ထမ်းတွေကလည်း ကျွန်တော့်အပေါ်မှာ လေးစ





www.burmeseclassic.com

www.burmeseclassic.com

## ကိုငြိမ်းဦး

ချစ်ခင်ကြပါတယ်။ အလုပ်စဝင်တဲ့နေ့ကစပြီး သည်နေ့အထိ မမဆီကို ကျွန်တော်မရောက်တော့သလို တယ်လီဖုန်းလည်း မခေါက်ဖြစ်တော့ပါ။ ဒါပေမယ့် တနင်္ဂနွေနေ့ကုမ္ပဏီပိတ်ရက်မှာတော့ ဝင်းလွင်မောင်နဲ့ အကြော်ဆိုင်ကိုလည်း ရောက်ပါတယ်။ တရုတ်ကြီးဆီနဲ့ သူငယ်ချင်းတွေဆီလည်း ရောက်ပါတယ်။

ဒါပေမယ့် ဝင်းလွင်မောင်ရဲ့အကြော်ဆိုင်က ကျွန်တော့်ကို ပိုပြီး အလွမ်းပိုစေပါတယ်။ သည်ဆိုင်မှာထိုင်ပြီး မမကိုလွမ်းရတာ အရသာရှိပါတယ်။ ဝင်းလွင်မောင်ကတော့ ကျွန်တော့်ပြောင်းလဲမှုကို သတိပြုမိပါတယ်။

"ဟေ့ကောင် . . မင်းနဲ့မမ အဆင်ပြေရဲ့လား . ."

"ငါ မမကို မကြိုးစားတော့ဘူး . . . သူငယ်ချင်း . . ."

"အင်း . . ဒီလိုပဲ ထိုင်ဆွေးနွေးနေတော့မယ်ပေါ့ . . ဟေ့ကောင် . . မင်းစိတ်ကူးမလွဲနဲ့နော် . . နိုနိုကို ကြိုက်လိုက်ပါလားကွာ . . တစ်နေ့ကတောင် နိုနို ဒီဆိုင်ကို ရောက်လာသေးတယ် . . မင်းကိုလည်း မေးသွားသေးတယ် . . ငါက ဒီကောင်နင့်ဆီ ဖုန်းမဆက်ဘူးလားလို့ မေးတော့ . . သူခင်သလို မင်းက မခင်ပါဘူးတဲ့ . . ဒါကြောင့် မဆက်ဖြစ်ဘူးတဲ့ . . သြော် . . . စကားမစပ်ပြောရဦးမယ် . . တရုတ်ကြီးနဲ့မို့မို့ ကြည်သွားကြပြီ . . ဟဲ ဟဲ . . ဒီကောင် အခု အရမ်းမြူးနေတယ် . . ."

တရုတ်ကြီးအတွက် ကျွန်တော်ဝမ်းသာပါတယ်။ တရုတ်ကြီးကလည်း ဥပမိရုပ်က ဟောင်ကောင်မင်းသားလိုလို၊ ဘာလိုလို။ မို့မို့ကလည်း မဆိုးပါဘူး။ ကြည့်ကောင်းပါတယ်။ သင်တန်းတွေအစုံ လျှောက်တက်ပြီး ဘာအလုပ်လုပ်ရလဲမသိတဲ့ မို့မို့လို မိန်းကလေးမျိုးဟာ တရုတ်ကြီးလို မိန်းမစကားကို မြေဝယ်မကျ နားထောင်မယ့်ကောင်နဲ့သာ အလိုက်ဆုံးပါ။



## ပိုးနုပေစ ဒဏ္ဍာရီ

ကျွန်တော်တို့နှစ်ယောက် အကြော်ဆိုင်မှာထိုင်ပြီး စကားကောင်းနေတုန်း တိုက်တိုက်ဆိုင်ဆိုင်ပဲ တရုတ်ကြီးက ရောက်လာပါတယ်။

"ဟေ့ကောင် . . မင်း အဆင်ပြေနေပြီ ဆို . . ."

"ဟဲ ဟဲ . . ဒီလောက်လည်း မဟုတ်ပါဘူးကွာ . . ဝန်းခြံမှာ ထိုင်ရုံ၊ ရုပ်ရှင်ကြည့်ရုံလောက်ပါပဲ . . ပြီးတော့ သူ့ပါးဘယ်လောက် မွှေးသလဲ အနံ့ခံကြည့်ရုံလောက်ပါပဲ . . ."

"အလဲ့ . . . တယ်ဟုတ်နေကြပါလား"

"အင်း . . . ဟိုတစ်နေ့ကတော့ ငါတို့ အနမ်းကောင်းလို့ ပြဿနာတက်တယ်ကွ . ."

"ဟင် . . . ဘာလဲကွ . ."

"ငါ့ပါးစပ်ထဲက ငရုတ်သီးဖတ် . . သူ့ပါးစပ်ထဲရောက်သွားလို့ကွ . . သူ့ခမျာ စွေ့စွေ့ကို ခုန်နေတာပဲ . . ."

ကျွန်တော်တို့ နားမရှင်းလို့ တရုတ်ကြီးကရှင်းပြပါတယ်။

"ဒီလိုကွ . . ရုပ်ရှင်မကြည့်ခင် ငါတို့ နှစ်ယောက် တော တုတ်ထိုး ထိုင်စားကြတယ် . . ငါကလည်း ငရုတ်သီးသိပ်ကြိုက် မဟုတ်လား . . ဝက်သားတုတ်ထိုးတစ်ခု . . ငရုတ်သီး တစ် . . မို့မို့ကတော့ မိန်းကလေးပေမယ့် လုံးဝငရုတ်သီးမစားဘူး . . . ဟဲ . . အဲဒါနဲ့ . . ငါ့သွားကြားမှာ ဘယ့်နှယ်ကဘယ့်နှ သီးဖတ်က ကပ်နေတယ် မသိပါဘူး . . . ရုပ်ရှင်ရုံထဲ မီးလည်းမှိန်လည်း မှိန်ရော . . သူ့ပါးစပ်ထဲ ငရုတ်သီးဖတ်ရောက်သွားပြီး သူ့ခမျာ စွေ့စွေ့ခုန်နေတော့တာပဲ . ."

"ဟား . . ဟား . . ."

တကယ့်ကောင်ပဲ . . .။

"သြော် . . ဟေ့ကောင် မြင့်မြတ် . . မင်းကိုငါပြောစရာရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ် . . မင်းမမ ဂျပန်စာ သင်နေတယ်တဲ့ . . ပတ်စ်ပို့လည်း ကျပြီတဲ့ . . အင်း . . အေရိုးဗစ်သင်တန်းလည်း ပိတ်လိုက်ပြီ"

မမ ကိုအေးမွန်ဆီ ကကယ်လိုက်တော့မှာကို သိလိုက်ရတော့ မချိမဆန့်ခံစားရပါတယ်။ တရုတ်ကြီးတို့နဲ့ အကြော်ဆိုင်က ပြန်လာတဲ့အထိ အဲဒီကိစ္စက ကျွန်တော့်ရင်ကို တက်နင်းနေသလို ခံစားနေရပါတယ်။

တရုတ်ကြီးနဲ့ ဝင်းလွင်မောင်ကတော့ ကျွန်တော့်ခံစားနေရတဲ့ ဝေဒနာကိုလည်း စာနာကြပါတယ်။ ဒါပေမယ့် ဘာမှတော့ အကြံမပေးနိုင်ကြပါဘူး။

"အင်း . . တို့ကောင်တွေအနေနဲ့ . . . မင်းကိစ္စမှာ ဘာမှအကြံမပေးနိုင်ဘူးကွာ . . ဒါပေမယ့်တစ်ခုတော့ရှိတယ် . . ကြာရင်တော့ အနည်ထိုင်သွားမှာပါကွာ . . ."

ကျွန်တော်ကတော့ ကျွန်တော်ခံစားနေရတဲ့ဝေဒနာ အတွက် သက်သာအောင်စိတ်ကို အလုပ်ထဲမှာပဲ မြှုပ်ထားမိပါတယ်။ တစ်ညတော့ မေမေက ကျွန်တော့်အခန်းထဲ ရောက်လာပါတယ်။

"သား မေမေ့ကို တိုင်ပင်စရာရှိရင်တိုင်ပင်နော် သား . . သား ကြည့်ရတာ တစ်ခုခု ခံစားနေရသလိုပဲ . . ."

ကျွန်တော် ဘာမှမဖြေဘဲ ပြုံးနေလိုက်တော့ မေမေက ကျွန်တော့်ဆံပင်ကို လက်နဲ့ ပွတ်ပြီး ညင်ညင်သာသာ ပြောပါတယ်။

"သားမမကို မေမေတို့ လိုက်တောင်းပေးရမလား ဟင် . ."

ကျွန်တော် ခေါင်းခါလိုက်မိပါတယ်။ ပတ်စ်ပို့တောင်ရနေတဲ့ မမကို မေမေတို့ သွားတောင်းလည်း အပိုပါပဲ။ မမက ဆုံးဖြတ်ပြီးသွားပါပြီ။ နောက်ပြီး မမက ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသားချတတ်တဲ့သူပါ။

# အခန်း (၁၆)

စနေနေ့ည ကိုးနာရီတိတိမှာ မမက ကျွန်တော့်ထံ ဖုန်းဆက်ပါတယ်။ ကျွန်တော့်အတွက်ကတော့ အတိုင်းထက်အလွန်ပါပဲ။ တယ်လီဖုန်းကို ကိုင်ထားတဲ့ကျွန်တော့်ရဲ့လက်ဟာ စိတ်လှုပ်ရှားလွန်းလို့ တုန်နေပါတယ်။

"မမ နေကောင်းလားဟင် . . ."

သီချင်းသံခပ်တိုးတိုးလေး ကြားနေရပါတယ်။ အဲဒီအသံကို ဖောက်ပြီး မမအသံတိုးတိုးလေး ပေါ်လာတယ်။

"အင်း . ."

ကျွန်တော် ဘာဆက်ပြောရမှာလဲ။ မမကို ပြောစရာ ဘာအကြောင်းတွေရှိသလဲ။ ပြောချင်တာတွေကတော့ ရင်နဲ့အပြည့်ပါပဲ။ ဒါပေမယ့် ကျွန်တော်ပြောမထွက်ပါဘူး။

"မမဆီ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ"

ဩော် . . မမဆီ ကျွန်တော် ဖုန်းဆက်ရင် ကျွန်တော်ခံစားနေရတာ ပိုတိုးမယ်။ အဲဒီအခါမှာ ကျွန်တော့်စိတ်ကို ကျွန်တော်နိုင်တော့မှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ညကိုးနာရီအချိန်ဆို မမဆီ ဖုန်းဆက်ချင်လွန်းလို့ ကျွန်တော် ဂနာမငြိမ် ဖြစ်နေတဲ့ကောင်ပါ။

ဒါပေမယ့် မမရယ်။ အခုအချိန်မှာ မမဆီ ကျွန်တော်ဖုန်းမဆက်တာက အကောင်းဆုံး ဖြစ်မယ်ထင်ပါတယ်။

"ကျွန်တော် ဖေဖေ့အလုပ်ကို ဝင်လိုက်ပြီ မမ . . ."

မမဘက်က တိတ်သွားပါတယ်။ ပြီးမှ

"မမ ဝမ်းသာပါတယ် . . ဘာပဲဖြစ်ဖြစ် တည်ငြိမ်တဲ့ဘဝကို ရသွားတာပေါ့နော် . . ဒါနဲ့ မင်းမနက်ဖြန် အားလားဟင် . ."

"မမ ဘာကိစ္စရှိလို့လဲ ဟင် . ."

"မနက်ဖြန်တနင်္ဂနွေနေ့ . . မမမွေးနေ့ အဲဒါ ဘုရားသွားချင်လို့ . ."

"ခပ်စောစောပဲ သွားချင်တယ် . . . မနက်ခြောက်နာရီလောက်ပေါ့ . . ."

"ဟုတ်ကဲ့ မမ . . ကျွန်တော်ခြောက်နာရီအတိ . . မမဆီ အရောက်လာခဲ့မယ်"

မမ အသံတိတ်သွားပါတယ်။ ပြီးမှ ခပ်တိုးတိုးလေး ပြောတယ်။

"မမ . . ပတ်စ်ပို့ကျပြီ . . ."

"မမ ဆုံးဖြတ်ပြီးပြီပေါ့ . . ."

"အင်း . . ."

ဒီတစ်ခါငြိမ်ကျသွားတဲ့သူက ကျွန်တော်ပါ။ ရင်ထဲမှာ တင်းကြပ်နာကျင်နေပါတယ်။

"မနက်ကို စောစောထရမှာမို့ . . အိပ်တော့နော် . . မမ ဖုန်းချလိုက်တော့မယ် . . . ဂွတ်နိုက် . . ."

တယ်လီဖုန်းလေးကို အသာပိတ်ပြီး ကျွန်တော့်ခေါင်းအုံး





အောက်ကို ထိုးထည့်လိုက်မိပါတယ်။ မမနဲ့ကျွန်တော်က ခင်းနီးသူတွေဖြစ်ပါလျက်နဲ့ သူပတ်စ်ပို့ကျနေတဲ့ကိစ္စကို အရင်က ဘာဖြစ်လို့ မပြောဘဲ အခုမှပြောတာလဲ။

ကျွန်တော် ခံနိုင်ရည်မရှိမှာစိုးလို့လား။ အဲဒီတုန်းမှာ ခေါင်းအုံးအောက်က တယ်လီဖုန်းလေးက နောက်တစ်ခါ မြည်လာပြန်ပါတယ်။ ကျွန်တော်လည်း မမဆီက ဖုန်းထင်ပြီးကြည့်လိုက်တော့ မမဖုန်းမဟုတ်ဘူး . . နိုနိုဆီက ဖုန်း။

"နင် မနက်ဖြန်အားလား . . မြင့်မြတ်"

"မအားဘူး . . ."

"ဟယ် . . တနင်္ဂနွေနေ့ပဲ . . အလုပ်ပိတ်တယ် မဟုတ်လား . . အားပါတယ် . . နင် ငါ့ကို မညာနဲ့ . . ."

"သြော် . . ခက်ပါလား . . ကာယကံရှင်ကိုယ်တိုင်က မအားပါဘူးလို့ပြောနေတာ . . နင်က ဘာအရှုံးထနေတာလဲ . . ကဲ . . ပေါ်တင်ပဲ ပြောတော့မယ်ဟာ . . ငါ မနက်ဖြန် တစ်နေကုန်အိပ်မလို့"

"ခစ် . . ခစ် . . နင် ညဘက်အိပ်ရေး အတော်ပျက်နေတယ်ထင်တယ် . . ကဲပါ . . နင့်အိပ်ချိန်ထဲက အချိန်တွေကို ငါဖဲ့မယူချင်ပါဘူးဟယ် . . မနက်ဖြန်နေ့လယ်လောက် နင် ငါ့ကို ရုပ်ရှင်လိုက်ပြ"

မြတ်စွာဘုရား . .။ ကျွန်တော် ဘာလုပ်ရမလဲ . . နိုနိုနဲ့ကျွန်တော် ရုပ်ရှင်မကြည့်ချင်ဘူးဗျာ . . . နောက်ပြီး မမကို မနက်ကျ ဘုရားလိုက်ပို့ဖို့က ရှိသေးတယ်။

"ရုပ်ရှင်တော့ မကြည့်ချင်ဘူးဟာ . . ပလာဇာသွားချင်ရင်တော့ ငါလိုက်ပို့ပေးမယ် . . ဘာဖြစ်လို့လဲဆိုတော့ ဟိုကောင်တွေကလည်း ပလာဇာမှာ ပစ္စည်းတွေဝယ်စရာရှိလို့"

"လုပ်ပြီ . . အင်းလေ . . နင် ငါ့ဆီ ဘယ်အချိန်လောက်လာခေါ်မလဲ . ."



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ် တစ်နာရီတိတိ . . ."

"အင်း . . ကောင်းတယ် . . ငါ စောင့်နေမယ်' . . ဂွတ်နိုက်"

နိုနို့ဆီက ဖုန်းချသွားတာနဲ့ ကျွန်တော်လည်း ပခုံးတွန့်လိုက်မိပါတယ်။ စောစောအိပ်မှ။ မနက်ကို အိမ်ကငါးနာရီခွဲလောက်ထွက်မှ မမဆီ ခြောက်နာရီရောက်မှာ။ နာရီကိုနှိုးစက်ပေးပြီးအိပ်လို့ မနက်ငါးနာရီမှာ ကျွန်တော်နိုးလာပါတယ်။ အိမ်တစ်အိမ်လုံး ဘယ်သူမှမနိုးကြသေးဘူး . .။

ဒါနဲ့ ကျွန်တော်လည်း အပြင်ထွက်ဖို့ ခပ်သွက်သွက်ပဲ ပြင်ရတယ်။ မမဆီရောက်တော့ ခြောက်နာရီထိုးဖို့ ဆယ်မိနစ်လိုသေးတယ်။ မမက ဖြီးလိမ်းပြင်ဆင်နေတုန်းပဲ။ ဒါကြောင့် ကျွန်တော်တစ်ယောက်တည်း အိမ်ရှေ့ခန်းမှာ စောင့်နေမိပါတယ်။ မနက်ခြောက်နာရီမှာ မမအိမ်ခန်းထဲက ထွက်လာပါတယ်။ လှလိုက်တာဗျာ။

မမက မြန်မာဆန်ဆန်ဝတ်ထားပြီး ဆံထုံးထုံးထားပါတယ်။ မျက်နှာဟာ ရှင်းသန့်နေပါတယ်။ မြန်မာချိတ်ထဘီနဲ့မို့ ခါတိုင်းမြင်နေကျ ဂျင်းဘောင်းဘီကိုယ်ကျပ်အကျီပုံစံနဲ့ သိသိသာသာ ခြားနားနေတယ်။ အရင်က အဝတ်အစားက ဟော့တယ်။ ပူလောင်တယ်။ အလှဟာလည်း ပူလောင်တယ်။ အခုအလှကျတော့ ရင်အေးတယ်။ ကျက်သရေရှိတယ်။

"သွားကြရအောင်နော် . . ."

မမက အရင်ထွက်ပါတယ်။ ကျွန်တော်က မမနောက်မှာ။

"မမ သူငယ်ချင်း . . ဟိုတိုးရစ်ဂိုက်လေ . . ညက ပြန်ရောက်လာတယ် . . အမှန်တော့ သူနဲ့ဘုရားသွားဖို့ပဲ . . သူ ခရီးပန်းလာတယ် ဆိုတာနဲ့ . . ."

ကားရှေ့ခန်း၊ ကျွန်တော့်ဘေးမှာပဲ မမက ဝင်ထိုင်ပါတယ်။





ကျွန်တော် ကားမောင်းထွက်ခဲ့တော့မှ မမက ပြောပါတယ်။

"ဒီနေ့ မမနှစ်ဆယ့်ကိုးနှစ်ပြည့်တယ်လေ . . မင်းမွေးနေ့ကရော . ."

"ရှေ့လ ဆယ်ရက်နေ့ . ."

"တစ်လလောက်ပဲလိုတော့တာပေါ့ . . မမ ဘာစားရမှာလဲ"

"စားချင်တာစားဗျာ . . ."

"ဒါနဲ့နေပါဦး . . အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား . . ."

"စကာစဆိုတော့ တချို့ဥစ္စာတွေ သိပ်မသိသေးဘူး . ."

"တဖြည်းဖြည်းတော့ ကျွမ်းကျင်သွားမှာပါ . . ."

နံနက်ခင်းရဲ့အလင်းရောင်ဟာ တဖြည်းဖြည်း အားကောင်းလာနေပေမယ့် အရှေ့ အရပ်မှာ နေရောင်မမြင်ရသေးပါဘူး။ မမမွေးနေ့မှာ မမကို ဘာမွေးနေ့လက်ဆောင်ပေးရမလဲ . . ဘာဝယ်ရမလဲ စဉ်းစားပေမယ့် စဉ်းစားမရပါဘူး။ ဒီလိုနဲ့ပဲ ဘုရားကိုရောက်လာပါတယ်။ ကျွန်တော်လည်း ကားကို ကားပါကင်မှာ ရပ်လိုက်တယ်။

"မမတို့ စောင်းတန်းကပဲ တက်ကြရအောင်နော် . . ."

ကျွန်တော်တို့နှစ်ယောက် စောင်းတန်းက တက်တဲ့အခါ မမက နာလံထစမို့ နည်းနည်းမောနေပုံရပြီး တချို့နေရာတွေမှာ ကျွန်တော့် လက်မောင်းကို ကိုင်ပါတယ်။ စောင်းတန်းထိပ်ကို ရောက်တဲ့အခါ မမကပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင် စတာတွေ ဝယ်ပါတယ်။ ပြီးတော့ ဘုရားကို လက်ယာရစ် တစ်ပတ်ပတ်ပြီး ရင်ပြင်မှာထိုင် ဘုရားကန်တော့ကြပါတယ်။

အဲဒီနောက်မှာတော့ တနင်္ဂနွေထောင့်မှာသွားပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် ကပ်လှူပူဇော်ပါတယ်။ ဘုရားပေါ်မှာ မမက သိပ်စကားမပြောပါ။ နံနက်ခင်းဟာ ဘုရားရင်ပြင်တော်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

## ကိုမြင့်မိုးဦး

မှာ ကျက်သရေရှိစွာ နိုး သာပါတယ်။

ကျွန်တော်တို့နှစ်ယောက်ဟာ စောင်းတန်းတစ်ခုမှာ ခဏ ထိုင်လိုက်ကြတယ်။ ကျွန်တော်ကတော့ မမအလစ်မှာ မမရဲ့ ကျက်သရေရှိတဲ့မျက်နှာလေးကို ခိုးခိုးကြည့်မိပါတယ်။

"မမ အေရိုးဗစ်သင်တန်း ပိတ်လိုက်ပြီ"

ရင်ထဲ ပူခနဲတစ်ချက်ဖြစ်သွားပါတယ်။

"ပစ္စည်းကိရိယာတွေကို မမဘယ်လိုလုပ်မလဲဟင် . . ."

"လောလောဆယ်တော့ မမ ဘာမှမစီစဉ်ရသေးဘူး . . ဒါပေမယ့် သိပ်တော့ကိစ္စမရှိပါဘူး . . . လတ်လတ်ဖြစ်ဖြစ် . . ဂင်သီယာ ဖြစ်ဖြစ် . . တစ်ယောက်ယောက်ကို အပ်ခဲ့လည်း ဖြစ်ပါတယ် . . ."

"မမ အေရိုးဗစ်ကစားတာလည်း ရပ်လိုက်ပြီလား . . ."

"အင်း . . ."

"မမအလှပျက်မှာ မစိုးဘူးလားဟင်"

"ဘယ်လိုပဲဖြစ်ဖြစ် . . သူက ချစ်ပြီးသား . . ."

တစ်ခါက လဝန်းညိုညိုကို နောက်တဲ့စကားမျိုး မမက ပြန်ပြောတယ်။ ကျွန်တော် ပြုံးလိုက်မိပါတယ်။ ဒါပေမယ့် အဲဒီအပြုံးဟာ အသက်ပါမှာတော့ မဟုတ်ပါဘူး။

နေရောင် ကောင်းကောင်းပွင့်လာတော့မှ ကျွန်တော်တို့နှစ်ယောက်ဘုရားပေါ်မှ ဆင်းခဲ့ကြတယ်။ အဆင်းမှာတော့ စောင်းတန်းက မဆင်းပဲနဲ့ ဓာတ်လှေကားကနေ ဆင်းတယ်။ ကားပေါ်ရောက်တော့ မမက ခပ်တိုးတိုးပြောပါတယ်။

"မမတို့ တစ်ခုခု စားကြရအောင် . . မမ ကျွေးမယ် . . ."

"မမမွေးနေ့အတွက် ကျွန်တော် လက်ဆောင်ပေးရဦးမယ်"

"နောက်မှပေး . . လောလောဆယ်တော့ မမ ဆာပြီ . . ."



## မိုးနုပစ် ဒဏ္ဍာရီ

အသင့်အတင့်လူရှင်းပြီး သန့်ရှင်းသပ်ရပ်တဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ ကားရပ်ပြီး ကျွန်တော်တို့နှစ်ယောက် နံနက်စာစားကြပါတယ်။ မမက နန်းကြီးသုပ်စားပြီး ကျွန်တော်ကတော့ ထမင်းကြော်စားတယ်။ ပြီးတော့ လက်ဖက်ရည်သောက်ကြတယ်။ မမတော့ စားသောက်နေတုန်းမှာ စကားလုံးဝမပြောပါ။

"အလုပ်ကို စိတ်ဝင်တစားနဲ့ အောင်မြင်အောင်လုပ်နော်"

အစ်မတစ်ယောက်က မောင်ငယ်တစ်ယောက်ကို ဆုံးမတဲ့လေသံ။ ကျွန်တော် ဝမ်းနည်းလာမိပါတယ်။ ကျွန်တော့်ဘဝဟာ ပန်းကိုမြင်ရက်နဲ့ လက်မလှမ်းနိုင်တဲ့ဘဝပါ။

"ဟုတ်ကဲ့ . . ."

စားသောက်ပြီးသွားတော့ မမက ပိုက်ဆံထုတ်ရှင်းတယ်။ ကားပေါ်ပြန်ရောက်မှ ကျွန်တော်က မေးလိုက်တယ်။

"မမ ဘယ်သွားဦးမလဲ . . ."

"အိမ်ပဲပြန်မယ် . . ."

ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲချလိုက်မိတယ်။ မမတို့ကျွန်တော်ချစ်နေကြောင်း ဖွင့်ပြောလိုက်တော့မယ်။ ထိုအခါ ရင်တွေခုန်လာပါတယ်။

ကားကလေးဟာ ဦးဝိစာရလမ်းအတိုင်း ငြိမ်ငြိမ်သက်သက်ပြေးနေတယ်။ ကားပြတင်းကိုဖွင့်ထားတဲ့အတွက် ကားထဲဝင်လာတဲ့လေက ကျွန်တော့်ဆံပင်တွေကို ထောင်ထသွားစေပါတယ်။

တဖြည်းဖြည်းနဲ့ မမတို့အိမ်နားနီးလာပါတယ်။ လမ်းကြားထဲ ကားကိုချိုးကွေ့လိုက်ပြီး မမတို့အိမ်ရှေ့မှာ ကားကိုရပ်လိုက်ပါတယ်။

"မမ . . ."

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com



မမက ကျွန်တော့်ဘက်ကို စောင်းငဲ့ကြည့်ပြီး ထူးတယ် . . မျက်ဝန်းက တစ်စုံတစ်ရာကို စူးစမ်းနေပုံရတယ်။ ပြောသင့် မပြောသင့် စဉ်းစားချင့်ချိန်နိုင်တဲ့အသိ ကျွန်တော့်မှာ ပျောက်ဆုံးသွားပါတယ်။ မမကိုစိုက်ကြည့်နေတဲ့ ကျွန်တော့်မျက်လုံးက မေတ္တာအရိပ်အယောင်တွေကို မမမြင်ပါစေသတည်း။

"မမကို ကျွန်တော် ချစ်တယ် . ."

မမရဲ့မျက်ဝန်းအိမ်ဟာ ရုတ်တရက် ညိုမှိုင်းသွားပါတယ်။ မဟတဟဖြစ်နေတဲ့ နှုတ်ခမ်းလေးဟာ စေ့သွားတယ်။ မျက်လုံးအကြည့်ကို မမက မရုပ်သလို၊ ကျွန်တော်ကလည်းမရုပ်မိ။ မမ စိတ်လှုပ်ရှားနေပုံရပြီး မျက်နှာကလေးကလည်း နည်းနည်းနီလာတယ်။

မမက သတိဝင်လာသလိုရှိပြီး ကားပေါ်ကဆင်းတယ်။ ပြီးတော့ ကားတံခါးကို ပြန်ပိတ်ပေးခဲ့ပြီး ခြံဝဘက်ကို လှမ်းတယ်။ ပြီးတော့မှ ကျွန်တော့်ဘက်ကို ပြန်လှည့်ပြီး စကားပြောပါတယ်။

"ဘုရားကို လိုက်ပို့ပေးတာအတွက်နဲ့ . . . မမရဲ့မွေးနေ့မှာ မွေးနေ့လက်ဆောင်ပေးတာကို ကျေးဇူးပဲ . . ."

အရာအားလုံး ပြီးဆုံးသွားခဲ့ပါပြီ။ အိမ်ထဲဝင်သွားတဲ့ မမရဲ့ နောက်ကျောဘက်ကို ကျွန်တော်ငေးကြည့်နေမိပါတယ်။ မမကို ဘာလက်ဆောင်မှ မဝယ်ပေးဖြစ်ခဲ့တာကို သရော်သွားတာလား။

"ဖွင့်ပြောလိုက်တာတော့ ကောင်းပါတယ်ကွာ . . . ဇာတ်လမ်းက မျှော်လင့်ချက်မရှိတော့ဘူးဆိုပေမယ့် မင်းရင်ထဲတော့ ပေါ့သွားတာပေါ့ . . ."

တရုတ်ကြီးက ကျွန်တော့်ကို အားပေးရှာပါတယ်။ ကျွန်တော်က ကြက်ကြီးလည်လိမ်ထားသလို ဖြစ်နေတယ်။

"ဟေ့ကောင် တရုတ်ကြီး . . . မင်း ငါ့အဖေကုမ္ပဏီမှာ အလုပ်လုပ်မလား . . ပေသီးတို့ကိုတော့ ပြောပြီးပြီကွ . . ဒီကောင်





တွေလည်း လုပ်လိမ့်မယ် . . . ငါ့အဖေကိုယ်တိုင်က လိုလိုချင်ချင်နဲ့ ပြောတာကွ . ."

"အင်း . . ဒီကိစ္စကို ငါဆုံးဖြတ်လို့မရဘူးကွ . ."

"ဟာ . . မင်းပဲပြောတော့ . . မင်း အဖေက ပါးစပ်တစ်ပေါက်လျော့သွားရင် ကြိုက်မှာပါဆို . . ."

"မဟုတ်ဘူး . . အဖေက ပြဿနာမရှိပါဘူးကွာ . . မို့မို့သာ ပြဿနာပါ . . ဟဲ ဟဲ"

"ခွေးကောင် . . ."

"ဩော် . . ဟေ့ကောင် . . မင်း . . မမကို ကြိုက်နေတဲ့အကြောင်း မို့မို့က သိနေတယ်ကွ . . မင်းကို သနားတယ်တဲ့ . . ဒါပေမယ့် သူ့အနေနဲ့လည်း ဘာမှမတတ်နိုင်ဘူးတဲ့"

ကျွန်တော့်ကိစ္စကတော့ အားလုံးသိကုန်ကြပြီပဲ။ ဖေဖေ၊ မေမေတို့လည်း သိသလို ကျွန်တော့်သူငယ်ချင်းတွေလည်း သိတယ်။ အင်း . . မမ သူငယ်ချင်းတွေလည်း သိလိမ့်မယ်ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ခံနိုင်ရည်ရှိအောင် တင်းထားပေမယ့် ဒီစကားကို တကယ်တမ်း ကြားလိုက်ရတဲ့အခါ ကျွန်တော် မချိမဆန့်ခံစားလိုက်ရပါတယ်။

ဇာတ်လမ်းအဆုံးကို ကြိုသိနေပေမယ့် ကျွန်တော် ခံနိုင်ရည်မရှိပါ။

"မမ . . နောက်တစ်ပတ် တနင်္ဂနွေနေ့မှာ သွားတော့မယ်တဲ့ . . လေယာဉ်လက်မှတ်လည်း ဝယ်ပြီးပြီတဲ့ . . ."

"သြော် . . ."

"နင် အရမ်းခံစားနေရမှာပဲနော် . ."

ကျွန်တော် ပြုံးပြဖို့ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။

"မမကလည်း ဘာဖြစ်လို့လိုက်သွားချင်ရတာလဲ မသိဘူး . . . ကိုယ့်အစ်မပေမယ့် မမရဲ့စိတ်ကို နားမလည်ဘူး . . ."

နောက်ပိုင်းရက်များမှာ တရုတ်ကြီးလည်း မမကို ပစ္စည်းတွေ ဝယ်နေတာတွေ့တဲ့အကြောင်း ကျွန်တော့်ကို ပြောပြပါတယ်။ မမကိုခရီးဆောင်သေတ္တာရောင်းတဲ့ဆိုင်မှာ တွေ့တာပါတဲ့။

ပထမတော့ မမက သူ့ကိုရုတ်တရက်မို့ မမှတ်မိပါတဲ့။





နောက်တော့မှ ကျွန်တော် မြင့်မြတ်ဇော်သူငယ်ချင်းပါဆိုမှ မှတ်မိသွားတာပါတဲ့။

ဒါပေမယ့် . . . မမ နိုင်ငံခြား သွားတော့မယ့်အကြောင်း လေယာဉ်လက်မှတ်ဝယ်ထားပြီးပြီ ဆိုတဲ့အကြောင်းကိုတော့ တစ်လုံးမှ မပြောပါတဲ့။

"မျက်နှာတော့ သိပ်မကောင်းဘူးကွ"

"ငါ့အကြောင်း မေးသေးလား . ."

"အင်း . . မင်း နေကောင်းလားတဲ့ . . ကုမ္ပဏီအလုပ်တွေကများဆိုတော့ . . မင်း နေမကောင်းဖြစ်မှာ စိုးတယ်တဲ့ . . ."

စိုးရိမ်မနေပါနဲ့ မမရယ် . . ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ကျွန်တော်ကသာ မမအတွက် စိတ်ပူနေတာ။ ဒေသစိမ်း၊ ရာသီဥတုစိမ်း၊ အစာအစာစိမ်းဆိုတော့ မမ နေမကောင်းဖြစ်မှာ စိုးနေတာ၊ အင်းလေ . . အဲဒီအချိန်ကျ မမအနားမှာ ကိုအေးမွန်ရှိနေမှာပဲ။ သူကလည်း မမကို ချစ်တာပဲ။ ကျွန်တော့်လိုပဲ ကြင်နာပါလိမ့်မယ်။

"သြော် . . ပြောသေးတယ် . . မင်း မွေးနေ့အတွက် . . သူလက်ဆောင်ဝယ်ပေးခဲ့မယ်တဲ့"

မမရဲ့မွေးနေ့တုန်းက ကျွန်တော်မမကို ရည်းစားစကားပြောဖြစ်ခဲ့ပါတယ်။ အဲဒီနေ့က မမ ပြန်ပြောတဲ့စကားလေးကို ပြန်ကြားသာတယ်။

"ဘုရားကိုလိုက်ပို့ပေးတာအတွက်နဲ့ မမရဲ့မွေးနေ့မှာ မွေးနေ့လက်ဆောင်ပေးတာကို ကျေးဇူးပဲ . . ."

အဲဒီစကားဟာ ဘာအဓိပ္ပါယ်ပါလိမ့်။ အဲဒီနေ့က ကျွန်တော် မမကို ဘာလက်ဆောင်မှ မဝယ်ပေးဖြစ်ခဲ့ပါဘူး။ ဒါနဲ့တောင် မမက အဲဒီလို ဘာဖြစ်လို့ပြောသွားရတာလဲ။ ကျွန်တော် ရည်းစား[illegible] ပြောခဲ့တာကိုပဲ သရော်လိုက်တာလား။ အခုလည်း ကျွန်တော့်အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့လက်ဆောင်ဝယ်ပေးခဲ့မယ်တဲ့။

အိမ်ကိုပြန်ရောက်တဲ့အခါ ကျွန်တော် ပြက္ခဒိန်ကိုကြည့်လိုက်မိပါတယ်။

မြတ်စွာဘုရား . . ကျွန်တော့်မွေးနေ့မှာ မမ မြန်မာပြည်ကခွာမယ့်နေ့ဖြစ်နေပါလား။ ကျွန်တော် ပြက္ခဒိန်မှာ မာကာပင်နဲ့သွားပြီး မမ သွားမယ့်နေ့ကို မှင်နီနဲ့ဝိုင်းပြီး မှတ်လိုက်တယ်။ ပြီးတော့ သည်နေ့ တနင်္လာနေ့။

ထို့ကြောင့် သည်နေ့ကိုပါ ကြက်ခြေခတ်ပစ်လိုက်တယ်၊ တနင်္ဂနွေနေ့ရောက်ဖို့ကြားထဲမှာ ငါးရက်သာလိုပါတော့တယ်။

ဒီနေ့ကစလို့ တနင်္ဂနွေနေ့ရောက်တဲ့အထိ ကျွန်တော် အပြင်းအထန်ခံစားရလိမ့်မယ်။ မိုးဥတုကို ဝင်ရောက်ပြီဖြစ်လို့ ကောင်းကင်ကြီးကလည်း အုံ့မှိုင်းညို့ဆိုင်းနေပါတယ်။

ကျွန်တော့်အတွေးထဲမှာ မို့မို့တို့ခြံဝင်းထဲမှာ ဘောလုံးသွားကောက်တုန်းက အဖြစ်အပျက်တွေကို ပြန်တွေးမိတယ်။

နုပျိုလတ်ဆတ်တဲ့မမရဲ့ ခန္ဓာကိုယ်ကောက်ကြောင်းတွေကို မျက်စိထဲမှာ ပြန်မြင်တယ်။ တင့်တယ်ကျက်သရေရှိတဲ့မျက်နှာနုနုကို ပြန်မြင်တယ်။



## အခန်း (၁၈)

ဖေဖေက ကျွန်တော်တင်ပြတဲ့အချက်အလက်တွေကို ဆုံးအောင်နားထောင်ပြီးတဲ့အခါ ကျေနပ်စွာနဲ့ ပြုံးပါတယ်။

"ကောင်းတယ်ကွ . . . လူစည်ကားတဲ့ လမ်းဘက်ကို အဆောက်အဦကို မျက်နှာမလှည့်ဘဲ ဆိတ်ငြိမ်တဲ့ဘက်ကို မျက်နှာသည့်ဖို့ စိတ်ကူးတာဟာ အကြံကောင်းပဲ . . ဒါပေမယ့် အခန်းဝယ်မယ့်သူတွေ ကြိုက်ပါ့မလား . ."

"အဲဒါတော့ မသိဘူး ဖေဖေ . ."

ဖေဖေ ရယ်ပါတော့တယ်။

"လူစည်ကားတဲ့ဘက်ကို ဘာလုပ်ပေးမယ် စိတ်ကူးလဲ . . ."

"အထပ်တိုင်းကို ဝရန်တာလုပ်ပေးမယ် . . ဘေးဝရန်တာကနေ စည်ကားတာကို ခံစားလို့ရနိုင်သလို . . အဲဒီ့လို ဆောက်လိုက်လို့လမ်းနဲ့ကပ်နေတဲ့နေရာမှာ ကားပါကင်တစ်ခုစာ နေရာပိုထွက်လာလိမ့်မယ် ဖေဖေ . . ."

ဖေဖေက လက်ဖျောက်တစ်ချက်တီးလိုက်ပါတယ်။

ပြီးတော့ ကျွန်တော့်ကိုလက်ကမ်းပေးလို့ သားအဖနှစ်



www.burmeseclassic.com

ယောက် လက်ဖဝါးချင်း ဆုပ်မိသွားကြတယ်။

"ဖေဖေတို့ စွန့်စားကြည့်ကြတာပေါ့ . . တစ်ခါတစ်ရံမှာ တော့ အဲဒီလို စွန့်စားကြည့်လိုက်ရင် အကျိုးရှိတာလေးတွေ ရလာ တတ်ပါတယ် . . ."

ကျွန်တော်တို့ ကုမ္ပဏီမှာ တရုတ်ကြီး၊ ပေသီး၊ မျိုးကျော် ဇော်ထွေး၊ ကောင်းဆက်၊ ဒိုးကြီးတို့ အလုပ်ဝင်နေကြပါပြီ။ သူတို့ အခန်းထဲကို ကျွန်တော်ဝင်သွားတဲ့အခါ သည်ကောင်တွေက ကျွန် တော့်ကို 'ဟေ့ကောင် လက်ဖက်ရည်သောက်ဖို့ လာခေါ်တာလား လို့မေးကြတယ်။ ကောင်းတော့ ကောင်းပါတယ်။ အလုပ်ကအလုပ် ငယ်သူငယ်ချင်းက သူငယ်ချင်း။

ဒါပေမယ့် ဒီကောင်တွေက တခြားလူတွေရှေ့မှာတော့ ကျွန်တော့်ကို တလေးတစား ခေါ်ကြပါတယ်။ လူလစ်ရင်တော့ ဒီ ကောင်ပဲ ပြန်ဖြစ်သွားကြတယ်။

ကျွန်တော်လည်း သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်သွား ဆင်းတယ်။ ဆိုင်က ပြက္ခဒိန်ကို ကြည့်မိတော့ ဒီနေ့ ကြာသပတေး နေ့ဖြစ်နေလို့ တုန်လှုပ်သွားမိပြန်ပါတယ်။

မနက်ဖြန်သည် သောကြာနေ့၊ သန်ဘက်ခါသည် စနေနေ့ ဖိန်းနွှဲခါသည် တနင်္ဂနွေ။

စနေနေ့ညနဲ့ တနင်္ဂနွေနေ့ကတော့ ကျွန်တော် အခံရဆုံးနေ့ တွေဖြစ်မှာတော့ သေချာပါသည်။

"စနေနေ့ညကို အရက်သောက်ကြရအောင်ကွာ . . .

"ဟာ . . ဟေ့ကောင် . . တကယ်ပြောတာလား . . ဒီ မိုက်တဲ့ အစီအစဉ်ပဲ . ."

"ဟေ့ကောင် . . မျိုးကျော် . . အရက်သမား . . အရက် ကြားတာနဲ့ လေလည်သံကြားလို့ ခွေးလိုမြူးမနေစမ်းနဲ့ . . . ဒီ





ခြင့်မြတ်ဇော် . . မင်းအရက်မကြိုက်ဘူးလေ . . မင်းဘာအတွက် ဒီကို တိုက်မှာလဲ . . မင်း အရမ်းခံစားနေရလို့လား . . ."

"တနင်္ဂနွေနေ့က ငါ့မွေးနေ့ကွ . . ဒါကြောင့် မင်းတို့ကို စနေ နေ့ညမှာ အရက်တိုက်မှာ . . ."

သည်ကောင်တွေ မြူးသွားကြပါတယ်။ ကျွန်တော်အရက် သောက်ပြီး မူးနေရင် မမကိုလည်း အဲဒီညမှာ ခဏမေ့ထားနိုင်ပါ လိမ့်မယ်။ အပြင်ဘက်မှာတော့ မိုးတွေရွာနေလေပြီ။

ရာသီဥတုကြောင့် ကျွန်တော် ချမ်းစိမ့်စိမ့်ဖြစ်လာတယ်။ ဒီအကြောင်းစဉ်းစားမိပြန်ပါတယ်။ ယနေ့ညဟာ မကြာခင် ကုန်ဆုံး တော့မှာပါ။

မနက်ဖြန်သည် သောကြာနေ့။ သောကြာနေ့သည်လည်း မကြာခင်မှာ ယခုလိုပဲ ကုန်ဆုံးသွားမှာပါလား။

ကျွန်တော့်နှလုံးသားတစ်ခုလုံး ဟာလာဟင်းလင်းဖြစ်နေပါ တယ်။ ကျွန်တော့်မွေးနေ့မှာ ကျွန်တော့်နှလုံးသားကို မမယူသွားပါ လိမ့်မယ်။

ထိုခဏမှာပင် ကျွန်တော်တစ်စုံတစ်ခုကို သွားစဉ်းစားမိပါ တယ်။ မမမွေးနေ့တုန်းက မမကို ကျွန်တော်ဘာလက်ဆောင်မှမပေး ခဲ့ပေမယ့် ကျွန်တော့်နှလုံးသားကို လက်ဆောင်ပေးခဲ့လိုက်သည်ပဲ။

ဒါကို မမသိလို့ . . .

"ဘုရားကိုလိုက်ပို့ပေးတဲ့အတွက်နဲ့ . . မမရဲ့မွေးနေ့မှာ မွေးနေ့လက်ဆောင်ပေးတာကို ကျေးဇူးပဲ . . ."

လို့ ပြောခဲ့တာလား။

မမရဲ့လေယာဉ်ချိန်ဟာ နံနက်ကိုးနာရီ ဖြစ်ပါတယ်တဲ့၊ မမ က သူ့မိတ်ဆွေ၊ သူ့သူငယ်ချင်းတွေကို မည်သူမျှလိုက်မပို့ကြဖို့ မေတ္တာ ရပ်ခံထားပါသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့ခရီးစဉ်ဟာ အထီးကျန်ဆန်လွန်းပြီး ခြောက်ကပ်ကပ်နိုင်နေမယ်ဆိုတာ စဉ်းစားမိပြီး ကျွန်တော်စိတ်မကောင်းဖြစ်သွားမိပါတယ်။

ကျွန်တော့်အခန်းထဲက ပြက္ခဒိန်မှာ ကြာသပတေးနေ့ကိုလည်း ကြက်ခြေခတ်လိုက်ပြီး တနင်္ဂနွေမှင်နီဝိုင်းကို ကြက်ခြေခတ်တွေရောက်ဖို့ ကြားထဲမှာနှစ်ရက်သာ ကျန်ပါတော့တယ်။

စနေနေ့ညကတော့ တကယ့်ကို လူစုံတက်စုံပဲဖြစ်ပါတယ်။ ကျွန်တော့်သူငယ်ချင်း (လမ်းပေါ်ဘောလုံးအဖွဲ့) က ယမကာပွဲဆင်နွှဲရန်အတွက် အင်တိုက်အားတိုက်နဲ့ ချီတက်လာကြပါတယ်။

ထူးခြား ချက်တစ်ခုကတော့ ကောင်းဆက်က တိုက်ပုံအကျႌဝတ်လာတာပဲ ဖြစ်ပါတယ်။

"အင်း . . . ဒီကောင် ဘယ်အစည်းအဝေးက ပြန်လာတာလဲ မသိဘူး . ."

"ဟဲ . . ဟဲ . . ဒီလိုကွ . . မြင့်မြတ်ဇော်က အရက်တိုက်မယ် ပြောတယ် . . ပြီးတော့ စုရပ်ကလည်း ကုမ္ပဏီမှာပဲ ချိန်းတော့ . . . ကုမ္ပဏီကလုပ်တဲ့ ညစာစားပွဲထင်ပြီး ခံ့ခံ့ညားညားဖြစ်အောင် . . ငါ့အဖေတိုက်ပုံကြီး ကောက်စွပ်လိုက်တာ . . ."

ညနေငါးနာရီတိတိမှာ ကျွန်တော်တို့ ကုမ္ပဏီက ဆင်းခဲ့ကြပါတယ်။ ကန်တော်ကြီးမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်ကိုသွားဖို့ ကားပေါ်တက်ကြတဲ့အခါ ကျွန်တော့်ကားက လူငါးယောက်ယောက်ပဲဆန့်လို့ ကျန်တဲ့ကောင်တွေကို တက္ကစီနဲ့ပဲ လာခိုင်းလိုက်ရတယ်။ မိုးကလည်း ဒီရက်ပိုင်းမှာ အဆက်မပြတ်ရွာနေတယ်။

စားသောက်ဆိုင်ကိုရောက်တော့ ကျွန်တော်တို့အားလုံးနေရာယူလိုက်ကြပါတယ်။

လူက ဆယ်ယောက်တောင်မှပဲဖြစ်လို့ အရမ်းကို စည်ကား





နေပါတယ်။

ပထမဆုံးအရက်နဲ့ မြည်းဖို့ အမြည်းတွေမှာလိုက်ကြတယ်။ ပြီးတော့မှ ယမကာတွေကို ခပ်ဖြည်းဖြည်းတွယ်ကြပါတယ်။

ဝိတ်တာကောင်လေးက ကျွန်တော့်ဘေးမှာရပ်နေပြီး မေးတယ်။

"ဆရာရော . . ဘာမှာမလဲဟင် . ."

အားလုံးက ကျွန်တော့်ကို ကြည့်နေကြပါတယ်။ ထိုခဏမှာ ကျွန်တော့်စိတ်က မမဆီ ရောက်သွားတယ်။

မမမွေးနေ့ကို ဘုရားပေါ်မှာ ဘုရားရှိခိုး၊ ဆုတောင်း၊ အမှျဝေပြီး ကျင်းပတယ်။ ကျွန်တော့် မွေးနေ့အတွက်ကျတော့ အရက်ဆိုင်မှာ ကျင်းပတယ်။

"ကိုကာကိုလာပဲ ပေးပါကွာ . ."

"ဟာ . . ဘယ်လိုလဲကွာ . . . တို့ကောင်တွေကိုကျတော့ အပြင်းတွေချခိုင်းပြီး မင်းကျတော့ ကိုကာကိုလာပဲဆိုတော့ ငါတို့ကောင်တွေ မြိုတောင်မကျတော့ဘူး . ."

"ဟုတ်တယ်ကွ . . နည်းနည်းတော့ချကွာ မြင့်မြတ် . . ."

"ဒီကောင်က သူတော်ကောင်းကွ . . ထားလိုက်ပါကွာ . . တို့ကောင်တွေသာ ငရဲကို အတူသွားဖို့ . . ဒီယမကာတွေကို အပြတ်နှိပ်ကြစို့ . . ."

ချစ်သူငယ်ချင်းတွေကို ကျွန်တော်ပြုံးကြည့်မိလိုက်ပါတယ်။

"ဟေ့ကောင် . . မြင့်မြတ် . . မနက်ဖြန်မှာ ကျရောက်မယ့် မင်းရဲ့မွေးနေ့အတွက် စကားလေး ဘာလေးထ,ပြောကွာ . . ကောင်းဆက် . . မင်းတိုက်ပုံဒီကောင့်ကို ချွတ်ပေးလိုက်စမ်း . . အံ့မခန်းပဲကွာ . . တိုက်ပုံနဲ့ကောင်က အရက်ကို အသားကုန်တွယ်နေပြီးဟော ဟော့ရှော့ကောင်ကတော့ အချိုရည်ကို တွယ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဆိုင်ဘူးကွ . . . တိုက်ပုံနဲ့လည်း အရက်ဆိုတာ တွယ်ချင်တွယ်လို့ရတာပဲ . ."

"လုပ်မနေပါနဲ့ကွာ . . မင်းနဲ့ဒီတိုက်ပုံက လုံးဝကျွက်သရေ မရှိဘူး . . လူက တခြား . . . အင်္ကျီက တခြားပဲ . ."

ကျွန်တော့်ရှေ့ကို ကောင်းဆက်ရဲ့တိုက်ပုံရောက်လာပါတယ်။

"ကဲ . . ဝတ် . . ဝတ် . . မြင့်မြတ် . . အဲဒီအင်္ကျီဝတ်ပြီး . . မင်း . . မိန့်ခွန်း . . အဲ . . မွေးနေ့စကားဘိသိက်စကား ထ,ပြော"

"ဟ . . ငါက ဘောင်းဘီဝတ်ထားတဲ့ကောင်ကွ . . ဒီတိုက်ပုံကြီးနဲ့ မဖြစ်ပါဘူး . ."

"မရဘူး . . ဟေ့ကောင် . . ဝတ်ဆို ပေါ့ . ."

ကျွန်တော်ပြုံးပြီး ကောင်းဆက်ရဲ့ တိုက်ပုံကို ကောက်စွပ်လိုက်ပါတယ်။ တိုက်ပုံက ချဉ်စုတ်စုတ်အနံ့ကို ရတယ်။

ကျွန်တော် မတ်တတ်ထရပ်လိုက်တော့ ဒီကောင်တွေက လက်ခုပ်တီးကြတယ်။ သူတို့တွေဟာ ကျွန်တော့် ကျောင်းနေဘက် သူငယ်ချင်းတွေပါ။

သူတို့နဲ့ ကျွန်တော် စွန်လွှတ်ခဲ့တယ်။ လမ်းမပေါ် ဘောလုံး အတူကန်ခဲ့တယ်။ ကျောင်းအတူတက်ခဲ့တယ်။ လမ်းဘေးအုတ်ခုံမှာ အတူဂစ်တာတီးပြီး သီချင်းဆိုခဲ့တယ်။

သင်္ကြန်တွေမှာ ရေပက်ခံ အတူထွက်ခဲ့တယ်။ သူတို့တွေဟာ ဘယ်လိုအခြေအနေမျိုးမှာမဆို ကျွန်တော့်အတွက် သူငယ်ချင်းတွေ ဖြစ်နေမယ့်ကောင်တွေ။

သူတို့တွေဟာ ကျွန်တော့်လောက်မပြည့်စုံပေမယ့် ကျွန်တော့်အပေါ်မှာ သူငယ်ချင်းကောင်း ပီသကြတယ်။

"သိပ်တော့ ရှည်ရှည်ဝေးဝေးပြောစရာ မရှိပါဘူးကွာ . . ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ မျက်လုံးတွေဟာ ဖန်ခွက်ထဲက ယမကာ





ပေါ်မှာပဲ ရှိနေကြလို့ပဲ . . ဖန်ခွက်တွေကိုတော့ မမျှော်ချင်ကြပါနဲ့ . . ငါ့ရဲ့မွေးနေ့အတွက် မင်းတို့ ဂုဏ်ပြုအားပေးတဲ့အနေနဲ့ မင်းတို့ရှေ့က ပုလင်းတွေထဲက ယမကာတွေကို . . မင်းတို့စိတ်ကြိုက် အသားကုန် နှိပ်ကြပေတော့ . . ."

"ဟေ့ . . . ချီးယားလို့ အော်ပြီးတာနဲ့ တဘရိတ်တည်းပဲ ဆော်ကြရအောင် . ."

"နေဦးကွ . . ဟေ့ကောင်တွေ . . တို့ကလည်း ဒီကောင့် အတွက် ပြန်ဆုတောင်းပေးရအောင် . . မြင့်မြတ် . . မင်း ဘယ်နနှစ်ပြည့်တာလဲ . . ."

"နှစ်ဆယ့်လေး . . ."

"အေး . . မြင့်မြတ်ဇော်ရဲ့နှစ်ဆယ့်လေးနှစ် မွေးနေ့မှသည် အသက်ထောင်ပေါင်းများစွာ ရှည်ပါစေကွာ . . ."

"ကဲ . . ဝမ်းတူးသရီ . . ချီးယားစ်"

သူတို့က ယမကာ၊ ကျွန်တော်က အချိုရည်ကို တစ်ကျိုက် တည်း မော့ချလိုက်ကြပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ဝေသာလီပြည်ကို ဘီလူးစီးသလို ဖြစ်ကုန်ပါတော့တယ်။

အမြည်းတွေကလည်း ပြိုက်ခနဲ ကုန်သွားသလို အရက်က လည်း ပြောင်လုလုဖြစ်သွားလို့ ထပ်မှာပေးရတယ်။ တဖြည်းဖြည်းနဲ့ ဒီကောင်တွေ ရေချိန်မှန်လာပါတယ်။

ကျွန်တော်ကတော့ [illegible] ကြောင်း မတွေးမိအောင် ကြိုးစား နေတဲ့ကြားကတွေးဖြစ်အောင် တွေးမိလိုက်ပါတယ်။

မနက်ဖြန်မှာ မမ သွားတော့မည်ပဲ။ ကျွန်တော့်မျက်ရည် တွေ စို့လာပါတယ်။ ကိုကာကိုလာဖန်ခွက်ကို ကိုင်ထားတဲ့ ကျွန်တော့် လက်ဟာ တဆတ်ဆတ်တုန်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအိမ်ထဲမှာ ပြည့်လာတဲ့ မျက်ရည်တွေကို သူငယ်ချင်းတွေ မတွေ့သွားစေချင်လို့ ခေါင်းငုံ့လိုက်တဲ့အခါ မျက်ရည်စက်ဟာ ကျွန်တော့်ခြေဖမိုးပေါ်ကို ကျသွားပါတယ်။

ဘယ်တော့မှ ပြန်တွေ့ရမှာမဟုတ်တော့တဲ့ မမ . . မနက်ဖြန်ကစပြီး မမက ကျွန်တော်နဲ့မိုင်ပေါင်းထောင်ချီဝေးတဲ့ နိုင်ငံခြားမှာ သူမရဲ့ချစ်သူနဲ့သွားနေတော့မယ်။

သူငယ်ချင်းတွေရဲ့ ရယ်မောသံ၊ နောက်ပြောင်သံတွေက ဆူညံနေပါတယ်။ အပြင်မှာတော့ မိုးကရွာ ကောင်းတုန်းပါ။

ကျွန်တော်တို့အဖွဲ့ဟာ ညဆယ့်တစ်နာရီမှာ ဆိုင်ကထကြပါတယ်။ ပြတ်ပြတ်သားသား စားကြသောက်ကြသည်မို့ ကျွန်တော် ပိုက်ဆံအတော်များများ ရှင်းလိုက်ရပါတယ်။

ဒယိမ်းဒယိုင်ဖြစ်နေတဲ့ကောင်တွေကို နည်းနည်းပဲ ယိုင်တဲ့ကောင်တွေကတွဲလို့ ကျွန်တော်တို့အုပ်စု ဆိုင်ထဲကထွက်ခဲ့ကြပါတယ်။ ပြီးတော့ အလာတုန်းကလိုပဲ တစ်ဝက်က ကျွန်တော့်ကားပေါ်။ ကျန်တဲ့တစ်ဝက်က တက္ကစီနဲ့။

ကျွန်တော့်ကားပေါ်ကကောင်တွေကို ကျွန်တော်ကပဲ အိမ်တိုင်ရာ ရောက်ပြန်ပို့ပေးရပါတယ်။ ကျွန်တော် အိမ်ကိုပြန်ရောက်တော့ ဆယ့်နှစ်နာရီထိုးနေပါပြီ။

ဖေဖေနဲ့မေမေက မအိပ်သေးဘဲ ကျွန်တော့်ကို ထိုင်စောင့်နေပြီး အရိပ်အကဲကို ကြည့်နေကြပါတယ်။

"မေမေတို့အိပ်ကြတော့လေ . . ညီမလေးရော အိပ်ပြီလား"

"အင်း . . မေမေတို့လည်း အိပ်တော့မယ် . . သား ညီမလေးတော့ အိပ်ပြီထင်တာပဲ . . ."

ကျွန်တော့်အခန်းရှိရာသို့ အသွားမှာ ညီမလေးအခန်းရှေ့က ဖြတ်သွားရတယ်။ အဲဒီမှာ ညီမလေးရဲ့အသံကို ကြားရတယ်။





"ကိုကို . ."

"ဟင် . . ညီမလေး မအိပ်သေးဘူးလား . ."

"ဟင့်အင်း . . ကိုကို့ကို သနားလို့ ညီမလေး ဘယ်လိုမှအိပ်လို့ မရဘူး . . စောစောကလည်း တစ်ယောက်တည်း ထိုင်ငိုပြီးပြီ"

"ဩော်ကွယ် . . ဘာဖြစ်လို့ငိုရတာလဲ . . တော်ကြာ မျက်ခွံတွေမို့ . . မျက်လုံးတွေနီရဲပြီး . . ကိုအောင်က မချစ်ဘဲနေဦးမယ်"

"အောင်မယ် . . ကိုအောင်က ဘာဖြစ်ဖြစ် ချစ်ပြီးသား"

ကျွန်တော်ပြုံးပြီး သူ့အခန်းရှေ့ကဖြတ်ပြီး ကျွန်တော့်အခန်းထဲ ဝင်လိုက်တယ်။ နာရီကို ကြည့်လိုက်တော့ ညဆယ့်နှစ်နာရီ ဆယ်မိနစ်။

ဤအချိန်ဟာ ယနေ့ တနင်္ဂနွေနေ့များဖြစ်သွားပြီဆိုတာ ပြနေပါတယ်။

ဩော် . . တနင်္ဂနွေနေ့ထဲကို ဆယ်မိနစ်ကြီးများတောင် ရောက်လာပါရောလား။ နံရံမှာချိတ်ထားတဲ့ ပြက္ခဒိန်ဆီကို လျှောက်သွားပြီး တနင်္လာနေ့ကတည်းက ခြစ်လာတဲ့ ကြက်ခြေခတ်တွေ။ စနေနေ့အထိခြစ်ထားပြီးတဲ့နေရာကို ကြည့်လိုက်တယ်။

ပြီးတော့ မာကာပင်ကိုယူပြီး စက်ဝိုင်းဝိုင်းထားတဲ့ တနင်္ဂနွေနေ့ပေါ်မှာပါ ကြက်ခြေခတ်ပစ်လိုက်မိပါတယ်။

အဲဒီတုန်းမှာပဲ ကျွန်တော့်တယ်လီဖုန်းလေးက အသံမြည်လာတယ်။ ကျွန်တော် တယ်လီဖုန်းလေးကို ကောက်ယူပြီးကြည့်လိုက်တဲ့အခါ ရင်ခုန်သံမြန်လာပါတယ်။

မမဆီကဖုန်းပါ။ ကျွန်တော် ဖုန်းကိုဖွင့်လိုက်ပြီး . . . .

"မမလား . . ကျွန်တော်ပါ . . ."

ဘာသံမှ မကြားရပါ။

"မမ . . ."



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဖုန်းပြန်ချသွားပါတယ်။ ကျွန်တော် ပင့်သက် ရှိုက်လိုက်မိပါတယ်။

အိမ်ရှေ့ဝရန်တာကို ထွက်ရပ်လိုက်တဲ့အခါ စွေပြီး တစိမ့်စိမ့်ရွာနေတဲ့ မိုးစက်မိုးမှုန်တွေဟာ ကျွန်တော့်မျက်နှာကိုလာစင် ပါတယ်။



## အခန်း (၁၉)

ဖေဖေနဲ့မေမေ၊ ညီမလေးတို့ဟာ ကျွန်တော်ထမင်းစားခန်းထဲ ဝင်လာတာကို မသိမသာ အကဲခတ်နေကြပါတယ်။

သူတို့ကလည်း ဘာမှမပြောသလို ကျွန်တော်ကလည်း ဘာမှ ပြန်မပြောမိပါဘူး။ ပြီးတော့ ရေချိုးခန်းဝင်ပြီး ကျွန်တော် မျက်နှာသစ်သွားတိုက်လုပ်တယ်။ နံနက် ရှစ်နာရီခွဲနေလေပြီ။ နောက်ထပ် နာရီဝက်ဆိုလျှင် မမ လေယာဉ်ထွက်တော့မယ်။

ကျွန်တော် ရှုတ်ဆက်လိုက်ပါတယ် မမရယ်။ ကျွန်တော် ရေချိုးနေတုန်းမှာ မျက်ရည်တွေက စီးကျလာတယ်။

ဘယ်လောက်ထူးဆန်းပါသလဲ။ မျက်ရည်တွေဟာ ရေနဲ့ ရောပြီး ကျွန်တော့် တစ်ကိုယ်လုံးပေါ် စီးကျသွားတယ်။ ကျွန်တော် ဟာ မျက်ရည်နဲ့ရေချိုးမိနေပြီ။

မောင်မောင်နဲ့မမဇာတ်လမ်းဟာ စတောင်မစလိုက်ရဘဲ ပြီး သွားခဲ့ပါပြီ။ ကျွန်တော့်ဇာတ်လမ်းမှာ မင်းသားရှိပါလျက်၊ မင်းသမီး ရှိပါလျက် မကလိုက်ရတဲ့ဇာတ်လမ်းဖြစ်ပါတယ်။ ကျွန်တော့် ဇာတ် လမ်းမှာ လူကြမ်းမရှိပါ။ ဒါနဲ့တောင်မှ . . .။

တော် ဝင် မြို့ မ စား အလှုပ် ထိုက်

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးတဲ့အခါ အဝတ်အစားလဲတယ်။ မေမေ ပြင်ကျွေးတဲ့မနက်စာကို စားနေတုန်းမှာပဲ မနက်ကိုးနာရီထိုးတယ်။ ရင်ဘတ်တစ်ခုလုံးဟာသွားပါတယ်။ ကျွန်တော် ထမင်းစားပွဲက ထလိုက်တယ်။

"ဘယ်သွားမလို့လဲ သား . ."

"ဝင်းလွင်မောင်တို့ အကြော်ဆိုင်ကို မေမေ . . ."

အိမ်အပြင်ဘက်တံခါးနားမှာ ထောင်ထားတဲ့ ကျွန်တော့်ရဲ့ ပြိုင်စက်ဘီးလေးပေါ်ကို တက်ခွပြီး ဝင်းလွင်မောင်ရဲ့ဆိုင်ကို ထွက်လာခဲ့တယ်။

ကျွန်တော့်ကိုယ်လုံးပေါ်ကို မိုးဖွဲလေးတွေ ကျလာတယ်။ ခဏနေတော့ အကြော်ဆိုင်ကို ကျွန်တော်ရောက်သွားပါတယ်။

"ဟော . . သား . . လာ . ."

"ဝင်းလွင်ရော . . အမေ . ."

"အိမ်ခဏပြန်သွားတယ် . . ပြန်လာလိမ့်မယ် . . လာ . . အကြော်လာစားဦး"

အကြော်ဗန်းထဲမှာ အကြော်တွေ အစုံရှိပါတယ်။ ကျွန်တော်လည်း ကြက်သွန်ကြော်တစ်ခုကို ကောက်ဝါးလိုက်တယ်။

ဟာ . . ပူလိုက်တာဗျာ။ ဝင်းလွင်ရဲ့ အမေဟာ ကျွန်တော့်ကို မန္တလေးပဲကြော်ကအေးနေပြီ . . အဲဒါ စားလို့ လှမ်းပြောတယ် . . ပြီးတော့ . . အကြော်ကြော်နေရာက ထရပ်ပြီး . .

"ဪ . . သားရောက်လာတာနဲ့ အတော်ပဲ . . အမေ အိမ်ခဏပြန်လိုက်ဦးမယ် . . သား ဆိုင်စောင့်ပေးထားနော် . . ."

"ဟုတ်ကဲ့ အမေ . . စိတ်ချ . . ကျွန်တော် အကြော်တွေပါ ဆက်ကြော်ထားလိုက်မယ် . . ."

"အေး . . အေး . . အမေ သွားမယ်"





ဒေါ်မိမိက မိုးရွာထဲကို ထီးကလေးဆောင်းပြီး လှုပ်စိ လှုပ်စိနဲ့ထွက်သွားပါတယ်။ ကျွန်တော်လည်း ဒေါ်မိမိကြော်လက်စ အကြော်တွေကို ဆက်ကြော်နေမိပါတယ်။

အကြော်တွေကို ဆီပူအိုးထဲထည့်လိုက်တဲ့အခါ ဒယ်အိုးအောက်ခြေအထိ မြုပ်သွားပြီး အပေါ်ကို အမြှုပ်တွေတဖွားဖွားနဲ့ ပြန်ပေါ်လာတယ်။ စိတ်ဝင်စားစရာပဲ။

အကြော်တွေ ဆယ်ခုလောက် ဆက်တိုက်ကြော်နေတုန်းမှာပဲ အကြော်ဆိုင်ရှေ့က အသံတစ်သံကြားလိုက်ရပါတယ်။

"အကြော်ရပြီလား ဟင် . . ."

မိန်းကလေးအသံ။ ဟာ . . မဟုတ်ဘူး . . ဒါ မမအသံ . . ဟာ . . မဖြစ်နိုင်ပါဘူး။ ဒီအချိန်ဆို မမ မြန်မာပြည်မှာမရှိတော့ဘူး . .။ ကျွန်တော် စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်။

"အကြော်ရပြီလားလို့ မေးနေတယ်လေ"

ရင်ခုန်သံရပ်သွားပါသလား . . ဒါမှမဟုတ် နှလုံးခုန်တာများ ရပ်သွားပါသလား။ ကျွန်တော် ဆိုင်အပြင်ကို လှည့်ကြည့်လိုက်တော့ မိုးစက်မိုးမှုန်တွေအောက်မှာရပ်နေတဲ့ မမကို တွေ့လိုက်ရပါတယ်။

ကျွန်တော် ရုတ်တရက် ခုန်ထလိုက်မိပြီး ဘယ်လိုကဘယ်လို ကျော်ခွပြီး မမဆီ ရောက်သွားမိတယ် မသိပါဘူး။

"မမ . . ."

"ဟင် . . ."

"ညက မမ ကျွန်တော့်ဆီဖုန်းဆက်တော့ ဘာမှမပြောဘာဖြစ်လို့လဲ ဟင်"

"ဘယ်လိုမှ စကားပြောမထွက်ဘူး . . ဒါကြောင့် . . ."

"ဪ . . ."



www.burmeseclassic.com

www.burmeseclassic.com



"မမလေ . . မင်းကိုမေ့ပြီး ဟိုကိုလိုက်သွားဖို့ ကြိုးစားသေးတယ် . . ဒါပေမယ့် ဘယ်လိုမှ မေ့လို့မရဘူး . ."

"အဲဒါ ဘာဖြစ်လို့လဲဟင် . ."

"ဘာဖြစ်လို့လဲ ဟုတ်လား . . အင်း . . မမလည်း မသိဘူး"

"မသိလို့ မရဘူး . . အဲဒါ ကျွန်တော့်ကို မမချစ်လို့ပဲ . ."

"သူ့ဘာသာသူ . . ကိုယ့်ဘက်ကိုယ်ယက်ပြီး အဖြေထုတ်တဲ့နေရာမှာတော့ မင်းကို ဘယ်သူမှ မီမှာမဟုတ်ဘူး . ."

"မမ . . ကျွန်တော့်အိမ်ကိုလိုက်ခဲ့ . . ဖေဖေ၊ မေမေတို့နဲ့ မိတ်ဆက်ပေးမယ် . ."

"ဟယ် . . ကောင်းမလား . . ရည်းစားတောင် မဖြစ်သေးဘူး . ."

"ရည်းစားဖြစ်နေပြီလေ မမရဲ့ . . မမ တစ်ကိုယ်လုံး ကျွန်တော့်ရင်ခွင်ထဲ ရောက်နေပြီပဲ ဥစ္စာ . . ."

"ဟင့်အင်းကွာ . . ဒီမှာ အဝတ်တွေကလည်း စိုနေတယ် . . နောက်မှလိုက်ခဲ့မယ်"

ထိုအခိုက်မှာပင် ဒေါ်မိမိနဲ့ဝင်းလွင်မောင်က ပြန်ရောက်လာတယ်။

"ဟေ့ကောင် ဝင်းလွင် . . ငါနောက်မှ အကြောင်းစုံ ရှင်းပြမယ် . . ဟိုကောင်တွေဆီလည်း သတင်းပို့လိုက် . . ငါ အဆင်ပြေသွားပြီလို့ . . . ကြားလား . . . အမေ . . . ကျွန်တော် နောက်မှလာခဲ့မယ် . . ."

ကျွန်တော် မမလက်ကိုဆွဲပြီး မိုးဖွဲလေးအောက်ကို ပြေးထွက်ခဲ့တယ်။ အဲဒီတုန်းမှာပဲ ကျွန်တော်တို့ဘေးက တက္ကစီတစ်စီးက ဖြတ်မောင်းသွားလို့ ကျွန်တော် လှမ်းတားလိုက်မိတယ်။

"ဘယ်သွားမှာလဲ . . .





"ဦးလေး . . မောင်းချင်တဲ့နေရာကို လျှောက်မောင်း . . သာ မမ . . ကားပေါ်တက် . . တော်ကြာ အအေးထပ်မိနေဦးမယ်"

ကားဆရာဦးလေးကြီးက ကြောင်တက်တက်နဲ့ ကားကို မောင်းပါတယ်။ ကျွန်တော်နဲ့မမ ပူးကပ်ပြီး ထိုင်နေမိတယ်။

"ဒီနေ့ ဘာနေ့လဲ သိလား . ."

"အင်း . . သိတယ် . . တနင်္ဂနွေနေ့"

"တနင်္ဂနွေနေ့တော့ သိတာပေါ့"

"သိပြီ . . ဒီနေ့ ကျွန်တော့်မွေးနေ့"

"အင်း . . မင်းရဲ့မွေးနေ့မှာလည်း မမ မွေးနေ့တုန်းက မင်းပေးတဲ့လက်ဆောင်မျိုး မမ အခု ပြန်ပေးလိုက်ပြီနော် . . ."

ကျွန်တော် နားမလည်လိုက်ပါ။ ဘာကို ဆိုလိုလိုက်တာလဲ။ ပြန်စဉ်းစားကြည့်လိုက်တော့ မမမွေးနေ့မှာတုန်းက မမကို ကျွန်တော် ချစ်တယ်လို့ ပြောခဲ့တယ်။

ဒီလိုဆိုရင် ဒီနေ့ ကျွန်တော့်မွေးနေ့မှာလည်း မမက ကျွန်တော့်ကို ချစ်တယ်လို့ ပြန်ပြောလိုက်တာပဲပေါ့။

"ကျွန်တော် လုံးဝဥဿုံ နားလည်သွားပြီ မမ . . ကျွန်တော် ခမ်းသာလိုက်တာ မမရယ် . . ."

စိတ်ထဲမှာ မချင့်မရဲနဲ့ . . . အဲဒီ့ကနေ ကြိတ်မနိုင်ခဲမရဖြစ်လာပြီး မမရဲ့ပါးပြင်နုနုကို မွှေးကြူတော့မယ်အလုပ်မှာ မမက ကျွန်တော့် ရင်ကိုတွန်းပြီး ကားဒရိုင်ဘာဘက် မေးဆတ်ပြတယ်။

အဲဒီ့တော့မှ နောက်ကြည့်မှန်ကနေ ကျွန်တော့်ကိုပြုံးဖြီးဖြီးကြီး ကြည့်နေတဲ့ ကားဆရာကြီးကို တွေ့လိုက်ရပါတယ်။

"အင်း . . . ကောင်းတယ် . . . ကောင်းတယ် . . . ဦးလေးလည်း ကားကို ခြေဦးတည့်ရာ လျှောက်မောင်းပေးမယ် . . . မင်းတို့လည်း အဆင်ပြေ . . ဦးလေးလည်း အဆင်ပြေပေါ့ကွာ . . ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

# ကိုငြိမ်းဦး

မမကရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော့်ရဲ့လက်ကို ဆိတ်ပါတယ်။ ကျွန်တော်က မမရဲ့နဖူးမှာကပ်နေတဲ့ ဆံနွယ်ဆံစလေးတွေကို လက်နဲ့အသာလေး ကိုင်လိုက်မိတယ်။

မမကပြုံးပြီး ကျွန်တော့်ဘက် လှည့်လာတယ်။ ရွှန်းမြနေတဲ့ မမရဲ့မျက်လုံးလေးတွေနဲ့ ကျွန်တော်အကြည့်ချင်းဆုံမိပါတယ်။

အဲဒီ့အချိန်မှာ ရှေ့ကကားဆရာကြီးကိုလည်း ကျွန်တော်သတိမရဘူး။ အိမ်ကိုလည်း သတိမရဘူး။ ဘာဆိုဘာမှ သတိမရဘူး။

ကျွန်တော့်အမြင်အာရုံထဲမှာ မမပဲရှိပါတော့တယ်။

ပြီးတော့ ကျွန်တော့်နှလုံးသားထဲမှာ မမပဲရှိနေပါတော့တယ်။

BURMESE CLASSIC

အစဉ်ကြိုးစားလျက်
ကိုငြိမ်းဦး

www.burmeseclassic.com